# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ရာဂသည် ဖောက်ဝင်နိုင်၏**

အိမ်ကို မကောင်းသဖြင့် မိုးအပ်သည်ရှိသော် မိုးရေသည် ဖောက်ဝင်နိုင်သကဲ့သို့ စိတ်ကို (သမထ၊ ဝိပဿနာတို့ဖြင့်) ကောင်းစွာ မပွားထုံအပ်သည်ရှိသော် ရာဂသည် ဖောက်ဝင်နိုင်၏။

ယမကဝဂ်(ဓမ္မပဒ-၁၃)


၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၄ ရက် | ၂၀၂၁ ခုနှစ်၊ ဇွန် ၁၃ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၀)၊ အမှတ် (၂၅၃)


# ဒေသဝမ်းစာဖူလုံရေးမှသည် လူမှုစီးပွားဖွံ့ဖြိုးရေးဆီသို့ ဦးတည်မည်



မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်ရှိ မင်းရွာရေတင်မှ စိုက်ပျိုးရေပေးဝေနေမှုကို တွေ့ရစဉ်။

နွေကာလ ရေဝတီမြစ်ရေ နည်းချိန်ပင် ဖြစ်သော်လည်း တောင်သူများ သီးနှံစိုက်ပျိုးနိုင်ရန် ရေစုပ်စက်များဖြင့် စုပ်တင်၍ စိုက်ပျိုးရေပေးဝေသော လုပ်ငန်းကို တာဝန်ကျေစွာ လုပ်ဆောင်လျက်ရှိသည်။ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကမ်းနီ ကျေးရွာတွင် ဖြစ်သည်။

အဆိုပါ ကမ်းနီလျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ၁၉၇၈-၇၉ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၈၃-၈၄ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ ထို့နောက် စီမံကိန်းကို ပြင်သစ်ဖွံ့ဖြိုးရေးအေဂျင်စီ (AFD) အထောက်အပံ့ ယူရိုငွေ ၁ ဒသမ ၅ သန်းဖြင့် ပြန်လည် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၁၆-၁၇ ခုနှစ်တွင် စတင်ခဲ့ပြီး ၂၀၁၈-၁၉ ခုနှစ်တွင် ပြီးစီးခဲ့သည်။

**မြစ်ရေတင်၍ စိုက်ပျိုး**

ကမ်းနီ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ရေအသုံးချသူများအဖွဲ့ ဥက္ကဋ္ဌ ဦးလှအောင်က "တောင်သူလုပ်တာ နှစ် ၃၀ လောက်ရှိပါပြီ။

*စာမျက်နှာ ၂၂ ကော်လံ ၁* ❍

## COVID-19 ရောဂါကုသရေးဌာန(ဖောင်ကြီး)တွင် တာဝန်လဲလှယ်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ (၁၈)ကြိမ်မြောက် ထွက်ခွာ

နေပြည်တော် ဇွန် ၁၂

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ကုသရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ ကုသရေးဆေးရုံများ၌ ကျန်းမာရေးဝန်ထမ်းများ မလုံလောက်မှုကြောင့် ထပ်မံဖွင့်လှစ်ထားရှိသည့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် COVID-19 ရောဂါကုသရေးဌာန(ဖောင်ကြီး)တွင် တပ်မတော်မှ ပါဝင်ကူညီဆောင်ရွက်ရန်အတွက် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သောအဖွဲ့က သွားရောက်တာဝန်ထမ်းဆောင်လျက်ရှိသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❒

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် ဇွန် ၁၂

ယနေ့ ညနေ ၅ နာရီခွဲအချိန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေနှင့် အနောက်ဘင်္ဂလားကမ်းခြေတို့အနီးတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။ မိုး/ဇလ

## သီရိလင်္ကာနိုင်ငံတွင် ဇွန် ၂၁ ရက်အထိ တစ်နိုင်ငံလုံးအနှံ့ ခရီးသွားလာမှု ကန့်သတ်ခြင်းကို တိုးချဲ့သွားမည်



နိုင်ငံတကာသတင်း စာ ၁၃

## ဘဏ္ဍာရေး အကျပ်အတည်းများကြားတွင် ဆေးဝါးပြတ်တောက်မှုနှင့်ပါ ရင်ဆိုင်လာရသည့် လက်ဘနွန်နိုင်ငံ



နိုင်ငံတကာသတင်း စာ ၁၄

# တစ်စက်ကယ်မျှ မသောက်ရအောင်

လူတို့၏ ကျန်းမာရေးကို ဆိုးဆိုးရွားရွား ထိခိုက်စေသည့် အရာများတွင် အရက်သည်လည်း ထိပ်ဆုံး၌ပါဝင်သည်။ အရက်သောက်သုံးမှု ပမာဏနည်းခြင်း၊ များခြင်းဆိုသည်ထက် အရက်ကိုစ၍ သောက်လိုက်သည်နှင့်တစ်ပြိုင်နက် ခန္ဓာကိုယ်တွင် ထိခိုက်မှုစတင်ဖြစ်ပေါ်သည်ဟုလည်း ဆိုကြသည်။ အရက်က လူတို့၏ ကျန်းမာရေးကို မည်သို့ထိခိုက်စေသည်ဖြစ်စေ၊ ဘာသာတရားတို့အရလည်း မည်သို့တားမြစ်ထားသည်ဖြစ်စေ အရက်သောက်သူပမာဏမှာ နှစ်စဉ်တိုး၍ တိုး၍ လာနေသည်ဟုလည်း သိရသည်။

အရက်သောက်သူဦးရေ တိုးပွားလာသည်နှင့်အမျှ အရက်ကြောင့် သေဆုံးရသူ အရေအတွက်မှာလည်း လွန်ခဲ့သည့် နှစ် ၂၀ ကျော်ခန့်မှ စတင်ကာ နှစ်ဆမြင့်တက်လာခဲ့ရာ သေဆုံးသူများတွင် ဆယ်ကျော်သက်များ၊ အသက် ၂၀ ကျော် ၃၅ နှစ်အောက် လူငယ်များ အများအပြား ပါဝင်နေသည်ဟုလည်း ဆိုသည်။ ထို့အပြင် လွန်ခဲ့သည့် သုံးလေးနှစ်ကာလအတွင်း အရက်အလွန်အကျွံ သောက်သုံးသူ အမျိုးသမီးဦးရေသည်လည်း သိသိသာသာ မြင့်တက်လာသည်ဟု သိရသည်။ ရိုးရာဓလေ့အရ ခေါင်ရည်သောက်သုံးခဲ့ကြသည့် ပြည်နယ်အချို့တွင်လည်း အရက်စွဲလမ်းမှုပြဿနာကို အာရုံစိုက်သင့်ကြောင်း ကျန်းမာရေးသုတေသီတို့က ထောက်ပြထားကြသည်။

မြို့ပြဒေသများတွင် KTV ၊ နိုက်ကလပ်များ၊ စားသောက်ဆိုင်များ အများအပြားဖွင့်လှစ်လျက်ရှိကြရာ အရက်သောက်ခြင်းကို လူနေမှုဘဝပုံစံတစ်ခုအဖြစ် လူငယ်အမျိုးသား အမျိုးသမီးများအကြား ပိုမိုကျင့်သုံးလာနေကြခြင်းကလည်း အရက်စွဲပြဿနာနှင့် အရက်နှင့်ဆက်နွယ်သည့် ကျန်းမာရေးပြဿနာများကို ပိုမိုမြင့်တက်စေလျက်ရှိသည်ဟု ယူဆမိသည်။ ယင်းသို့သော နေရာများတွင် အရက်သေစာ သောက်စားကြရာတွင် ဆေးလိပ်၊ အီး-စီးကရက် (vape) ၊ ရှိရှား၊ ရေပြောင်း၊ စိတ်ကြွဆေးနှင့် အခြားမူးယစ်ဆေးဝါးတို့ကိုပါ တစ်ဆက်တည်း သုံးစွဲလေ့ရှိကြခြင်းကြောင့်လည်း ကျန်းမာရေးကိုပို၍ ထိခိုက်စေသည်။

မြန်မာနိုင်ငံတွင် အရက်သောက်သူအများစုမှာ အခြေခံလူတန်းစားများဖြစ်ကြပြီး အရေအတွက် အများဆုံးဖြစ်သည်။ ၎င်းတို့၏ ဝင်ငွေအခြေအနေအရ ဈေးပေါပြီး ဘေးထွက်ဆိုးကျိုးများသည့် အရက်ဖြူကို အများစုက သောက်သုံးနေကြသည်ဟု ဆိုသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ပူးပေါင်းပြုလုပ်သည့် သုတေသနတစ်ရပ်တွင် အသက် ၁၅ နှစ်အထက် အရက်သောက်သူ လူ ၅၀၀၀ ခန့်ကို စစ်တမ်းထုတ်ခဲ့ရာ အရက်ဖြူသောက်သူက ၄၅ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းကြား၊ ဝီစကီသောက်သူက ၁၀ ရာခိုင်နှုန်းအောက်၊ ဘီယာသောက်သူ ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းနှင့် ရိုးရာခေါင်ရည်သောက်သူ ၁၀ ရာခိုင်နှုန်းနီးပါး ရှိသည်ဟူသော ရလဒ်ထွက်ပေါ်လာသည်။

အရက်သောက်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရောဂါများတွင် အသည်းခြောက်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းရောင်ခြင်း၊ အသည်းတွင် အနာဖြစ်ခြင်းမှသည် အသည်းကင်ဆာအထိ ဖြစ်ပေါ်နိုင်သည်။ ထို့အပြင် ခန္ဓာကိုယ်၏ အစာခြေစနစ်၊ အာရုံကြောစနစ်၊ မျိုးပွားစနစ်တို့ကို ထိခိုက်စေနိုင်သလို နှလုံး၊ အရိုးတို့၏ ကျန်းမာရေးကိုလည်း ထိခိုက်စေသည်။ အရက်နှင့် ဆက်နွယ်သည့် ရောဂါအမျိုးပေါင်း ၆၀ ကျော်ရှိပြီး မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် အရက်သောက်ခြင်းကြောင့် နှစ်စဉ်လူဦးရေ ၃ ဒသမ ၃ သန်းကျော် သေဆုံးနေသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည်။

အရက်ကြောင့် ကိုယ်ရော စိတ်ပါ ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ လူမှုရေးနှင့် စီးပွားရေးတို့ကိုလည်း ထိခိုက်စေသည်။ အရက်သည် လူ့အဖွဲ့အစည်းအတွက် ဆိုးကျိုးကိုသာ အများစုဖြစ်ပေါ်စေခြင်းကြောင့် ဘာသာတရားများက ရှောင်ကြဉ်ရန် တားမြစ်ထားခဲ့ခြင်းဖြစ်ရာ ဆယ်ကျော်သက်ဘဝတွင် အရက်ကို စမ်းသပ်သောက်သုံးသူများနှင့် နှစ်ရှည်လများ အရက်စွဲနေသူများအပါအဝင် အမျိုးကောင်းသားသမီး လူငယ်လူရွယ် လူကြီးတို့အားလုံး ကျန်းမာရေးဖျက်၊ စီးပွားပျက်သည့် သေအရက်ကို တစ်စက်ကယ်မျှ မသောက်ရအောင် ရှောင်ကြဉ်နိုင်ကြပါစေကြောင်း။ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပါဠိပထမပြန်စာမေးပွဲ ဆဋ္ဌမနေ့ကျင်းပ

နေပြည်တော် ဇွန် ၁၂

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပပြုလုပ်သော ၂၀၂၂ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်) ဆဋ္ဌမနေ့ကို ဇွန် ၁၂ ရက်၌ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၄၁ ဌာနတို့တွင် စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၁၇၃၈၈ ပါးအနက် ၁၀၄၃၀ ပါး ဖြေဆိုကြသဖြင့် ၅၉ ဒသမ ၉၈ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန
၁၃၈၃ ခုနှစ် (၂၀၂၂ ခုနှစ်)၊ ပါဠိပထမပြန်စာမေးပွဲ
နေ့ရက်အလိုက် ဖြေဆိုမှုအခြေအနေ

ရက်စွဲ၊ ၁၂-၆-၂၀၂၂

| စဉ် | အကြောင်းအရာ | စာရင်းသွင်း | ဖြေဆို | ပျက်ကွက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | ပထမကြီး | ၈၀၄၉ | ၄၉၀၄ | ၃၁၄၅ | ၆၁.၉၃ |
| ၂။ | ပထမလတ် | ၉၃၃၉ | ၅၅၂၆ | ၃၈၁၃ | ၅၉.၁၇ |
| စုစုပေါင်း | | ၁၇၃၈၈ | ၁၀၄၃၀ | ၆၉၅၈ | ၅၉.၉၈ |

## ဘူးသီးတောင်မြို့၌ ရေစီးရေလာကောင်းမွန်ရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ဘူးသီးတောင် ဇွန် ၁၂

ဘူးသီးတောင်မြို့၌ မြို့ပေါ်ရပ်ကွက်များတွင် ရေစီးရေလာကောင်းမွန်ရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်သူ ရပ်ကွက်သားများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။



ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျန်အေးနှင့် အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ပေးကြပြီး မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့မှ မြို့ပေါ်အမှတ်(၆) ရပ်ကွက်နှင့် အမှတ်(၇) ရပ်ကွက်ကြား ရေမြောင်းများအား တူးဖော်ရှင်းလင်းပေးကြသည်။ ထို့အပြင် ရေစီးရေလာ ကောင်းမွန်ရေးအတွက် အမှိုက်များရှင်းလင်းခြင်း၊ ချုံနွယ်၊ ပေါင်းမြက်များ ရှင်းလင်းခြင်းများကိုလည်း စုပေါင်း ဆောင်ရွက်ခဲ့ကြသည်။

ဘူးသီးတောင်မြို့နယ်တွင် ဇွန် ၃ ရက်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် မြို့ပေါ်ရပ်ကွက်အချို့လူနေအိမ်များတွင် ရေများဝင်ရောက်ပြီး ရေမြောင်းများပိတ်ဆို့ခြင်း၊ ရေထွက်ပေါက်များတွင် အမှိုက်များ ပိတ်ဆို့ရာ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ရပ်ကွက်သူ ရပ်ကွက်သားများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြခြင်းဖြစ်သည်။ ထို့အပြင် မြို့ပေါ်ရပ်ကွက်များ သန့်ရှင်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းဖြစ်ရာ အပတ်စဉ်စနေနေ့တိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၁၂

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# ပြည်သူ့လုံခြုံရေးစနစ်

မိမိတို့တာဝန်ယူပြီးနောက်ပိုင်း နိုင်ငံရေးအရ ဆန္ဒပြမှုများရှိလာကြောင်း၊ တာဝန်ယူရသည့်အခြေအနေအား အကြိမ်ကြိမ် ရှင်းလင်းပြောကြားထားသော်လည်း နားလည်သဘောပေါက်သူများရှိသကဲ့သို့ နားမလည်သူများလည်းရှိကြောင်း၊ ယခုအခါ ဆူပူသောင်းကျန်းမှုများမှတစ်ဆင့် အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်လာကြောင်း၊ လက်နက်ကိုင်သောင်းကျန်းသူများ၏ နယ်မြေများအတွင်း ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများ တက်ရောက်ခြင်း၊ မတရားအသင်းအဖြစ်ကြေညာထားသည့် CRPH ၊ NUG ၊ PDF များဖွဲ့စည်း၍ အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ပြီး ဖျက်ဆီးရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိလာကြကြောင်း၊ ပြည်သူများ လုံခြုံရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အဖွဲ့အစည်းများပူးပေါင်း၍ ပြည်သူ့လုံခြုံရေးစနစ်ဖြင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၄-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

## ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၁၂**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များနှင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

**ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တစ်ရပ် ဖြစ်ပေါ်လာစေရေး**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူလျင်မြန် အဆင်ပြေချောမွေ့စေရေး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်စေရေး၊ ခွင့်ပြုပြီးလုပ်ငန်းများကိုလည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရေး၊ နိုင်ငံသားကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် အထောက်အကူပြုစေမည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တစ်ရပ် ဖြစ်ပေါ်လာစေရေးကိစ္စများကို ဆွေးနွေးပြောကြားသည်။

**ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး**

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်လင်းက တိုင်းဒေသကြီးအတွင်းရှိ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် ဆောင်ရွက်သွားမည့် ကိစ္စများကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။

**အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ သွားရောက်၍ ရုံးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ထမ်းများနှင့် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံကာ အခက်အခဲများကိုဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**ညှိနှိုင်းပေါင်းစပ်ဖြေရှင်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မုံရွာစက်မှုဇုန်အတွင်းရှိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်လျက်ရှိသော NCY International Co.,Ltd ၏ ဆန်နှင့် သီးနှံကြိတ်ခွဲရေးသုံး စက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ရာ ကုမ္ပဏီ၏ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် လက်ရှိဖြစ်ပေါ်နေသော အခက်အခဲများကို ရှင်းလင်းတင်ပြခဲ့ရာ



ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေးသည်။ **(အပေါ်ပုံ)**

**ကူညီဆောင်ရွက်ပေးခဲ့**

မုံရွာမြို့တွင်ရှိနေစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များကို သီးခြားစီတွေ့ဆုံ၍ လုပ်ငန်းရှင်များက တင်ပြသည့် အခက်အခဲများကို ညှိနှိုင်းဖြေရှင်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ မတ္တရာ မြို့နယ်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံနှင့် ရွှေညောင်ဖူးတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များ၏ အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များအားစေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# လားရှိုးမြို့ လူထုအခြေပြုဗဟိုဌာန ဖွင့်လှစ်

**လားရှိုး ဇွန် ၁၂**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီတို့၏ စီစဉ်မှုဖြင့် လားရှိုးမြို့တွင် တည်ဆောက်ပြီးစီးခဲ့သည့် လူထုအခြေပြုဗဟိုဌာန (Community Centre) အဆောက်အအုံသစ် ဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်၊ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ ကျော်ထွန်းနှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် နိုင်နိုင်ဦးတို့က လူထုအခြေပြုဗဟိုဌာနအဆောက်အအုံကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး(ဝဲပုံ) အများပြည်သူ အသုံးပြုနိုင်ရန် စီစဉ်ပေးထားသည့် ပြခန်း၊ ကွန်ပျူတာ သင်တန်းခန်းမ၊ ကလေးစာဖတ်ခန်း၊ စာကြည့်တိုက်၊ အားကစားခန်းမ၊ ဘက်စုံသုံးခန်းမ၊ အစည်းအဝေးခန်းမနှင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်တို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ် ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် လူငယ်များ အသိပညာဆည်းပူးရေး၊ အမှားအမှန် ပိုင်းခြားသိမြင် ခွဲခြားနိုင်ရေး ဆောင်ရွက်ကြရန်နှင့် အသိပညာဆည်းပူးရန် **လားရှိုးမြို့တွင် ပြည်သူများ အသိပညာဗဟုသုတ ရှာဖွေလေ့လာဆောင်ရွက်နိုင်ရန် အတွက် လူထုအခြေပြုဗဟိုဌာန အဆောက်အအုံကြီး ဖွင့်လှစ်ပေးထားပြီးဖြစ်သည့်အတွက်** လေ့လာဆည်းပူး၍ ဒေသအကျိုး၊ နိုင်ငံတော်အကျိုးကို သယ်ပိုးဆောင်ရွက်ပေးကြပါရန် မှာကြားသည်။

ထို့နောက် ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



❒ *ရွှေဖုံးမှ*

အဆိုပါ လှည်းကူးမြို့နယ် COVID-19 ရောဂါကုသရေးဌာန (ဖောင်ကြီး)တွင် (၁၇)ကြိမ်မြောက်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် ပါရဂူများ၊ ဆေးမှူးဆရာဝန်များ ပါဝင်သော ၃၇ ဦးနှင့် လဲလှယ်ထမ်းဆောင်ရန် (၁၈)ကြိမ်မြောက် သွားရောက်တာဝန်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအား ယနေ့ နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးတက္ကသိုလ်ရှိ Theater ခန်းမ၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ အမှာစကား ပြောကြားသည်။

ထို့နောက် တာဝန်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များကိုယ်စား အဖွဲ့ဝင်တစ်ဦးက သွားရောက်ရသည့် ရည်ရွယ်ချက်နှင့် ဆောင်ရွက်ရမည့် အခြေအနေများအား ရှင်းလင်းတင်ပြကာ တိုင်းမှူးက တာဝန်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

အဆိုပါတာဝန်ထမ်းဆောင်မည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၌ မေ့ဆေးပါရဂူ သုံးဦး၊ ရောဂါဗေဒပါရဂူ နှစ်ဦး၊ ခွဲစိတ်ပါရဂူ နှစ်ဦး၊ ဓာတ်မှန်ပါရဂူ တစ်ဦး၊ ဆေးကုသမှုပါရဂူ ခုနစ်ဦး၊ ဆေးမှူးဆရာဝန် ငါးဦး၊ သူနာပြုအရာရှိ ကိုးဦး၊ အထက်တန်းသူနာပြု ငါးဦး၊ ဓာတ်ခွဲ ကျွမ်းကျင် နှစ်ဦး၊ ဓာတ်မှန်ကျွမ်းကျင် နှစ်ဦး၊ ဆေးဝါးကျွမ်းကျင် နှစ်ဦး၊ စုစုပေါင်း ၄၀ ပါဝင်ကာ ၎င်းတို့သည် ရောဂါဝေဒနာခံစားနေရသော ပြည်သူများကို ကာကွယ်ကုသရန် ကိုယ်တိုင်ဆန္ဒပြုခဲ့ကြခြင်းဖြစ်ပြီး ယနေ့နံနက်ပိုင်းတွင် တပ်မတော်ဆေးတက္ကသိုလ်မှ COVID-19 ရောဂါကုသရေးဌာန (ဖောင်ကြီး)သို့ ထွက်ခွာသွားခဲ့ကြောင်း သတင်းရရှိသည်။ (ယာပုံ) **သတင်းစဉ်**

# ကန့်ဘလူမြို့တွင် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ မြို့နယ်ရှိ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေး

**ကန့်ဘလူ ဇွန် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ထူးမောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းထက်နိုင်မြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများနှင့် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၁၂ ရက် နံနက် ၁၀ နာရီက ကန့်ဘလူမြို့ အမှတ်( ၅)ရပ်ကွက် မြန်မာအာရ်ဗီသိပ္ပံကျောင်း၌ ကျင်းပခဲ့သည်။ **(အောက်ဝဲပုံ)**



### ဝိုင်းဝန်းဆောင်ရွက်

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ထူးမောင်က ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်၍ စာသင်ကြားလျက်ရှိသော်လည်း မိမိတို့မြို့နယ်တွင် ကျောင်းအပ်နှံမှုရာခိုင်နှုန်း နည်းပါးလျက်ရှိသည်ကို စိစစ်တွေ့ရှိရကြောင်း၊ သို့ဖြစ်၍ မိမိတို့ရပ်ကွက်၊ ကျေးရွာများရှိ ကျောင်းများတွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး ဝိုင်းဝန်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် နယ်မြေခံတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ဆန်းလင်းနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ဆန်းမြင့်တို့က ဒေသနယ်မြေအတွင်း နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းထက်နိုင်မြင့်က မိမိတို့ရပ်ကွက်၊ ကျေးရွာရှိ စာသင်ကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးနှင့် လုံခြုံရေးတို့အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန်နှင့် မြို့နယ်အတွင်း အခြေခံပညာကျောင်းများအလိုက် ကျောင်းအပ်နှံမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့သည် ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော် သာသနာ့ဗိမာန်တော်၌ ပါဠိပထမပြန်စာမေးပွဲကြီးကြပ်ရေး ဆရာတော်ကြီး ၁၄ ပါးအား ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ စုပေါင်းလှူဒါန်းသည့် ဝတ္ထုငွေ တစ်ပါးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် မိုးပိုနေမည်

နေပြည်တော် ဇွန် ၁၂

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ဆယ့်သုံးပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**နေပြည်တော် ဇွန် ၁၂**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယနေ့နံနက်ပိုင်းက မိတ္ထီလာမြို့နယ် ထမုန်ကန်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ မိတ္ထီလာမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဒေသခံရွာသူရွာသားများကို ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်ပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများကို လိုအပ်သည်များမှာကြားပြီး ရွာသူရွာသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာမြို့ တော်ဝင်နန်းခန်းမ၌ ကျင်းပသည့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာ၊ ညောင်ဦးနှင့် ရမည်းသင်းခရိုင်အတွင်းရှိ မြို့နယ်အသီးသီးမှ ဒေသခံပြည်သူများအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက မိတ္ထီလာ၊ ညောင်ဦးနှင့် ရမည်းသင်းခရိုင်တို့အတွင်း ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သော အိမ်ထောင်စုလူဦးရေစာရင်း ၁၉၄၆ စောင်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၇၀၀ တို့ကို ပေးအပ်ရာ သက်ဆိုင်ရာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက လက်ခံရယူကြပြီး ဒေသခံပြည်သူတစ်ဦးက ပန်းခင်းစီမံချက် ဆောင်ရွက်ပေးမှုနှင့် ပတ်သက်၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားအပြီးတွင် မန္တလေးတိုင်းဒေသကြီးအတွင်း ပန်းခင်းစီမံချက် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို တော်ဝင်နန်းအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ဌာနမှဆောင်ရွက်လျက်ရှိသည့် ပန်းခင်းစီမံချက်နှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး ကျော်ကျော်မင်းနှင့် တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီးအတွင်း ပန်းခင်းစီမံချက် အကောင်အထည်ဖော်ဆောင် ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ ဆက်စပ်ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်နေမှုများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာ၊ ညောင်ဦးနှင့် ရမည်းသင်းခရိုင်အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ထမ်းများနှင့် မိတ္ထီလာခရိုင်အတွင်းရှိ အလုပ်သမားရေးရာဆိုင်ရာ ဝန်ထမ်းများအား တော်ဝင်နန်းခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်မြို့နယ် ဝက်ထီးကန်၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**ပြည် ဇွန် ၁၂**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် အမှတ်(၂)ရဲလေ့ကျင့်ရေးသင်တန်းကျောင်း၌ ယနေ့မွန်းလွဲ ၁၂ နာရီခွဲက ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသား




စိစစ်ရေးကတ်ပြား ပေးအပ်ပွဲကျင်းပရာ အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဦးစီးမှူး၊ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၄) ဦးအောင်မင်းနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

အဆိုပါပေးအပ်ပွဲတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဦးစီးမှူး၊ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်(၄) ဦးအောင်မင်းက ပန်းခင်းစီမံချက်နှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းဆွေးနွေး အမှာစကားပြောကြားပြီး အမှတ်(၂) ရဲလေ့ကျင့်ရေးသင်တန်းကျောင်း(ဝက်ထီးကန်)ရှိ အိမ်ထောင်စုဝင်များအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ပြည်မြို့နယ်ဦးစီးမှူးရုံးက ဆောင်ရွက်ပေးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၃၇ ခုနှင့် အိမ်ထောင်စုလူဦးရေစာရင်း ၉၁ ခုကို တာဝန်ရှိသူများထံ ပေးအပ်သည်။ **(ဓါတ်ပုံ)**

ထို့နောက် ရဲလေ့ကျင့်ရေးသင်တန်းကျောင်းမှ ရဲမှူး(အုပ်ချုပ်) ရဲမှူး ခင်သက်သက်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ပြည်မြို့နယ်ရှိ ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၆၉ အုပ်စုတို့တွင် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးအပ်ခြင်းကို အလားတူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ပြည်မြို့နယ်ဦးစီးမှူးရုံးမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အပူပိုင်း မုန်တိုင်းအဖြစ်သို့ အားကောင်းလာနိုင်

**နေပြည်တော် ဇွန် ၁၂**

ထူးခြားသည့် အခြေအနေမှာ ယနေ့ မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်များအရ ဟိုင်းနန်ကျွန်း (Hainan Isiand) ကို ဖြတ်ကျော်လျက်ရှိသော အပူပိုင်းမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး နောက် ၂၄ နာရီအတွင်း အပူပိုင်းမုန်တိုင်းအဖြစ်သို့ အားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

## ရခိုင်ပြည်နယ် မောင်တောမြို့၌ ပန်းခင်းစီမံချက်ဖြင့် သစ်တုံးနားခွဆုံကျေးရွာမှ (မြို)တိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ထုတ်ပေး

**မောင်တော ဇွန် ၁၂**

ရခိုင်ပြည်နယ် မောင်တောမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ ဝေးလံခေါင်ဖျားသော သစ်တုံးနားခွဆုံကျေးရွာအုပ်စုရှိ ကျေးရွာများမှ (မြို)တိုင်းရင်းသားများအား ဇွန် ၁၁ ရက် နံနက် ၉ နာရီခွဲခန့်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အဆိုပါရုံး၌ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မောင်တောမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးကျော်ရှိန် ဦးဆောင်၍ ဝန်ထမ်းများက ဝေးလံခေါင်ဖျားသော သစ်တုံးနားခွဆုံကျေးရွာအုပ်စုရှိ ကျေးရွာများ၌နေထိုင်သော (မြို)တိုင်းရင်းသားများ အသက်(၁၀)နှစ်ပြည့် အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ရှစ်ဦး၊ အသက် (၁၈) နှစ် ပြည့် အမျိုးသား ကိုးဦး၊ အမျိုးသမီး ၂၅ ဦး စုစုပေါင်း ၄၉ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြသည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ဇွန် ၁၁ ရက် ညနေပိုင်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံထွန်းအောင်နှင့် တာဝန်ရှိသူများက (မြို) တိုင်းရင်းသားများထံသို့ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြပြီး **(ယာပုံ)** နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များကို ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**သက်လွင်စိုး(ခရိုင်ပြန်/ဆက်)**



# အလိမ္မာ စာမှာရှိသည်

ရေနံ့သာမောင်ကျော်ညွန့်

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

“အလိမ္မာ စာမှာရှိသည်”ဟူ၍ မြန်မာတို့၏ ဆိုရိုးစကားရှိပါသည်။ စာထဲမှာ အလိမ္မာတွေရှိနေသည်ဟု ညွှန်ပြပေးနေသော မြန်မာ့ဆိုရိုးစကား ဖြစ်ပါသည်။

### အလိမ္မာဟူသည်-

“၁၊ ကျွမ်းကျင်တတ်မြောက်ခြင်း။ ၂၊ ယဉ်ကျေးစွာပြုမူဆက်ဆံတတ်ခြင်း။”ဟူ၍ မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုပေးထားပါသည်။ ပညာရပ်တစ်ခုခုကို ကျွမ်းကျင်တတ်မြောက်စေရန်နှင့် ယဉ်ကျေးစွာ ပြုမူဆက်ဆံတတ်စေရန်အတွက် အတတ်ပညာနှင့် အသိပညာတို့ လိုအပ်ပါသည်။ ထိုအတတ်ပညာနှင့် အသိပညာတို့က စာထဲမှာ ရှိနေပါသည်။ စာထဲမှာရှိနေသည့် အတတ်ပညာနှင့် အသိပညာတို့ကို ကိုယ်ပိုင်ဖြစ်အောင် မိမိရရ၊ ပိုင်ပိုင်နိုင်နိုင်ရယူထားကြရမည် ဖြစ်ပါသည်။

အမိအရ၊ အပိုင်အနိုင်ရယူဖို့အတွက် စာတတ်ဖို့လိုပါသည်။ စာတတ်မှ စာဖတ်နိုင်ပေမည်။ စာဖတ်မှသာ စာထဲမှာရှိနေသော အသိပညာနှင့် အတတ်ပညာတည်းဟူသော “အလိမ္မာ”တွေကို တွေ့မြင်ရပေမည်။ တွေ့မြင်ရသည်များကို စုဆောင်း၊ မှတ်သား၊ သိမ်းဆည်းထားရပေမည်။ မမေ့မပျောက်အောင် ဦးနှောက်ဂိုဒေါင်အတွင်းသို့ ထည့်သွင်းသိမ်းဆည်းထားရပေမည်။ ဦးနှောက်ဂိုဒေါင်အတွင်း၌ ရှာဖွေစုဆောင်းသိမ်းဆည်းထားသည်များကို လိုအပ်သလို ထုတ်နုတ် သုံးစွဲနိုင်ပေသည်။ စာထဲမှ ရှာဖွေတွေ့ရှိရသမျှတို့သည် ဘဝလမ်းကြောင်းတစ်လျှောက်အတွက် အထောက်အပံ့ကောင်းများ ဖြစ်ပေသည်။ ဆိုရသော်စာဖတ်ခြင်းသည် ဘဝအတွက် ရတနာသိုက်ကို ရှာဖွေနေခြင်းဖြစ်သည်။ စာဖတ်ခြင်းဖြင့် ဘဝအတွက် ရတနာသိုက်ကို ရှာဖွေတွေ့ရှိနိုင်မည်ဖြစ်ပါသည်။

### သမိုင်းမော်ကွန်းတင်နိုင်

ယနေ့မျက်မှောက်ကာလ၌ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံတကာ အသိုက်အဝန်းအားလုံးသည် “အစဉ်လေ့လာ သင်ယူနေသော လူ့အဖွဲ့အစည်းဖြစ်ပေါ်ရှင်သန်ရေး”၊ “ဘဝတစ်သက်တာသင်ယူရေး” စသဖြင့် တစ်ခဲနက် ကြွေးကြော်လာကြသည်။ ကျွန်ုပ်တို့ မြန်မာလူ့အဖွဲ့အစည်း အနေနှင့်မူကား ယခုမှ ထိုသို့ကြွေးကြော်နေသည် မဟုတ်ပေ။ ယခင် ရှေးနှစ်ပေါင်းများစွာကတည်းက ကြွေးကြော်နေခြင်း ဖြစ်ပါသည်။ မြန်မာလူမျိုးတို့နှင့်အတူ ဒွန်တွဲပူးကပ်ပါလာသော“ပညာလို အိုသည်မရှိ”ဟူ၍ ဆိုထုံးပြုထားသည့် မြန်မာ့ဆိုရိုးစကားသည် ယနေ့ကမ္ဘာတစ်ဝန်းတွင် ကြွေးကြော်နေသည့် “ဘဝတစ်သက်တာ သင်ယူရေး” ဟူသော ကြွေးကြော်သံ၏ ရှေ့ပြေးပင်မဟုတ်ပါလော။

ထို့အတူ အင်းဝခေတ် ရဟန်းစာဆိုရှင်၊ ရှင်မဟာရဋ္ဌသာရ၏“မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို၊ ရှာ၍မပြတ်၊ အိမ်တွင်ဖတ်။” ဆုံးမစာလင်္ကာကလည်း ယနေ့ကမ္ဘာတစ်ဝန်းတွင် ကြွေးကြော်နေသည့် “အစဉ်လေ့လာသင်ယူနေသော လူ့အဖွဲ့အစည်းတည်ဆောက်ရေး” ဟူသော ကြွေးကြော်သံ၏ ရှေ့ပြေးပင် မဟုတ်ပါလော။

ပုဂံခေတ်က ဦးကျည်ပွေ့သည် “ပညာလို အိုသည်မရှိ” ဟူသော မြန်မာ့ဆိုရိုးစကား၏ ထင်ရှားကျန်ရစ်ခဲ့သော သာဓကတစ်ရပ် ဖြစ်ပေသည်။ ထိုနည်းတူ အင်းဝခေတ်က ဝန်ဇင်းဘိုးရာဇာသည် မပြတ်မလပ် စာဖတ်ခြင်း အလေ့အထကြောင့် သာမန်ဆင်းရဲသား လယ်သမားဘဝမှ မင်းတိုင်ပင် ပညာရှိအမတ်ကြီးအဖြစ် ရောက်ရှိလာခဲ့သည်။ စာဖတ်ခြင်းကြောင့် ရရှိလာသော အကျိုးကျေးဇူး၏ ထင်ရှားကျန်ရစ်ခဲ့သော သာဓကတစ်ရပ်ဖြစ်ပေသည်။ စာပေသင်ယူခြင်း၊ စာပေဖတ်မှတ်လေ့လာခြင်း အလေ့အထကြောင့် ရှေးခေတ်မြန်မာလူမျိုးတို့၏ မြန်မာ့လူမှုအဖွဲ့အစည်းသည် မြင့်မားဖွံ့ဖြိုးတိုးတက်ခဲ့ပေသည်။ ထို့ကြောင့် ပထမမြန်မာနိုင်ငံတော်ကြီး၊ ဒုတိယမြန်မာနိုင်ငံတော်ကြီး၊ တတိယမြန်မာနိုင်ငံတော်ကြီးဟူ၍ သမိုင်းမော်ကွန်းတင်နိုင်ခဲ့ပေသည်။

### အညွန့်ချိုးကာ စိတ်ကြိုက်ခြယ်လှယ်

သို့ရာတွင် နယ်ချဲ့ဗြိတိသျှတို့၏ ကြီးနိုင်ငယ်ညှဉ်း၊ နိုင်ထက်စီးနင်း နယ်ချဲ့ခြင်းကြောင့် ကုန်းဘောင်နိဂုံးအဆုံးသတ်ခဲ့ရသည့် ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့အထိ မြန်မာလူမျိုးတို့၏ စာတတ်မြောက်မှုနှုန်းသည် ၈၅ ရာခိုင်နှုန်းအထိ မြင့်မားခဲ့သော်ငြား ဗြိတိသျှနယ်ချဲ့လက်အောက်မှ လွတ်မြောက်ပြီးစကာလတွင် မြန်မာလူမျိုးတို့၏ စာတတ်မြောက်မှုနှုန်းသည် ၃၅ ရာခိုင်နှုန်းအထိ လျော့ကျသွားခဲ့ရပေသည်။ ထိုသို့စာတတ်မြောက်မှုနှုန်း လျော့ကျသွားရခြင်းသည် ကိုလိုနီနယ်ချဲ့အစိုးရက မြန်မာလူမျိုးတို့အတွက် သင်ယူမှုအခွင့်အလမ်းကို အဘက်ဘက်မှ ဖိနှိပ်၊ ချုပ်ချယ်၊ ပိတ်ပင်၊ တားမြစ်ထားသောကြောင့် ဖြစ်ပါသည်။ ဖတ်အား မှတ်အား အလွန်တရာ အားကောင်းပြီးဉာဏ်ရည်ဉာဏ်သွေး၊ ကိုယ်ရည်ကိုယ်သွေးအလွန်တရာ မြင့်မားသော မြန်မာလူမျိုးတို့အား စာတတ်မြောက်မှုနှုန်း အလွန်တရာ လျော့ကျသွားပြီး စာမတတ်သူဦးရေ အလွန်တရာ များပြားလာအောင် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပေသည်။ စာမဖတ်သည့် လူမျိုး ဖြစ်လာစေရန်အတွက် စာမတတ်သည့်လူမျိုးဖြစ်လာစေရန် တမင်တကာ၊ တမင်သက်သက် ချိုးနှိမ်ထားခြင်းဖြစ်ပေသည်။

စာမတတ်၍ စာမဖတ်၊ စာမဖတ်၍ စာထဲမှာရှိသည့် အလိမ္မာတို့ကို မရနိုင်တော့ဘဲ အမှားအမှန်၊ အကောင်းအဆိုးဟူ၍ ကြောင်းကျိုးမြော်မြင်ဆင်ခြင်နိုင်စွမ်း ကင်းမဲ့လာလေတော့၏။ ခြောက်လျှင်ကြောက်၏။ မြှောက်လျှင်မြောက်၏။ သွေးဆွလျှင် သွေးကြွ၏။ ဇာတိမာန်တို့ မှေးမှိန်လာ၏။ မြတ်နိုးလေးစား တန်ဖိုးထားရသည့် မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု အမွေအနှစ်များ၊ ဓလေ့ထုံးတမ်းစဉ်လာများနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ ညှိုးနွမ်းလာ၏။ ဇာတိပုညဂုဏ်မာနတည်းဟူသော မျိုးရိုးဂုဏ်ရှိန် ကိုယ်ခံအားလျော့ပါးလာ၏။ သို့နှင့် ကိုလိုနီနယ်ချဲ့ ဗြိတိသျှတို့က မြန်မာလူမျိုးတို့ကို အညွန့်ချိုးကာ စိတ်ကြိုက်ခြယ်လှယ်စိုးမိုးအုပ်ချုပ်လေတော့၏။ နယ်ချဲ့ဗြိတိသျှတို့က ကျွန်ုပ်တို့ မြန်မာတစ်မျိုးသားလုံးအား ကျွန်သက်တမ်းရှည်စေရန် အကြံအစည်ဖြင့် စာမတတ်သူ များပြားလာအောင် အကွက်ချကာ စီစဉ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။

**❑ ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးသည် နည်းပညာဖွံ့ဖြိုးရေးကို အဓိကထားပြီး ဦးစားပေးဆောင်ရွက်နေကြပေပြီ။ အစဉ်လေ့လာသင်ယူနေသော လူမှုအဖွဲ့အစည်း ဖြစ်ပေါ်ရှင်သန်နေသည့် နိုင်ငံများက နည်းပညာဖွံ့ဖြိုးမှု ခိုင်မာအားကောင်းနေသည်ကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်နေရပေပြီ။ နည်းပညာဖွံ့ဖြိုးမြင့်မားသည်နှင့်အမျှ လူမှုဘဝသည်လည်း တိုးတက်မြင့်မားလျက်ရှိကြပေသည်။ လူမှုဘဝဖွံ့ဖြိုးနေမှုအတွက် နည်းပညာဖွံ့ဖြိုးနေမှုက အဓိကဖြစ်နေသလို နည်းပညာဖွံ့ဖြိုးနေမှုအတွက် အစဉ်လေ့လာသင်ယူနေသော လူမှုအဖွဲ့အစည်း ဖြစ်တည်နေဖို့ကလည်း အခရာဖြစ်နေသည်ကို လေးလေးနက်နက် သတိမူသင့်လှပေသည်**

နယ်ချဲ့ဗြိတိသျှတို့က ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျွန်ုပ်တို့မြန်မာနိုင်ငံအား လွတ်လပ်ရေးကိုရော စာမတတ်သည့် အမွေဆိုးကိုပါ ပေးအပ်ထားရစ်ခဲ့ပါသည်။ ထို့ကြောင့် လွတ်လပ်ရေးရပြီးသည်နှင့် တစ်ပြိုင်နက် နိုင်ငံတော်ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းစဉ်များနှင့်အတူ “စာမတတ်သူ ပပျောက်ရေးလုပ်ငန်းစဉ်” ကိုပါ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ အင်တိုက်အားတိုက် ဆောင်ရွက်ကြရပါသည်။ စာမတတ်သူပပျောက်ရေးလုပ်ငန်းကို တစ်စိုက်မတ်မတ် ဆောင်ရွက်ခဲ့ရာ တစ်နှစ်ထက်တစ်နှစ် စာမတတ်သူဦးရေ လျော့ပါးလာပြီး စာတတ်သူဦးရေ တိုးပွားလာခဲ့ခြေပြီ။

### နည်းဗျူဟာနှစ်ရပ်ဖြင့် အကောင်အထည်ဖော်

ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးသည် နည်းပညာဖွံ့ဖြိုးရေးကို အဓိကထားပြီး ဦးစားပေးဆောင်ရွက်နေကြပေပြီ။ အစဉ်လေ့လာသင်ယူနေသော လူမှုအဖွဲ့အစည်း ဖြစ်ပေါ်ရှင်သန်နေသည့် နိုင်ငံများက နည်းပညာဖွံ့ဖြိုးမှု ခိုင်မာအားကောင်းနေသည်ကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်နေရပေပြီ။ နည်းပညာဖွံ့ဖြိုးမြင့်မားသည်နှင့်အမျှ လူမှုဘဝသည်လည်း တိုးတက်မြင့်မားလျက်ရှိကြပေသည်။ လူမှုဘဝဖွံ့ဖြိုးနေမှုအတွက် နည်းပညာဖွံ့ဖြိုးနေမှုက အဓိကဖြစ်နေသလို နည်းပညာဖွံ့ဖြိုးနေမှုအတွက် အစဉ်လေ့လာသင်ယူနေသော လူမှုအဖွဲ့အစည်း ဖြစ်တည်နေဖို့ကလည်း အခရာဖြစ်နေသည်ကို လေးလေးနက်နက် သတိမူသင့်လှပေသည်။

ကျွန်ုပ်တို့သည်လည်း ကမ္ဘာနှင့်ယှဉ် ရင်ပေါင်တန်းနိုင်မည့် “အစဉ်လေ့လာသင်ယူနေသော မြန်မာ့လူမှုအဖွဲ့အစည်း” ခိုင်ခိုင်မာမာ ဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရပေမည်။ ထိုသို့ ဆောင်ရွက်ကြရာတွင် အစဉ်လေ့လာသင်ယူနေသော မြန်မာ့လူမှုအသိုက်အဝန်းဖြစ်ပေါ်လာရေး၏ အဓိကသော့ချက်ကို မျက်ကွယ်ပြု ထား၍မရပေ။ ထိုအဓိကသော့ချက်မှာ “တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး”အတွက်“တစ်မျိုးသားလုံး စာမတတ်သူပပျောက်ရေး” နှင့် “တစ်မျိုးသားလုံး စာတတ်မြောက်ရေး” ဖြစ်ပါသည်။ “တစ်မျိုးသားလုံး စာမတတ်သူပပျောက်ရေးနှင့် တစ်မျိုးသားလုံးစာတတ်မြောက်ရေး”ဟူသော မဟာဗျူဟာကို “ကုစားပေးရေး”နှင့် “ကြိုတင်တားဆီးကာကွယ်ပေးရေး” ဟူသော နည်းဗျူဟာနှစ်ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေပါသည်။

ယခုအခါတွင် ပညာရေးဝန်ကြီးဌာနရှိ ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာနက “ကျောင်းနေအရွယ်လွန် သက်ကြီးစာမတတ်သူပပျောက်ရေး” လုပ်ငန်းကို “ကုစားပေးရေးနည်းဗျူဟာ” နှင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည့်နည်းတူ အခြေခံပညာဦးစီးဌာနကလည်း ကျောင်းနေအရွယ်လွန် သက်ကြီးစာတတ်သူ တိုးပွားမလာစေရေးအတွက် “ကြိုတင်တားဆီး ကာကွယ်ပေးရေး နည်းဗျူဟာ” ဖြစ်သည့် ကျောင်းနေအရွယ်အားလုံး ကျောင်းနေရေး လုပ်ငန်းစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေသည်နှင့်အမျှ တစ်စတစ်စဖြင့် ကျောင်းနေအရွယ်လွန် သက်ကြီးစာမတတ်သူလုံးဝ ပပျောက်သွားမည်ဖြစ်ပြီး တစ်မျိုးသားလုံးစာတတ်မြောက်မှုနှုန်း တိုးမြင့်လာမည်ဖြစ်ပါသည်။ ထိုသို့ တစ်မျိုးသားလုံးစာတတ်မြောက်မှုနှုန်း တိုးမြင့်အောင် ဆောင်ရွက်ပေးနေခြင်းသည် တစ်မျိုးသားလုံးပညာရည်မြင့်မားရေးအတွက် ဦးတည်ဆောင်ရွက်ပေးနေခြင်းဖြစ်ပါသည်။ စာတတ်မြောက်မှုနှုန်း တိုးမြင့်လာသည်နှင့်အမျှ တစ်မျိုးသားလုံး ပညာရည်မြင့်မားလာမည်ဖြစ်ပြီး အစဉ်လေ့လာသင်ယူနေသော မြန်မာ့လူမှုအဖွဲ့အစည်းကို ခိုင်မာရှင်သန်အောင် တည်ဆောက်နိုင်မည် ဖြစ်ပါသည်။

ယနေ့ကာလတွင် “ကျောင်းနေအရွယ်အားလုံးကျောင်းနေရေး” နှင့် “ကျောင်းနေအရွယ်အားလုံး ပညာအခြေခံကောင်းများကို လေ့ကျင့်သင်ကြားပေးနေသည့် အခြေခံပညာများကို သင်ယူပြီးမြောက်ရေး” အတွက် နိုင်ငံတော်က အဘက်ဘက်မှ ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးလျက်ရှိရာ မိဘပြည်သူများကလည်း တစ်ခဲနက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရပေမည်။ ထိုသို့ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ခြင်းသည် မိဘပြည်သူတို့၏ ရင်နှစ်သည်းချာများ ဖြစ်ကြသည့် ယနေ့ကျောင်းနေအရွယ်အားလုံး၏ အနာဂတ်နှင့် အမိနိုင်ငံတော်၏ အနာဂတ်ကို “အေးငြိမ်းစည်ဝေသာယာစေရန်” ပုံဖော်ပေးနေခြင်းသာ ဖြစ်ပါသတည်း။ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် တိုင်းရင်းသားလူမျိုးများစည်းလုံးညီညွတ်ရေး မဂ္ဂဇင်း စာအုပ်ထုတ်ဝေရေးနှင့် ပွဲတော်များ ကျင်းပရေးကော်မတီအဖွဲ့နှင့် တွေ့ဆုံ



**နေပြည်တော် ဇွန် ၁၂**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်သည် တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်ရေးမဂ္ဂဇင်း စာအုပ်ထုတ်ဝေရေးနှင့် ပွဲတော်များ ကျင်းပရေး ကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးရန်ကျော်နှင့်အဖွဲ့အား ယမန်နေ့ မွန်းတည့် ၁၂ နာရီတွင် တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ (ယာပုံ)

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မဂ္ဂဇင်း ထုတ်ဝေနိုင်ပါက တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၏ လှုပ်ရှားမှုကဏ္ဍတစ်ရပ်အဖြစ် ဖြစ်လာမည်ဖြစ်ပါကြောင်းနှင့် လိုအပ်သည်များကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက စာအုပ်ထုတ်ဝေရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အသီးသီး တင်ပြဆွေးနွေးကြသည်။

သတင်းစဉ်

# ရန်ကုန်မြို့တွင် ပိတ်သားစနှင့် ကုန်ကြမ်းပစ္စည်းထုတ်စက်ရုံတည်ဆောက်ရန် ကုမ္ပဏီကြီးတစ်ခုက ကမ်းလှမ်းထား

**ရန်ကုန် ဇွန် ၁၂**

စက်မှုဇုန်အများဆုံးတည်ရှိသော ရန်ကုန်တိုင်းဒေသကြီးတွင် အထည်ချုပ်စက်ရုံအတွက် လိုအပ်သော ပိတ်စနှင့်ကုန်ကြမ်းပစ္စည်းများ ထုတ်လုပ်နိုင်ရန် ကမ္ဘာ့ဘဏ်ကျောထောက်နောက်ခံရှိသော ကုမ္ပဏီကြီးတစ်ခုက စက်ရုံတည်ဆောက်ဖွင့်လှစ် ရင်းနှီးမြှုပ်နှံရန် ကမ်းလှမ်းထားကြောင်း သိရသည်။

**နိုင်ငံအတွက်အကျိုးရှိ**

"ပြီးခဲ့တဲ့ရက်ပိုင်းမှာ ကမ္ဘာ့ဘဏ်ကျောထောက်နောက်ခံရှိတဲ့ကုမ္ပဏီတစ်ခုကနေ စက်မှုဇုန်ကို လာတယ်။ လက်ရှိ အထည်ချုပ်စက်ရုံ ခြောက်ရုံ ဖွင့်ထားတယ်။ ပိုင်ပိတ်စက်ရုံတည်ဆောက်ဖို့လာ ဆွေးနွေးတဲ့အခါ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနနဲ့ ဆက်သွယ်ပေးခဲ့တယ်။ အထည်ချုပ်ကုန်ကြမ်းအစုံ ထုတ်လုပ်နိုင်ပြီဆိုရင် အလုပ်အကိုင်အခွင့်အလမ်းပိုရလာမယ်။ လုပ်ငန်းခွင်မှာလည်း တစ်ဆင့်ခံလုပ်ငန်းအပ်တာကနေ တိုက်ရိုက်အလုပ်အပ်တဲ့ အကျိုးကျေးဇူးအဖြစ် တခြားနိုင်ငံတွေက တိုက်ရိုက်လာကြမှာ။ တရုတ်၊ ကိုရီးယား၊ ဂျပန်ကနေ တစ်ဆင့်ခံပြီး အလုပ်အပ်ကြတာ။ ဟောင်ကောင်က အများဆုံးပဲ။ ကုန်ကြမ်းပစ္စည်းသာထုတ်လုပ်နိုင်ရန် မြန်မာပြည်ကို တိုက်ရိုက်အလုပ်အပ်တဲ့အတွက် နိုင်ငံအတွက်လည်း အကျိုးရှိမှာပါ" ဟု ရွှေလင်ပန်းစက်မှုဇုန်ဥက္ကဋ္ဌ ဦးအေးသောင်းက ပြောသည်။



ကချင်ပြည်နယ် ပူတာအိုမြို့နယ် သစ်တောဦးစီးဌာနမှဆောင်ရွက်သည့် ၂၀၂၁ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၂ ရက် နံနက်ပိုင်းက ပူတာအိုမြို့ လီဆူစာပေနှင့် ယဉ်ကျေးမှုခြံဝင်း၌ ကျင်းပစဉ်။ ခရိုင် (ပြန်/ဆက်)

**လစာအဆင်ပြေရန်ဆောင်ရွက်ပေး**

ရန်ကုန်တိုင်းဒေသကြီးတွင် စက်မှုဇုန်ပေါင်း ၂၉ ဇုန်ရှိပြီး လှိုင်သာယာမြို့နယ်၌ စက်မှုဇုန် ၁၂ ဇုန်ရှိရာ စက်ရုံအများဆုံးတည်ရှိရာ မြို့နယ်တစ်ခုဖြစ်သောကြောင့် အလုပ်သမားအများဆုံး လုပ်ငန်းခွင်ဝင်ရောက်ရာ စက်မှုဇုန်လည်းဖြစ်သည်။ လတ်တလောတွင် မေလပိုင်းလစာထုတ်ပေးရန် ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ရာ၌ လူဦးရေအလိုက် ထုတ်ပေးရမည့်လစာနှင့် ဘဏ်မှထုတ်ပေးသော ငွေလုံလောက်မှုမရှိသည့်အတွက် ငွေအပ်ထားသော စက်မှုဇုန်များမှ အထည်ချုပ်စက်ရုံများ အခက်အခဲရှိနေသော်လည်း စက်ရုံများက အလုပ်သမားတို့ လုပ်ခလစာအဆင်ပြေစေရန် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**ဘဏ်လုပ်ငန်းတွေ အဆင်ပြေ**

"စက်ရုံတွေငွေထုတ်ဖို့ လစဉ် OSS ကို လျှောက်လွှာတင်တဲ့အခါ ၂၆ ရက်မှာ စာရင်းပိတ်ပြီး ၂၈ ရက်ဆိုရင်ကျလာတယ်။ လကုန်နေ့ လစာပေးတဲ့ စက်ရုံတွေမီတယ်။ လူများတဲ့ စက်ရုံတွေဆိုရင် ၅ ရက်ကနေ ၇ ရက်နေ့မှာ ထုတ်ပေးတတ်တယ်။ ဧပြီလအထိ ဘဏ်ကငွေထုတ်တာ အဆင်ပြေကြတယ်။ မေလအတွက် အလုပ်သမားလစာပေးဖို့ စက်ရုံတချို့ ဇွန် ၁၁ ရက်နေ့အထိ အဆင်မပြေသေးဘူး။ ပုံမှန် ၅ ရက်နေ့ လစာမရတော့ အလုပ်သမားတွေ ပေးစရာရှိတဲ့ငွေတွေပြေလည်အောင် စက်ရုံတွေက ဆောင်ရွက်ပေးထားရတယ်။ လုပ်ငန်းရှင်တွေက လက်ရှိထက် လုပ်ငန်းတွေကို ချဲ့ချင်နေကြတယ်။ သူတို့လိုချင်တဲ့ ရင်းနှီးမြှုပ်နှံတဲ့လုပ်ငန်းတွေလည်း ပိုပြီးအဆင်ပြေဖို့ ဘဏ်လုပ်ငန်းတွေ အဆင်ပြေဖို့ လိုမယ်လို့မြင်တယ်"ဟု ဦးအေးသောင်းက ဖြည့်စွက်ပြောသည်။

**ရင်းနှီးမြှုပ်နှံရန်ကမ်းလှမ်း**

ရန်ကုန်မြို့တွင် အထည်ချုပ်စက်ရုံအများဆုံးတည်ရှိရာ ရွှေလင်ပန်းစက်မှုဇုန်၌ စက်ရုံပေါင်း ၄၀၀ ခန့်ရှိပြီး အလုပ်သမား ၁၄၀၀၀၀ ကျော်ရှိရာ စက်ရုံအားလုံးနီးပါးလည်ပတ်လျက်ရှိသော်လည်း ယခင်ထက် အလုပ်သမားအင်အားထက်ဝက်ကျော်လျော့၍ လည်ပတ်လျက်ရှိသည်။ မြန်မာပြည်တွင် အထည်ချုပ်စက်ရုံနှင့်ပတ်သက်သောပိတ်စက်ရုံကို တည်ဆောက်နိုင်ပါက မြန်မာပြည်၏အထည်ချုပ်လုပ်ငန်းယန္တရား ပိုမိုသွက်လက်နိုင်မည့်အပြင် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေမည်ဖြစ်သည်။

**ညိမ်းသူ**

◆ *ကျောဖုံးမှ*

တာဝန်ရှိသူများက လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများ ဆောင်ရွက်ပေးပြီး သတ်မှတ်အကွာအဝေး အတိုင်း နေရာချထားပေးသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက နိုင်ငံတစ်ဝန်းလုံးစာသင်ကျောင်းများ ဖွင့်လှစ်နေသည့် အခြေအနေများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တရုတ်နိုင်ငံမှ Phonex မီဒီယာတွေ့ဆုံမေးမြန်းခြင်းမှ အရေးကြီးကောက်နုတ်ချက်များ၊ ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းနှင့် ရုံးပိတ်ရက်များ၊ အကြမ်းဖက်သင်တန်းများ၊ ထောက်ပံ့မှုများတွင် EAO အဖွဲ့အချို့၏ ပါဝင်ပတ်သက်မှုများ၊ NUG၊ CRPH၊ PDF အကြမ်းဖက်အဖွဲ့များ၏ ကြေညာချက်များနှင့် အဆိုပါကြေညာချက်များကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်များကို ရှင်းလင်းပြောကြားသည်။ ထိုသို့ ရှင်းလင်းပြောကြားရာတွင် Online တွင် ပျံ့နှံ့နေသည့် လုပ်ကြံဖန်တီးထားသော လှုံ့ဆော်မှုများနှင့် သတင်းမှားများသည် လက်တွေ့အခြေအနေနှင့် မည်မျှကွာခြားနေမှုကို မျက်ဝါးထင်ထင်တွေ့မြင်စေရန် ဖောက်ခွဲဖျက်ဆီးရေးနှင့် အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများနှင့် ပတ်သက်ခဲ့သူများ၏ ထွက်ဆိုချက်များကို Power Point Presentation များ၊ Video ဖိုင်များဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက မဲဆန္ဒရှင်စာရင်းနှင့် မဲလက်မှတ်များ စစ်ဆေးထုတ်ပြန်ပြီးစီးမှု အခြေအနေများ၊ မဲဆန္ဒရှင်စာရင်းနှင့် မဲလက်မှတ်များ စစ်ဆေးရာတွင် တွေ့ရှိချက်များနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဥပဒေနှင့်ညီညွတ်မှု မရှိသော ဆောင်ရွက်ချက်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လက်ရှိ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနှင့် ပတ်သက်၍ Power Point Presentation များဖြင့် ရှင်းလင်းပြောကြားသည်။



ကျောင်းသား ကျောင်းသူများ ကျောင်းတက်နေမှုမှတ်တမ်း။




ကျောင်းသား ကျောင်းသူများ ကျောင်းတက်နေမှုမှတ်တမ်း။

**ရှင်းလင်းပွဲ ရုပ်သိမ်း**

ထို့နောက် တက်ရောက်လာကြသည့် သတင်းဌာနများမှ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းခဲ့သည်။

**ကြည့်ရှုလေ့လာ**

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာများ မှီငြမ်းကိုးကားနိုင်ရေးအတွက် သတင်းစာရှင်းလင်းပွဲဆိုင်ရာအချက်အလက်များ၊ လက်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ဆောင်ချက်များ၊ မဲစာရင်းလက်တွေ့စစ်ဆေးချက်များနှင့် သိရှိနိုင်ရန်လိုအပ်သည့် တွေ့ရှိချက်များကို ခင်းကျင်းပြသထားရှိရာ တက်ရောက်လာကြသူများက လိုက်လံကြည့်ရှုလေ့လာကြသည်။

သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်းရုပ်မြင်သံကြားသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနမှ သတင်းထောက်များ လာရောက်သတင်းရယူခဲ့ကြကြောင်းနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်မှု၊ မေးမြန်းဖြေကြားမှုအပြည့်အစုံကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ရခိုင်ပြည်နယ် ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများ။



ဖြူးမြို့နယ်ရှိ အခြေခံပညာအလယ်တန်းကျောင်းအား အကြမ်းဖက်သောင်းကျန်းသူများက မီးရှို့ဖျက်ဆီးမှုမှတ်တမ်း။




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အမိန့်ညွှန်ကြားချက် (၁/၂၀၁၄) နှင့် (၁၇၃/၂၀၂၀) တို့ကို ဖောက်ဖျက်၍ ပျော်ဘွယ်မြို့နယ် ကျီရွာအုပ်စုတွင် ဘာသာရေးအဆောက်အဦအား မဲဆွယ်စည်းရုံးရာ၌ အသုံးပြုခြင်း၊ ဘာသာရေးကို အကြောင်းပြု၍ ထောက်ခံဆန္ဒမဲပေးရန် တရားမဲ့ပြုကျင့်မှု ကျူးလွန်ခြင်း။

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ကြေညာချက် (၃/ ၂၀၂၁) ထုတ်ပြန်

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ
ကြေညာချက် (၃/၂၀၂၁)
၂၀၂၁ ခုနှစ်၊ ဇွန်လ (၁၀)ရက်၊ ကြာသပတေးနေ့

၁။ ယခုအချိန်ကာလသည် မြန်မာ့လူ့အဖွဲ့အစည်း၏ ပစ္စက္ခပဋိပက္ခများ ငြိမ်းအေးစေရန် နိုင်ငံငြိမ်းချမ်းရေး၊ နိုင်ငံတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို မဏ္ဍိုင်ကြီးလေးရပ်မှ အရေးတကြီး ဝိုင်းဝန်းထိန်းကျောင်းရမည့်ကာလ ဖြစ်ပါသည်။

၂။ နိုင်ငံတော်အစိုးရထံတွင် တရားဝင်မှတ်ပုံတင်ထားသည့် သတင်းဌာနအချို့သည်ပင် သတင်းမှားများကို ရေးသားထုတ်လွှင့် ဖြန့်ချိနေခြင်းများ တွေ့ရှိနေရပါသည်။

၃။ သတင်းမှန်ကန်မှုသည် သတင်းဌာနတစ်ခု၏ အခြေခံအကျဆုံးတာဝန်ခံရမည့် အင်္ဂါရပ်ဖြစ်ပါသည်။ မမှန်ကန်သည့်သတင်းများ၊ အတည်မပြုနိုင်သည့် သတင်းများကို ပြည်သူလူထုအတွင်း ဖြန့်ချိနေခြင်းသည် စတုတ္ထမဏ္ဍိုင်ဖြစ်သော မီဒီယာ၏ဂုဏ်သိက္ခာကို ပျက်ယွင်းစေပြီး ပဋိပက္ခများ ပိုမိုကြီးထွားစေနိုင်သည်ဟု သုံးသပ်မိပါသည်။

၄။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် မီဒီယာလွတ်လပ်ခွင့်မြှင့်တင်ရေးနှင့် မီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆဲဥပဒေများအတွင်းမှ တာဝန်ခံဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် စတုတ္ထမဏ္ဍိုင်ကို သတင်းမီဒီယာဥပဒေ၊ သတင်းမီဒီယာကျင့်ဝတ်များနှင့်အညီ နိုင်ငံငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြားမဏ္ဍိုင်ကြီးများနည်းတူ မိမိတို့ကဏ္ဍမှ ပေါင်းကူးဆောင်ရွက်နေသည့် ခိုင်မာသော အဖွဲ့အစည်း(institution) တစ်ရပ်အဖြစ် တည့်မတ်စွာ ရပ်တည်လျက်ရှိပါသည်။

၅။ သို့ဖြစ်ရာ မြန်မာနိုင်ငံတွင်းရှိ သတင်းဌာနများအနေဖြင့် မိမိတို့ထုတ်ပြန်သည့် သတင်းအချက်အလက်များ၊ အသုံးအနှုန်းများ မှန်ကန်ရေးကို တာဝန်ယူ၊ တာဝန်ခံကြပါရန်နှင့် သတင်းမီဒီယာကျင့်ဝတ်၊ သတင်းမီဒီယာဥပဒေတို့ကို စောင့်ထိန်းလိုက်နာကြခြင်းဖြင့် စတုတ္ထမဏ္ဍိုင်အပေါ် ပြည်သူလူထုယုံကြည်မှုခိုင်မြဲစေရေး အထူးဂရုပြုကြရန် လိုအပ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

# ဥတ္တရသီရိမြို့နယ် ဆင်လူးငန်းစပ်ဆည်အတွင်း ငါးမျိုးများစိုက်ထည့်




**နေပြည်တော် ဇွန် ၁၂**

နေပြည်တော်ကောင်စီ တိုင်းငါးလုပ်ငန်းဦးစီးဌာနမှ နေပြည်တော် ပြည်ထောင်စုနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ဆင်လူးငန်းစပ်ဆည်၌ ငါးသားပေါက်ကောင်ရေ ၂၀၀၀၀ အား မျိုးစိုက်ထည့်ပေးပွဲအခမ်းအနားကို ဇွန် ၁၂ ရက်တွင် အဆိုပါဆည်၌ ကျင်းပသည်။ **(ယာပုံ)**

ငါးမျိုး စိုက်ထည့်ပွဲသို့ နေပြည်တော်တိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ညိုညိုအေး၊ ဥတ္တရသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်သိန်း၊ အဖွဲ့ဝင်များဖြစ်သော ဗိုလ်မှူးပြည်ဖြိုးမင်းနှင့် ဦးမျိုးချစ်၊ ဥတ္တရခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်သန်း၊ ဒက္ခိဏခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးရဲလွင်သိန်း၊ မြို့နယ်ဆည်မြောင်းဦးစီးဌာနမှူး၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး၊ ရေဆင်းငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးစိုးပိုင်၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရေလုပ်သားများက ရေဆင်းငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်းနှင့် ငါးခုံးမကောင်ရေ ၂၀၀၀၀ ကို မျိုးစိုက်ထည့်ပေးပြီး ဥတ္တရခရိုင် ငါးလုပ်ငန်းဦးစီးမှူးက ရေလုပ်သားများအား ငါးသယံဇာတထိန်းသိမ်းရေးအတွက် ငါးမျိုးစိုက်ထည့်ရခြင်း၏ ရည်ရွယ်ချက်နှင့် ငါးရစ်ငါးသန် တားမြစ်ကာလအတွင်း ငါးမဖမ်းဆီးရေးနှင့် တရားမဝင် ငါးဖမ်းဆီးခြင်းဖြစ်သော ဘက်ထရီရှော့ဖြင့် ငါးဖမ်းဆီးခြင်းမပြုရေးတို့အား အသိပညာပေး ဟောပြော ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တောရွာခလေ့

❈ မြေလမ်းကလေး ရွာအဝင်
သန့်ရှင်းမှိုက်ကင်းစင်
ရှုမျှော်တစ်ခွင် စိမ်းစိုမြ
ထွန်ယက်စိုက်ပျိုးကြ ... ။

❈ ရွာကျောင်းလေးက ခေါင်းလောင်းသံ
နားဝင်ချိုပီယံ
စာရိတ္တမှန် ပညာထူး
လေ့လာသင်ဆည်းပူး... ။

❈ ပုရစ်ဖူးနု ထွက်ပြူချိန်
လှပ ငုပန်းစိန်
ကိုင်းဖျားယှက်လိမ် အုပ်ကာမိုး
ဝဲယာ နေမထိုး ... ။

❈ နေရောင်ညှိုးလို့ ဆည်းဆာဝင်
ရေခပ်ဆင်း ပျိုခင်
နှုတ်ဆက်ဟန်ပြင် သူ့အလှ
ပန်းချီရေးမမီကြ... ။

❈ လုပ်ငန်းပြည့်ဝ အနားယူ
နေ့သစ်ဖန်တီးကူ
တောခလေ့မူ အားသစ်မွေး
ကြိုးစားကြစို့လေး ... ... ... ။

**ဇင်မင်းစိုး (ဗိုလ်ကလေး)**

❍ *ကျောဖုံးမှ*

အလေးပေးခြင်းခံထားရသည့်အသင်းဖြစ်သည်။ ခရိအေးရှားအသင်းကလည်း ယူရိုပြိုင်ပွဲအတွက် လီဗာကိုဗစ်၊ လော်ဗရန်၊ လူကာမိုဒရစ်၊ ပါရီဆစ်၊ ဘရိုဇိုဗစ်၊ ကိုဗာဆစ်၊ ပါဆာလစ်၊ အော်ဆစ်၊ ပက်ကိုဗစ်၊ ဘရီကာလိုစသည့် ကစားသမားများကို ရွေးချယ်ထားသည်။

အင်္ဂလန်အသင်းသည် ယခုပွဲစဉ်မတိုင်မီ ဩစတြီးယား၊ ရိုမေးနီးယားအသင်းတို့နှင့် ချစ်ကြည်ရေးခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားထားရာ တစ်ဂိုးစီဖြင့် အနိုင်ရရှိထားသည်။ သို့သော်လည်း အသင်းလိုက် စွမ်းဆောင်ရည်ပိုင်း၊ တိုက်စစ်စွမ်းဆောင်ရည်ပိုင်းတွင် လိုအပ်ချက်ရှိနေသေးသည်ဟု ဆိုနိုင်ပေသည်။ ပြိုင်ဘက် ခရိအေးရှားအသင်းက ယခုပွဲမတိုင်မီ ခြေစမ်းပွဲနှစ်ပွဲအဖြစ် အာမေးနီးယား၊ ဘယ်လ်ဂျီယံတို့နှင့် ယှဉ်ပြိုင်ကစားထားရာ တစ်ပွဲသရေကျထားပြီး တစ်ပွဲရှုံးနိမ့်ထားသည်။ ခြေစမ်းပွဲနှစ်ပွဲအရ ခရိအေးရှားအသင်း၏ ခြေစွမ်းသည် အကျဘက်ရောက်နေသည်ဟု ဆိုနိုင်ပေသည်။

အင်္ဂလန်နှင့် ခရိအေးရှားအသင်းတို့သည် ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် ကမ္ဘာ့ဖလား ဆီမီးဖိုင်နယ်၌ တွေ့ဆုံခဲ့ဖူးပြီး ခရိအေးရှားအသင်းက အချိန်ပိုတွင်ရရှိခဲ့သော မန်ဇူကစ်၏ သွင်းဂိုးနှင့်အတူ နှစ်ဂိုး-တစ်ဂိုး ဖြင့် အင်္ဂလန်အသင်းကို အနိုင်ရရှိထားသည်။ ထို့နောက် ၂၀၁၈ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပြိုင်ပွဲ၌ နှစ်ကြိမ်တွေ့ဆုံထားရာ အင်္ဂလန်အသင်းက တစ်ကြိမ်နိုင်ပြီးတစ်ကြိမ် သရေကျထားသည်။ ထို့ကြောင့် အင်္ဂလန်အသင်းနှင့် ခရိအေးရှားအသင်းတို့ ၂၀၁၈ ခုနှစ်နောက်ပိုင်း သုံးကြိမ်တွေ့ဆုံထားရာ တစ်ကြိမ်စီ အနိုင်ရရှိပြီး တစ်ကြိမ်သရေကျထားသည်။

အဖွင့်ပွဲစဉ်တွင် ရလဒ်ကောင်းရရှိရန် အကောင်းဆုံး ပြင်ဆင်လာဖွယ်ရှိနေသည့်အတွက် မည်သည့်အသင်းက အနိုင်ရလဒ်နှင့် ဖွင့်လှစ်သွားမလဲဆိုသည်ကို ဇွန် ၁၃ ရက် ညတွင် အဆုံးအဖြတ်ပေးသွားတော့မည် ဖြစ်သည်။

အခြားသောပွဲစဉ်အဖြစ် ဩစတြီးယားနှင့် မြောက်မက်ဆီဒိုးနီးယားအသင်းတို့ ပွဲစဉ်ကို ယနေ့ ည ၁၀ နာရီခွဲတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး နယ်သာလန်နှင့် ယူကရိန်းအသင်းတို့ပွဲစဉ်ကို ဇွန် ၁၄ ရက် နံနက် ၁ နာရီခွဲတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**အောင်ဇော်**

❂ *ကျောဖုံးမှ*

ဇွန် ၁၁ ရက်က ကစားသည့်ပွဲစဉ်များအပြီးတွင် နောက်တစ်ဆင့်တက်ရောက်သည့်အသင်းအချို့ ထွက်ပေါ်လာခြင်းဖြစ်ပြီး အုပ်စု (B) မှ ဩစတြေးလျအသင်း ထပ်မံတက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ယခင်က အုပ်စု (A) မှ ဆီးရီးယားအသင်း၊ အုပ်စု (E) မှ ကာတာအသင်း၊ အုပ်စု (F)မှ ဂျပန်အသင်းတို့ တက်ရောက်ထားပြီး ဩစတြေးလျအသင်းမှာ လေးသင်းမြောက်အသင်းအဖြစ် ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းပါဝင်သော အုပ်စု (F) တွင် ဂျပန်အသင်းက အုပ်စုပထမနေရာရသွားပြီဖြစ်ပြီး ရမှတ် ၁၀ မှတ်စီရထားသည့် ကာဂျစ္စတန်နှင့် တာဂျစ်ကစ္စတန်အသင်းတို့က အုပ်စုဒုတိယနေရာအတွက် နောက်ဆုံးပွဲအထိ စောင့်ကြည့်ရမည်ဖြစ်သည်။ ကာဂျစ္စတန်ကို ရှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ပြီး အုပ်စုအောက်ဆုံးနေရာရောက်သွားသည့် မြန်မာအသင်းသည် နောက်ဆုံးပွဲတွင် အနိမ့်ဆုံးသရေတစ်မှတ်ရယူနိုင်မှသာ အဆင့် ၄ နေရာ ပြန်လည်ရယူနိုင်မည်ဖြစ်သည်။

ခြေစစ်ပွဲကျင်းပသည့်ပုံစံအရ ဒုတိယအဆင့် အုပ်စုရှစ်ခုမှ အုပ်စုပထမနေရာရ ရှစ်သင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံး လေးသင်းမှာ ၂၀၂၂ ကမ္ဘာ့ဖလား (အာရှဇုန်) တတိယအဆင့်ခြေစစ်ပွဲတက်ရောက်ခွင့်ရပြီး ၂၀၂၃ အာရှဖလားပြိုင်ပွဲကို ခြေစစ်ပွဲ ဆက်လက်ကစားရန်မလိုဘဲ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ သို့သော် အုပ်စုပထမနေရာရသည့် အသင်းများတွင် ၂၀၂၂ ကမ္ဘာ့ဖလား အိမ်ရှင်ကာတာအသင်းပါဝင်နေသဖြင့် ကာတာအသင်းအစား အကောင်းဆုံးအုပ်စုဒုတိယနေရာရ လေးသင်းအစား ငါးသင်းအထိ တွက်ချက်သွားမည်ဖြစ်သည်။ အုပ်စုပထမနေရာအတွက် ကျန်အုပ်စုများအနက် အုပ်စု (C) တွင် အီရတ်နှင့် အီရန်၊ အုပ်စု (D) တွင် ဆော်ဒီအာရေဗျနှင့် ဥဇဘက်ကစ္စတန်၊ အုပ်စု (G) တွင် ယူအေအီးနှင့် ဗီယက်နမ်တို့ အပြိုင်ဖြစ်နေပြီး အီရတ်၊ ဆော်ဒီအာရေဗျနှင့် ဗီယက်နမ်အသင်းတို့မှာ အနိမ့်ဆုံး သရေတစ်မှတ် ရယူနိုင်ရုံဖြင့် အုပ်စုပထမနေရာရယူနိုင်မည်ဖြစ်သည်။

**ရဲရင့်လွင်**

ဗုဒ္ဓ အဆုံးအမဖြင့် အောင်မြင်ခြင်း

# ပဏ္ဍိတာနဉ္စ သေဝနာ

## ပညာရှိကို မှီဝဲဆည်းကပ်ခြင်းသည် မင်္ဂလာမည်၏

ကျော်ကျော်လှိုင်

လူမိုက်များနှင့် မပေါင်းသင်းထိုက်ကြောင်း ပြောခဲ့ပြီးပါပြီ။ အသေဝနာစဗာလာနံကို ဟောပြီး ပဏ္ဍိတာနဉ္စ သေဝနာ၊ ပညာရှိများကို မှီဝဲဆည်းကပ်ရခြင်းသည် မင်္ဂလာမည်၏ဟု ဗုဒ္ဓမြတ်စွာဘုရားက ဟောပါသည်။

**ပညာရှိဆိုသည်မှာ**

အတတ်ပညာတစ်ခုခုတတ်သူ၊ အသိပညာရှိသူ၊ အတွေ့အကြုံရှိသူ၊ စဉ်းစားတွေးခေါ်နိုင်ပြီး ဉာဏ်အမြော်အမြင်လည်းကြီးသူကို ပညာရှိဟု သတ်မှတ်လိုပါသည်။ အတတ်ပညာတစ်ခု တတ်ဖို့က အရေးကြီးပါသည်။ အတတ်ပညာတစ်ခု မတတ်လျှင် ပညာရှိ မဖြစ်နိုင်ပါ။ ကျောင်းမှသင်လို့ရသည့် ပညာသည် အတတ်ပညာ ဖြစ်ပါသည်။ လေ့လာဆည်းပူးခြင်းမှ အသိပညာကို ရရှိပါသည်။ အသိပညာကို နေ့စဉ် ရှာဖွေဆည်းပူးနေရန်လည်း လိုပါသည်။ အသိပညာ၊ အတတ်ပညာရှိသော်လည်း အတွေ့အကြုံမရှိလျှင် ပညာရှိ မဖြစ်နိုင်ပါ။ အတွေ့အကြုံမှ သင်ယူခြင်းတွေလည်း ရှိရပါမည်။ အသိပညာ၊ အတတ်ပညာ၊ အတွေ့အကြုံနှင့်အတူ စဉ်းစားတွေးခေါ်နိုင်သည့် ဉာဏ်အမြော်အမြင်လည်းရှိမှ ပညာရှိဖြစ်ပါသည်။

“လေ့လာသင်ကြားနေသော်လည်း စဉ်းစားတွေးခေါ်ခြင်း မပြုသူက လမ်းပျောက်နေသူပါ။ စဉ်းစားတွေးခေါ်သော်လည်း လေ့လာသင်ကြားခြင်း မလုပ်သူက လောကကို အန္တရာယ်ပေးနိုင်သူပါ” ဆိုသည့် အင်္ဂလိပ်အဆိုကို ကြည့်လျှင် လေ့လာသင်ကြားခြင်းနှင့် စဉ်းစားတွေးခေါ်ခြင်းသည် အမြဲတွဲနေသည်ကို တွေ့ရပါမည်။

**မြန်မာစကားပုံများ**

မြန်မာစကားပုံနှင့် အဆိုများကို လေ့လာလျှင်လည်း ပညာရှိတစ်ယောက်တွင်ရှိရမည့် အရည်အချင်းများကို သိနိုင်ပါသည်။ “ပညာရှိအမျက် ပြင်မထွက်”ဆိုသည့် စကားပုံအရ ပညာရှိများသည် မိမိဒေါသကို မိမိထိန်းသိမ်းနိုင်သည်။ ဒေါသထွက်လာလျှင် ဒေါသအလျောက် ချက်ချင်းတုံ့ပြန်ခြင်းကို ထိန်းနိုင်သူများဖြစ်သည်။ ဒေါသကို ကိုယ်ထိလက်ရောက်သော်လည်းကောင်း၊ နှုတ်နှင့်သော်လည်းကောင်း တုံ့ပြန်လေ့မရှိ၊ သည်းခံစိတ်မွေးသည့်အတွက် “ပညာရှိအမျက် ပြင်မထွက်”ဟု ဆိုခြင်းဖြစ်မည်။ ဤအချက်များကြောင့် ပညာရှိများသည် အလွယ်တကူနှင့် စိတ်မဆိုးတတ်သူ၊ ဒေါသမကြီးတတ်သူ၊ သည်းခံတတ်သူဟု ဆိုရပါမည်။

“ပညာရှိရန်သူထက် ပညာမဲ့မိတ်ဆွေက ဆိုးသည်” အဆိုကလည်း ပညာရှိတစ်ယောက်၏ သဘောထားကို ဖော်ပြပါသည်။ ရန်သူသည် ပညာတတ်ခဲ့လျှင်၊ ပညာရှိခဲ့လျှင် တစ်ဖက်သားကို ဒုက္ခပေးရန် စဉ်းစားပါသည်။ တစ်ဖက်သားကို ဒုက္ခပေးလိုက်လျှင် ကံ၊ ကံ၏အကျိုးအရ မိမိပြန်ခံရမည်။ ဥပဒေကြောင်းအရလည်း ဒုက္ခရောက်နိုင်သည်ကို တွေးတောမိ၍ တစ်ဖက်သားကို ရန်မရှာတော့ပါ။ မိတ်ဆွေဖြစ်သော်လည်း ပညာမဲ့သူဖြစ်လျှင် မိမိလုပ်လိုက်သည့် အပြုအမူက တစ်ဖက်သားကို ထိခိုက်မည်ဆိုသည်ကို မစဉ်းစားနိုင်သည့်အတွက် မိတ်ဆွေဖြစ်လင့်ကစား ပညာမဲ့လျှင် ဒုက္ခပေးနိုင်သည်ကို သတိပြုရပါမည်။

> ❖ **မိမိပတ်ဝန်းကျင်တွင် မိမိကအတော်ဆုံး၊ အတတ်ဆုံးဖြစ်နေလျှင်လည်း ပတ်ဝန်းကျင်မှားနေသည်ဟု ဆိုရပါမည်။ မိမိတွင် သင်ယူဖို့အခွင့်အလမ်း နည်းသွား၍ ဖြစ်ပါသည်။ မိမိထက် အတတ်ပညာမြင့်မားသူ၊ အသိပညာမြင့်မားသူ၊ အတွေးအခေါ် မြင့်မားသူများနှင့် ပေါင်းသင်းရန်လို**

မြန်မာစကားပုံ၊ အဆိုများအပြင် ပညာရှိနှင့် ပတ်သက်သည့် အင်္ဂလိပ်စကားပုံ၊ အဆိုများလည်း ဖော်ပြလိုပါသည်။ အင်္ဂလိပ်အဆိုတစ်ခုက “မည်သူ့ဆီကမဆို တစ်ခုခုကို သင်ယူလို့ရနိုင်တယ်ဆိုတာ ပညာရှိတွေက သိတယ်” ဟု ဆိုပါသည်။

ဤအဆိုအရ ပညာရှိများသည် တစ်ချိန်လုံး သင်ယူနေသည်ဆိုသည့် အဓိပ္ပာယ်ကို ရပါသည်။ မည်သူ့ထံက မဆို သင်ယူနိုင်၍ ရသည်ဆိုသည့် ခံယူချက်ထားပါသည်။ “ငါပညာတတ်တယ်။ ငါ အားလုံးထက်တတ်တယ်။ ငါပညာရှိတယ်။ ငါသင်ယူစရာ မလိုဘူး” ဆိုသူသည် ပညာရှိမဟုတ်ပါ။ ပညာရှိများသည် အမြဲသင်ယူနေသူများ ဖြစ်ပါသည်။ သင်ယူဖို့အတွက်လည်း မာနမရှိပါ။ မည်သူ့ဆီကမဆို သင်ယူရန် ဝန်မလေးသူများဖြစ်ပါသည်။ သင်ယူချင်စိတ်ရှိသူသည် လူပြက်များပြက်သည့် ပြက်လုံးများမှလည်းကောင်း၊ လမ်းပေါ်တွင် ခေတ္တတွေ့လိုက်သူထံမှ လည်းကောင်း သင်ယူစရာတွေ ရှိနေမည်သာဖြစ်ပါသည်။

**သတ္တိရှိခြင်း**

“သတ္တိရှိတာနှင့် မိုက်ရူးရဲတာကို ခွဲခြားသိတာဟာ ပညာရှိပါ” ဆိုသည့် အင်္ဂလိပ်အဆို ရှိပါသည်။ သတ္တိရှိခြင်းနှင့် မိုက်ရူးရဲခြင်းသည် လုံးဝကွဲပြားခြားနားပါသည်။

ဤခြားနားချက်ကို သိသူက ပညာရှိဖြစ်ပါသည်။ သတ္တိရှိခြင်းနှင့် မိုက်ရူးရဲခြင်း၏ ကွဲပြားခြားနားမှုကို ဖော်ပြသည့် ဒုတိယမြန်မာနိုင်ငံတော် အချိန်ကာလက အဖြစ်အပျက်တစ်ခုကို တင်ပြလိုပါသည်။ မင်းတရား တပင်ရွှေထီး လက်ထက်တွင် ရန်သူ့နယ်မြေ ဟံသာဝတီတွင် နားထွင်းသွားရန် ရွှေခွက်ဆွဲသူရဲကောင်းရွေးပွဲ ကျင်းပပါသည်။ သူရဲကောင်းဖြစ်လိုသူသည် ပေပေါ်တွင် လက်မတင်၍ လက်မထိပ်ကို အပ်စိုက်ကာ တူဖြင့်ရိုက်ချတာကို ခံရပါသည်။ မျက်နှာမတွန့်မှ သူရဲကောင်းအဖြစ် အရွေးခံရပါသည်။ ထိုအခါ မင်းတရား တပင်ရွှေထီး၏ ငယ်ကျွန်ရင်း ဗလရဲထင် အလှည့်ရောက်ပါသည်။ မျက်နှာ တွန့်သွားသဖြင့် ဖယ်ထုတ်ခံရပါသည်။

ထိုအခါ တပင်ရွှေထီးက “ငါ၏ ငယ်ကျွန်ရင်းက သတ္တိနည်းသူပဲ” ဟု ဆိုလိုက်ပါသည်။ ထိုအခါ ဗလရဲထင်က “ကျွန်တော်မျိုး သွေးမနည်းကြောင်း ရွှေနန်းရှင်ကို ပြပါမည်” ဟု ဆိုကာ ခါးမှ ဓားဖြင့်ဗိုက်ကိုခွဲ၊ အူထုတ်ကာ ကျော်ထင်နော်ရထာလက်ထဲသို့ အူထည့်ပြီး ပြေးရာ အူဆုံးလျှင် လဲကျသေဆုံးပါသည်။ မင်းတရားတပင်ရွှေထီးက “ငါ၏ ကျွန်ရင်းကား မိုက်ကားမိုက်၏။ သတ္တိကားမရှိ” ဟု မှတ်ချက်ပြုပါသည်။ မိုက်မဲခြင်းသည် အဆင်အခြင်မဲ့ ဆင်ကန်းတောတိုး ဆောင်ရွက်ခြင်းဖြစ်ပါသည်။ အေဒီ ၁၅၃၀ ခုနှစ်တွင် တပင်ရွှေထီးနန်းရပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၄၈၀ ကျော်ကတည်းက တပင်ရွှေထီးသည် သတ္တိရှိခြင်းနှင့် မိုက်မဲခြင်းကိုခွဲခြားပြီး ပြခဲ့ပါသည်။ ဒုတိယ မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည့် မင်းတရား တပင်ရွှေထီးသည် လက်ရုံးရည် နှလုံးရည်ပြည့်ဝရုံတင်မက ပညာရှိလည်းဖြစ်သည်ကို တွေးမိပြီး မြန်မာဖြစ်ရသည်ကို ဂုဏ်ယူမိပါသည်။

ပညာရှိခြင်းနှင့် ပညာတတ်ခြင်း မတူပါ။ ပညာတတ်တိုင်း ပညာရှိမဖြစ်နိုင်ပါ။ သို့သော် ပညာရှိတိုင်းသည် ပညာတတ်ပါသည်။ အတန်းပညာ သင်ကြားသည့်အတွက် ပညာတတ်သော်လည်း မိမိဉာဏ်ကို အသုံးချပြီး တွေးတောခြင်း၊ စဉ်းစားခြင်း၊ တီထွင်ခြင်း မလုပ်နိုင်လျှင် သူတစ်ပါး ခိုင်းတာကိုလုပ်ရပြီး သူတစ်ပါး၏ အစေအပါးသာ ဖြစ်ပါမည်။ တွေးခေါ်စဉ်းစားသည့်အခါ အမှားအမှန်ကို ခွဲခြားသိသည့်အတွက် လူသားကောင်းကျိုးကို ဆောင်ရွက်နိုင်ပါသည်။ တွေးခေါ်စဉ်းစားခြင်းနောက်မှာ လူသားကောင်းကျိုးကိုပြုနိုင်သည့် တီထွင်မှုများ ပါလာပါသည်။ လူသားကောင်းကျိုးကို ပြုနိုင်သည့် တီထွင်မှုများကြောင့် ကျွန်တော်တို့၏ လူနေမှုဘဝများ ပိုမိုကောင်းမွန်လာပါသည်။

**ပညာရှိများသည် မိမိအကျိုးထက် လူသားများ၏အကျိုးကို ကြည့်ကြပါသည်။**

ဥပမာပေးရလျှင် ဂူဂယ် (Google) ကို တည်ထောင်သည့် လယ်ရီပေ့ချ် (Larry Page) နှင့် ဆာဂျရီဘရင်း (Surgery Brin) ကို ပြရပါမည်။ ဂူဂယ်ကို အင်တာနက်သုံးစွဲသူတိုင်း အခမဲ့သုံးစွဲနိုင်ပါသည်။ ဂူဂယ်မရှိစဉ်က အီးမေးလ်ကို အခကြေးငွေပေး၍ သုံးစွဲခဲ့ရပါသည်။ ဂူဂယ်က ဂျီမေးလ်ကို အခမဲ့သုံးစွဲခွင့်ပေးခဲ့၍ လူသားသန်းပေါင်းများစွာ အကျိုးရှိခဲ့ပါသည်။ ကမ္ဘာပေါ်တွင် ဂျီမေးလ်သုံးစွဲသူ သန်း ၁၀၀၀ ကျော်ရှိပါသည်။ ဖေ့စ်ဘွတ် (Facebook)ကို တည်ထောင်ခဲ့သည့် မတ်ဇူကာဘတ် (Mark Zuckerberg) သည်လည်း ဖေ့စ်ဘွတ်ကို အခမဲ့သုံးစွဲခွင့်ပြုခဲ့ပါသည်။ ကမ္ဘာပေါ်တွင် ဖေ့စ်ဘွတ်သုံးစွဲသူ သန်း ၂၂၀၀ ကျော်ရှိပြီး မြန်မာနိုင်ငံတွင် ဖေ့စ်ဘွတ်သုံးစွဲသူ ၁၀ သန်းကျော် ရှိပါသည်။ ဖေ့စ်ဘွတ်တွင် မကောင်းသည့် အချက်များရှိသော်လည်း တစ်ဖက်တွင် လူသားများ၏ကောင်းကျိုးကို ပြုနေသည်ကို ငြင်း၍မရပါ။ ဖေ့စ်ဘွတ်ကြောင့် ဝေးလံသည့် နိုင်ငံရပ်ခြားမှာနေသည့် မိသားစုဝင်များနှင့် လွယ်ကူစွာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ဗီဒီယိုစကားပြောနိုင်ပါသည်။ အခကြေးငွေပေးရန်မလိုပါ။ ဖေ့စ်ဘွတ်ကြောင့် နှစ်ရှည်စွာကွဲကွာနေသော မိသားစုများ၊ မိတ်ဆွေသူငယ်ချင်းများ ပြန်လည်ဆုံတွေ့ခွင့်ရကြသည်။ ဖေ့စ်ဘွတ်က ဆောင်ကြဉ်းပေးသော လူသား ကောင်းကျိုးများကို ရေးရလျှင် တော်တော်ရေးရမည် ဖြစ်ပါသည်။ လယ်ရီပေ့ချ်၊ ဆာဂျရီဘရင်း၊ မတ်ဇူကာဘတ်စသည့် ပညာရှိများသည် အတန်းပညာ၊ အတတ်ပညာ၊ အသိပညာ ပြည့်စုံခြင်းသာမက မိမိပညာများကို ကွန့်မြူးကာ စဉ်းစားတွေးခေါ်သည့်အတွက် တီထွင်မှုများလုပ်နိုင်သည်။ လူသားကောင်းကျိုးများကို ဆောင်ရွက်နိုင်သည်။

ထို့ကြောင့် ဗုဒ္ဓဘုရားရှင်က ပညာရှိကို ဆည်းကပ်ကိုးကွယ်ခြင်းသည် မင်္ဂလာမည်၏ဟု ဟောခဲ့ခြင်းဖြစ်ပါသည်။ အလိုရှိပါလျှင် ပညာရှိကို မိမိအနားတွင် အမြဲထား၍ရပါသည်။ မိမိအနားတွင် အမြဲထား၍ရသော ပညာရှိ

*စာမျက်နှာ ၁၂ သို့*

ဗုဒ္ဓအဆုံးအမဖြင့် အောင်မြင်ခြင်း စာအုပ်ပါ အကြောင်းအရာများသည် မင်္ဂလာတရားတော် ၃၈ ပါးအနက်မှ ၃၁ ပါးကို ခေတ်အမြင်ဖြင့် စာရေးသူက တစ်ပါးချင်းလေ့လာပြီး ဘဝအတွေ့အကြုံများပါ ပေါင်းစပ်ရေးသားထားခြင်း ဖြစ်ပါသည်။ စာဖတ်သူပရိသတ်များအနေဖြင့် မင်္ဂလာတရားတော်နှင့်အညီ လောကီအကျိုး၊ လောကုတ္တရာအကျိုးများ ရရှိဆင်ခြင်နိုင်စေရန် စေတနာမွန်ဖြင့် ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။

**စာတည်းအဖွဲ့**

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ CDM ပြုလုပ်ပြီး အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG အား ဆက်သွယ်ကူညီနေသော ဒေါက်တာထားထားလင်းအား ဖမ်းဆီးအရေးယူဆောင်ရွက်နေသည့် သတင်းထုတ်ပြန်ချက်

**နေပြည်တော် ဇွန် ၁၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း ညွှန်ကြားရေးမှူး ဒေါက်တာထားထားလင်းသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်မှစ၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် အဆက်အသွယ်ဖြတ်ကာ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း လက်ကျန်ငွေကျပ် ၁၆၁.၁၉၈ သန်းအား ငွေစာရင်းရှင်းလင်းခြင်းမရှိဘဲ CDM ဝန်ထမ်းအဖြစ် ခံယူသွားခဲ့သူဖြစ်ပါသည်။ ထို့ကြောင့် ဒေါက်တာထားထားလင်းအား ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်တွင် ဥတ္တရသီရိမြို့နယ်၊ ဘုရားကုန်းမြို့မ ရဲစခန်းမှ (ပ)၁၁/၂၀၂၁၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်လှစ်ခဲ့ပြီးနောက် ဆက်လက်ရှာဖွေစုံစမ်းခဲ့ရာ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၀ ရက်တွင် ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ နဝဒေးလမ်းဘေးတွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရပါသည်။

တရားခံ ဒေါက်တာ ထားထားလင်း၏ ထွက်ဆိုချက်အရ ၎င်းသည် CDM ဆရာဝန်အဖြစ်ခံယူလုပ်ဆောင်ခဲ့သည့်အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် ၎င်းနှင့်အတူ တာဝန်ထမ်းဆောင်ခဲ့သော CDM ဆရာဝန်များနှင့်ဝန်ထမ်းများကို ဆက်သွယ်စည်းရုံး၍ CDM လှုပ်ရှားသူများ ပင်မအုပ်စု(CDMer Core Group)ကို ဖွဲ့စည်းပြီးနောက် မတရားအသင်းနှင့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားသည့် NUG နှင့်ပေါင်းစပ်လှုပ်ရှားခဲ့ကြောင်း သိရှိရပါသည်။

မတရားအသင်းနှင့် အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG ၏ ကျန်းမာရေးဝန်ကြီးအဖြစ်ခံယူထားသော တရားခံပြေး ဇော်ဝေစိုးသည် ၂၀၂၁ ခုနှစ်၊ မတ်လ ၁၅ ရက်တွင် Signal Application မှတစ်ဆင့် ဒေါက်တာထားထားလင်းအား အဆက်အသွယ်ပြုလုပ်ကာ လုပ်ပေးနိုင်သမျှကူညီပေးရန် စတင်ဆက်သွယ်ပြောဆိုလာခဲ့ကြောင်း၊ ၎င်းနောက် တရားခံပြေး ဇော်ဝေစိုးသည် ၎င်းအား Zoom Meeting ဖြင့် မကြာခဏချိတ်ဆက်ကာ CDM ဝန်ထမ်းများအတွက် အားပေးစကားမိန့်ခွန်းရေးသားပေးရန် အကူအညီတောင်းခံသည့်အတွက် မိန့်ခွန်းရေးသားပေးပို့ခဲ့ကြောင်း၊ NUG ၏ ကျန်းမာရေးလုပ်ငန်းစဉ်အတွက် Program များ ရေးသားပေးရန်စေခိုင်းခဲ့သဖြင့် ဆောင်ရွက်ပေးခဲ့ရကြောင်း၊ Zoom Meeting အတွက် သတင်းအချက်အလက်နှင့် ဗယားကားချပ်များ ပြင်ဆင်ပေးခဲ့ရကြောင်း သိရှိရပါသည်။

တရားခံပြေး ဇော်ဝေစိုးသည် NUG ၏ ကျန်းမာရေးလုပ်ငန်းစဉ်အတွက် ကုသပေးရမည့် ဆေးဝါးစာရင်းပြုစုခြင်း၊ လူဦးရေနှင့် ဆေးဝါးလိုအပ်ချက် တွက်ချက်ပေးခြင်း၊ ကုန်ကျစရိတ်တွက်ချက်ပေးခြင်းတို့ကို ဒေါက်တာ ထားထားလင်းအား တာဝန်ပေးစေခိုင်းခဲ့ပြီး တစ်နိုင်ငံလုံး အကြမ်းဖက်လှုပ်ရှားမှုနှင့် ဆက်စပ်ဖြစ်ပေါ်လာမည့် ကုသရေးအသုံးစရိတ် ၆ လစာအတွက် အမေရိကန်ဒေါ်လာ ၈ သန်းဖြင့် တွက်ချက်စေခဲ့ကြောင်း၊ ၎င်းကျန်းမာရေးအထောက်အပံ့လိုအပ်ငွေ အမေရိကန်ဒေါ်လာ ၈ သန်းအား နိုင်ငံတကာအလှူရှင်အဖွဲ့အစည်းများထံမှ Grant Proposal တင်ပြတောင်းခံ သုံးစွဲသွားရန် စီစဉ်ထားကြောင်း သိရှိရပါသည်။

တရားခံပြေး ဇော်ဝေစိုးသည် ၎င်း၏ ကွပ်ကဲမှုအောက်တွင် ဒေါက်တာထားထားလင်းအား Public Health Team အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ပေးထားပြီး အဆိုပါ Public Health Team တွင် ဒေါက်တာထားထားလင်းအပါအဝင် ယခင်ကျန်းမာရေးဝန်ကြီးဌာနမှ CDM ဝန်ထမ်းများအဖြစ် ထွက်ပြေးတိမ်းရှောင်နေသော ဆရာဝန် ၁၂ ဦးဖြင့် အောက်ပါအတိုင်းဖွဲ့စည်းထားကြောင်း သိရှိရပါသည်-

၁။ ဒေါက်တာ ထားထားလင်း(အဖွဲ့ခေါင်းဆောင်)
၂။ ဒေါက်တာ သူဇာချစ်တင်(အဖွဲ့ဝင်)
၃။ ဒေါက်တာ မျိုးမျိုးမွန်(အဖွဲ့ဝင်)
၄။ ဒေါက်တာ အောင်စိုးထက်(အဖွဲ့ဝင်)
၅။ ဒေါက်တာ ထူးမြင့်ဆွေ(အဖွဲ့ဝင်)
၆။ ဒေါက်တာ ချိုချိုစန်း(အဖွဲ့ဝင်)
၇။ ဒေါက်တာ စုစုလင်း(အဖွဲ့ဝင်)
၈။ ဒေါက်တာ လွင်မာလှိုင်(အဖွဲ့ဝင်)
၉။ ဒေါက်တာ ငြိမ်းငြိမ်းချစ်(အဖွဲ့ဝင်)
၁၀။ ဒေါက်တာ ခင်ငြိမ်းချမ်း(အဖွဲ့ဝင်)
၁၁။ ဒေါက်တာ မိုးကျော်သူ(အဖွဲ့ဝင်)
၁၂။ ဒေါက်တာ စန်းသန္တာ(အဖွဲ့ဝင်)

ဒေါက်တာ ထားထားလင်း ဦးဆောင်သော Public Health Team ၏ အောက်တွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် State Health Admin Team (SHAT)ကို အဖွဲ့ခေါင်းဆောင် ဒေါက်တာ မိုးကျော်သူ (ယခင်ဘီးလင်းမြို့နယ် ကျန်းမာရေးမှူး) အပါအဝင် ၁၀ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းထားကြောင်း သိရှိရပါသည်-

၁။ ဒေါက်တာ မိုးကျော်သူ(အဖွဲ့ခေါင်းဆောင်)
၂။ ဒေါက်တာ နိုင်နိုင်ထွန်း(အဖွဲ့ဝင်)
၃။ ဒေါက်တာ ရှာရွန်ပါရ်(အဖွဲ့ဝင်)
၄။ ဒေါက်တာ အောင်ကြည်(အဖွဲ့ဝင်)
၅။ ဒေါက်တာ ဒယ်နီလင်း(အဖွဲ့ဝင်)
၆။ ဒေါက်တာ နှင်းအိဖြူ(အဖွဲ့ဝင်)
၇။ ဒေါက်တာ ချစ်ကိုဟန်(အဖွဲ့ဝင်)
၈။ ဒေါက်တာ စုစုလှိုင်(အဖွဲ့ဝင်)
၉။ ဒေါက်တာ ဇက်လွမ်းခေါင်(အဖွဲ့ဝင်)
၁၀။ ဒေါက်တာ ကျော်သူဆွေ(အဖွဲ့ဝင်)


SHAT အဖွဲ့၏အောက်တွင် လက်တွေ့အကောင်အထည်ဖော်ရန် မြို့နယ်အဆင့် Township Health Admin Team (THAT)များကို ဆက်လက်ဖွဲ့စည်းလျက်ရှိကြောင်း၊ SHAT အဖွဲ့နှင့် THAT အဖွဲ့များအကြား Online ဖြင့် ချိတ်ဆက်လှုပ်ရှားပေးရန်အတွက် Clinicians Team အား ဒေါက်တာစန်းသန္တာအပါအဝင် ၅ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းထားကြောင်း သိရှိရပါသည်-

၁။ ဒေါက်တာ စန်းသန္တာ(အဖွဲ့ခေါင်းဆောင်)
၂။ ဒေါက်တာ မောင်မောင်ငြိမ်းထွန်း(အဖွဲ့ဝင်)
၃။ ဒေါက်တာ ဆွေဇင်ဦး(အဖွဲ့ဝင်)
၄။ ဒေါက်တာ ရဲဇင်အောင်(အဖွဲ့ဝင်)
၅။ ဒေါက်တာ ဇေမင်းထွန်း(အဖွဲ့ဝင်)

သို့ဖြစ်၍ တရားခံပြေး ဇော်ဝေစိုးနှင့် အကြမ်းဖက်အဖွဲ့အစည်း NUG ၏ ညွှန်ကြားစေခိုင်းမှုများကို လိုက်ပါလုပ်ဆောင်လျက်ရှိကြသည့် ဒေါက်တာထားထားလင်းအပါအဝင် Public Health Team အဖွဲ့ဝင် ဆရာဝန် ၁၂ ဦး၊ SHAT အဖွဲ့ဝင် ဆရာဝန် ၁၀ ဦး၊ Clinicians Team အဖွဲ့ဝင် ဆရာဝန် ၅ ဦး စုစုပေါင်း ၂၅ ဦး တို့အား ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က၊ မတရားအသင်းနှင့် ဆက်သွယ်ဆောင်ရွက်မှုအတွက် ပုဒ်မ ၁၇(၁)တို့ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မိဘပြည်သူများအနေဖြင့် အဆိုပါ ဆက်စပ်တရားခံများအား ဝိုင်းဝန်းဖမ်းဆီးနိုင်ပါရန်၊ တွေ့ရှိပါက နီးစပ်ရာနယ်မြေခံတပ်၊ ရဲစခန်းများသို့ ဆက်သွယ်အကြောင်းကြားပေးပါရန်နှင့် လက်ခံထားသူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**တရားခံပြေး ဇော်ဝေစိုးနှင့် တရားခံ ဒေါက်တာထားထားလင်းတို့၏ လက်အောက်ခံ ကျန်းမာရေးလှုပ်ရှားမှုအဖွဲ့များ ဆက်နွှယ်မှု Diagram**



*စာမျက်နှာ ၁၀ မှ*

သည် စာအုပ်ဖြစ်ပါသည်။ စာဖတ်သည့် အလေ့အကျင့်ကို ပြုစုပျိုးထောင်ရပါမည်။ စာများများ ဖတ်ရပါမည်။ သုတ စာပေ၊ ရသ စာပေအားလုံး ဖတ်ရပါမည်။ စာဖတ်ပြီးလျှင် တွေးရန်လိုပါသည်။ တွေးပြီးလျှင် စဉ်းစားရပါမည်။ စဉ်းစားပြီးလျှင် ဆင်ခြင်ရပါမည်။ ဆင်ခြင်သည့်အတွက် အမှားအမှန်ကို ခွဲခြားသိနိုင်ပါ သည်။ အမှားအမှန်ကို ခွဲခြားသိသည့်အခါ အတွေးမှန်၊ အမြင်မှန်များရလာပြီး အလုပ်များလည်းမှန်လာပါမည်။ အတွေးမှန် အလုပ်မှန်သည့်အခါ ချမ်းသာအောင်မြင်မှုကိုလည်း ရမည်ဖြစ်ပါသည်။

မိမိပတ်ဝန်းကျင်တွင် မိမိကအတော်ဆုံး၊ အတတ်ဆုံးဖြစ်နေလျှင်လည်း ပတ်ဝန်းကျင်မှားနေသည်ဟု ဆိုရပါမည်။ မိမိတွင် သင်ယူဖို့ အခွင့်အလမ်း နည်းသွား၍ ဖြစ်ပါသည်။ မိမိထက် အတတ်ပညာ မြင့်မားသူ၊ အသိပညာ မြင့်မားသူ၊ အတွေးအခေါ်မြင့်မားသူများနှင့် ပေါင်းသင်းရန်လိုပါသည်။ မိမိနားတွင် ဝန်းရံထားရန်လိုပါသည်။ ပညာရှိတစ်ယောက်တွင် ရှိရမည့် အရည်အသွေးများကိုလည်း ဖော်ပြပြီး ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် မိမိလေးစားအားကျပြီး မိမိကိုလမ်းညွှန်မှုများပေးနိုင်သည့် ပညာရှိဆရာတစ်ဦးကိုလည်း ချဉ်းကပ်၍ တပည့်အဖြစ်ခံယူ၍ အကြံဉာဏ်များ တောင်းခံခြင်း၊ လိုက်နာခြင်းတို့လုပ်မှသာ ချမ်းသာအောင်မြင်မှုကို ရရှိပါမည်။

"မှတ်သားစရာ"

*ပညာရှိကို တွေ့အောင်ရှာပါ။ တွေ့လျှင် ဆည်းကပ်ရပါမည်။ ပညာရှိများကို ဆည်းကပ်မှသာ မင်္ဂလာတရားတော်နှင့်အညီ ချမ်းသာအောင်မြင်မှုကို ရပါမည်။*

ကျမ်းကိုး

၁။ တပင်ရွှေထီး၊ ဘုရင့်နောင်နှင့် ဒုတိယမြန်မာနိုင်ငံတော်။ ဟိန်းဇေ။
၂။ ၂၁ရာစုတစ်လွှား လူသားအကျိုးပြု၍ ချမ်းသာအောင်မြင်လာသူများ။ ကျော်ကျော်လှိုင်။
၃။ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင် မှုလေ့လာခြင်း (ဒုတိယမြန်မာနိုင်ငံတော်)။ ကျော်ကျော်လှိုင်။

## တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းလေးသောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် ဇွန် ၁၂**

တပ်မတော်အနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအနက် ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍမြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် နယ်လှည့်ဆေးကုသရေးအဖွဲ့များ စုစည်း၍ ဒေသခံပြည်သူလူထုအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လိုအပ်သည့် ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ကုသပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ၎င်းအပြင် ပြည်သူလူထု၏ အရေးပေါ်ကျန်းမာရေးဆိုင်ရာကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၄၃၃၈၆ ဦးနှင့် အတွင်းလူနာပေါင်း ၇၁၉၉၀ တို့ကို ကုသပေးနိုင်ခဲ့သည်။

၎င်းလူနာများအနက် အကြီးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၁၁၃၄၉ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၅၈၆၁ ဦး၊ စုစုပေါင်း ၁၇၂၁၀ တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ထို့ပြင် ကလေးမီးဖွားလူနာ ၅၇၈၂ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၈၃၃၂ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၄၁၁၄ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး ဆက်လက်၍လည်း တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍမြင့်မားရန်အတွက် အရှိန်အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ် လှူဒါန်း



**နေပြည်တော် ဇွန် ၁၂**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီး ကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် သထုံမြို့ရှိ ဘုရားခြောက်ဆူပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း ရပ်ကွက်ရှိ အသောကာရုံ ရွှေကျင်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့ရှိ မိုးကောင်းပရိယတ္တိစာသင်တိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ရှိ ဝိသုဒ္ဓါရုံ သိမ်ဦးစာသင်တိုက်တို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ကွင်းကောက်မြို့ရှိ ဓမ္မဒူတနိဗ္ဗိန္ဒတောရကျောင်းတိုက်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ ဝိသုဒ္ဓါရုံသိမ်ဦးစာသင်တိုက်တို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား နေ့ဆွမ်းများကို လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# သီရိလင်္ကာနိုင်ငံတွင် ဇွန် ၂၁ ရက်အထိ တစ်နိုင်ငံလုံးအနှံ့ခရီးသွားလာမှု ကန့်သတ်ခြင်းကို တိုးချဲ့သွားမည်

**ကိုလံဘို ဇွန် ၁၂**

သီရိလင်္ကာနိုင်ငံတွင် တစ်နိုင်ငံလုံးအနှံ့ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်မှုကို ဇွန် ၂၁ ရက် မတိုင်မီအထိ ထပ်မံတိုးချဲ့လိုက်သည်ဟု အာဏာပိုင်များက ဇွန် ၁၁ ရက်တွင် ကြေညာခဲ့သည်။ နောက်ထပ် ကိုဗစ်–၁၉ ကူးစက်ပျံ့နှံ့မှုများကို တားဆီးသည့်အနေဖြင့် ယခုလို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

သမ္မတဂေါ့တာဘာယာရာဂျာပါစကာနှင့် ကိုဗစ်–၁၉ လုပ်ငန်း အဖွဲ့အစည်းအဝေးအပြီးတွင် ယခုလို ခရီးသွားလာမှု ကန့်သတ်မှုအချိန်ကို ထပ်တိုးကြောင်း အမျိုးသား ကိုဗစ် – ၁၉ ကာကွယ်ရေးစင်တာ အကြီးအကဲဖြစ်သူ ဗိုလ်ချုပ်ရှာဗန်ဒရာဆယ်ဗာက ဆင်ဟွာသို့ ပြောသည်။ ယခင်က ထုတ်ပြန်ထားသည့် ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်မှာ ဇွန် ၁၄ ရက်တွင် သက်တမ်းကုန်ဆုံးတော့မည် ဖြစ်သည်။

သို့သော်လည်း အဓိကဆောက်လုပ်ရေး လုပ်ငန်းများ၊ မရှိမဖြစ်လိုအပ်သည့်ထောက်ပံ့ရေးပစ္စည်းများ ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများ၊ စီးပွားရေးစင်တာများနှင့် စိုက်ပျိုးရေးလုပ်ငန်းများကိုမူ ကန့်သတ်မှုများကြားမှ လုပ်ငန်းလည်ပတ်ခွင့်ပေးထားသည်။ အခြားသောသူများကိုမူ နေအိမ်၌သာနေရန် တိုက်တွန်းထားသည်ဟု ၎င်းက ဆက်ပြောသည်။ သီရိလင်္ကာနိုင်ငံသည် ကိုဗစ် –၁၉ တတိယအကြိမ်နှင့် ရင်ဆိုင်နေရပြီး ကူးစက်ခံရသူပေါင်း ၂၁၈၀၀၀ ကျော် ရှိနေပြီဖြစ်သည်။

**ဆင်ဟွာ**



သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ကိုဗစ် – ၁၉ ဆေးစစ်ရန် စောင့်ဆိုင်းနေကြစဉ်။

# အသက် ၆၀ အောက်များအတွက် အက်စ်ထရာဇနီကာ ကိုဗစ် -၁၉ ကာကွယ်ဆေးအသုံးပြုမှုကို ဆိုင်းငံ့သွားမည်

**ရောမ ဇွန် ၁၂**

အီတလီနိုင်ငံတွင် အသက် ၆၀ အောက်လူများကို အက်စ်ထရာဇနီကာ ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးနှံပေးမှုကို ဆိုင်းငံ့သွားမည်ဟု ဇွန် ၁၁ ရက်တွင် ကြေညာခဲ့သည်။ အပတ်စဉ်ပြုလုပ်နေကျ ကိုဗစ် – ၁၉ ကပ်ရောဂါသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။




အက်စ်ထရာဇနီကာ ကိုဗစ် – ၁၉ ကာကွယ်ဆေး။

မေ ၂၅ ရက်တွင် အက်စ်ထရာဇနီကာ ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူပြီးနောက် အသက် ၁၈ နှစ်အရွယ် အမျိုးသမီးတစ်ဦး သွေးခဲမှုဖြင့် သေဆုံးပြီးနောက် ယခုလိုကြေညာချက်ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ အမျိုးသမီးငယ်မှာ သွေးထွက်သည့်အခါ ခဲစေသည့် ပန်းကန်ပြားပုံ ကလာပ်စည်းနှင့် ပတ်သက်သည့် ဝေဒနာခံစားနေရသူဖြစ်ပြီး ဟော်မုန်းနှစ်ဆကုထုံးခံယူနေသူလည်းဖြစ်သည်။

ကာကွယ်ဆေးထိုးစဉ်အတွင်း အဆိုပါ ဖြစ်စဉ်ကို သတင်းပေးထားခြင်းရှိ မရှိကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဟုလည်း အီတလီသတင်း အေဂျင်စီဖြစ်သည့်အန်ဆာတွင် ဖော်ပြထားသည်။ အသက် ၆၀ အောက် အက်စ်ထရာဇနီကာ ကိုဗစ် – ၁၉ ကာကွယ်ဆေးပထမ အကျော့ထိုးပြီးသူများသည် ဒုတိယအကျော့ ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးရာတွင် ကိုဗစ် – ၁၉ ကာကွယ်ဆေး နောက်ထပ် အမျိုးအစားတစ်ခု ထိုးသွားရန်လည်း သိပ္ပံနည်းပညာ ကော်မတီက အကြံပြုထားသည်။

အီတလီနိုင်ငံတွင် ကိုဗစ် –၁၉ ကာကွယ်ဆေး ၄၀ ဒသမ ၇ သန်း ထိုးပေးပြီးဖြစ်ပြီး အသက် ၁၂ နှစ်နှင့်အထက် လူဦးရေ ၂၅ ရာခိုင်နှုန်းသို့မဟုတ် ၁၃ ဒသမ ၇ သန်းကျော်ကို ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးပေးပြီးဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် နောက်ဆုံး အချက်အလက်များအရ သိရသည်။

**ဆင်ဟွာ**

# ဖေဖော်ဝါရီလမှစတင်ကာ အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်မှု အများဆုံးနှင့်ရင်ဆိုင်နေရ

**ဂျကာတာ ဇွန် ၁၂**

အရှေ့တောင်အာရှနိုင်ငံများတွင် ကိုဗစ် – ၁၉ ကူးစက်ပျံ့နှံ့မှု များပြားနေပြီး ဇွန် ၁၁ ရက်တွင်လည်း အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ် –၁၉ ကူးစက်ခံရသူ ၈၈၉၂ ဦးထပ်မံ တွေ့ရှိခဲ့သည်။ ဖေဖော်ဝါရီလအတွင်းမှ စတင်ကာ နေ့စဉ်ကူးစက်မှု ပထမဆုံးအကြိမ် ၈၀၀၀ အထက်တွင် ရှိနေခြင်းဖြစ်သည်။ မေလကုန်ပိုင်း အားလပ်ရက်ကာလတွင် ခရီးသွားလာမှုများ များပြားလာသည့်အတွက် ကူးစက်မှုများ များလာခြင်းဖြစ်သည်။

ဒေသခံအစိုးရများအနေဖြင့် လူနာများနှင့်ထိစပ်သူများကိုခြေရာခံရန်နှင့်ကူးစက်ခံရသူများကိုရှာဖွေနိုင်ရေးဆေးစစ်မှုများလုပ်ဆောင်ရန် အစိုးရက ညွှန်ကြားထားသည်။ အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုသည် ဆေးရုံရှိ ကိုဗစ် –၁၉ ကာကွယ်ဆေး ထိုးပေးရာနေရာသို့ လာရောက်ကြည့်ရှုပြီးနောက် ဇူလိုင်လကုန်လျှင် တစ်နေ့လျှင် လူပေါင်းတစ်သန်းအား ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးပေးနိုင်သည်ကို တွေ့မြင်လိုသည်ဟု ပြောသည်။

အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တောင်အာရှတွင် ကိုဗစ် – ၁၉ကူးစက်မှု များပြားသည့်နိုင်ငံဖြစ်ပြီး ကူးစက်ခံရသူ ၁ ဒသမ ၈၈ သန်းကျော်ရှိကာ သေဆုံးသူ ၅၂၀၀၀ ကျော်ရှိသည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

# တူရကီ၊ အီသီယိုပီးယားနှင့် ယူကရိန်းနိုင်ငံတို့သို့ ခရီးသွားလာခွင့်များ အစ္စရေးဖြေလျှော့ပေးတော့မည်

**ဂျေရုဆလင် ဇွန် ၁၂**

အစ္စရေးနိုင်ငံသည် တူရကီ၊ အီသီယိုပီးယားနှင့် ယူကရိန်းနိုင်ငံတို့သို့ ခရီးသွားလာခွင့် ဖြေလျှော့မှုများကို ဇွန် ၁၄ ရက်မှ စတင်ကာ ဖြေလျှော့ ပေးတော့မည်ဟု ကျန်းမာရေး ဝန်ကြီးဌာနနှင့် ဝန်ကြီးချုပ်ရုံး၏ ဇွန် ၁၁ ရက် ပူးတွဲ ထုတ်ပြန်ကြေညာချက်အရ သိရသည်။



အဆိုပါ ဆုံးဖြတ်ချက်မှာ အဆိုပါ သုံးနိုင်ငံတွင် မကြာသေးမီအချိန်အတွင်း ကိုဗစ် – ၁၉ ကြောင့် သေဆုံးမှုနှုန်း သိသိသာသာ လျော့ကျလာသည့်အတွက် ချမှတ်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ သို့သော်လည်း အစ္စရေးနိုင်ငံမှ အိန္ဒိယ၊ တောင်အာဖရိက၊ မက္ကဆီကို၊ ဘရာဇီး၊ ရုရှားနှင့် အာဂျင်တီးနားနိုင်ငံတို့သို့ ခရီးသွားလာခွင့်ကိုမူ ဆက်လက်ပိတ်ပင်ထားဆဲ ဖြစ်သည်။

အဆိုပါ နိုင်ငံများသို့ သွားလာလိုသည့် အစ္စရေးနိုင်ငံသားများနှင့် အမြဲတမ်းနေထိုင်ခွင့်ရရှိထားသူများသည် ကော်မတီထံသို့ လျှောက်ထားရမည် ဖြစ်သည်။

**ဆင်ဟွာ**

# အီဂျစ်နိုင်ငံမှလာသူများ ဂျပန်အသွားအလာကန့်သတ်ရေး စင်တာတွင် ခြောက်ရက်ကြာ နေရမည်

**တိုကျို ဇွန် ၁၂**

အီဂျစ်နိုင်ငံမှ လာရောက်မည့်ခရီးသွားများသည် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာတွင် ခြောက်ရက်ကြာ နေထိုင်ရန်လိုအပ်သည်ဟု ဂျပန်အစိုးရက ဇွန် ၁၁ ရက်တွင် ပြောသည်။ အိန္ဒိယတွင် တွေ့ရှိရသည့် ဗီဇပြောင်း ကိုဗစ် –၁၉ ကူးစက်မှုအန္တရာယ်မှ တားဆီးနိုင်ရေးအတွက် ယခုလိုပြုလုပ်ရခြင်း ဖြစ်သည်။

အမေရိကန်ပြည်ထောင်စု ကန်ဆက်ပြည်နယ်၊ ကန်တက်ကီ၊ မစ္စစ္စပီ၊ ဝါရှင်တန်နှင့် လူဝီစီယားနား ပြည်နယ်များမှလာသူများသည် သတ်မှတ်ထားသည့် အဆောက်အအုံတွင် သုံးရက်ကြာနေထိုင်ရမည်ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်မှ လာသူများသည် ယခင်အသွားအလာကန့်သတ်စောင့်ကြည့်မှု ၁၀ရက်မှ ယခုအခါ ခြောက်ရက်သို့ လျှော့ချပေးလိုက်သည်ဟု သိရသည်။

ဖင်လန်နိုင်ငံ၊ ပိုလန်နိုင်ငံနှင့် အမေရိကန်ပြည်နယ်သုံးခုဖြစ်သည့် အိုကလာဟိုးမား၊ ကယ်လီဖိုးနီးယားနှင့် နီဘရာစကာတို့မှ လာသည့် ခရီးသွားများကို ယခင်က သုံးရက်ကြာ အသွားအလာကန့်သတ်စောင့်ကြည့်ရန် သတ်မှတ်ထားသော်လည်း ယခုအခါ ဖြေလျှော့ပေးလိုက်ပြီဟု သိရသည်။

**ကျိုဒို**

# ဘဏ္ဍာရေးအကျပ်အတည်းများကြားတွင် ဆေးဝါးပြတ်တောက်မှုနှင့်ပါ ရင်ဆိုင်လာရသည့် လက်ဘနွန်နိုင်ငံ

— — — နှင်းမိုးအိမ် — — —

လက်ဘနွန်နိုင်ငံသားတစ်ဦးဖြစ်သည့် တရစ်နော်ရီသည် အဘိုးဖြစ်သူအတွက် ကျောက်ကပ်ဆေး ရှာဖွေနေကြောင်းကို လူမှုကွန်ရက်တွင် တင်ခဲ့သည်။ ၎င်း၏ အဘိုးဖြစ်သူမှာ ကျောက်ကပ်တစ်လုံးတည်းသာအလုပ်လုပ်တော့သည်။ နောက်ထပ်လက်ဘနွန်နိုင်ငံသားတစ်ဦးဖြစ်သည့် အိုဒီအဘူချာကရာ ကလည်း ၎င်း၏ မိသားစုဝင်တစ်ဦး ဆီးချိုရောဂါဖြစ်ပွားနေသည့်အတွက် လိုအပ်သည့်ဆေးဝါးကို ရှာမရဖြစ်နေကြောင်း လူမှုကွန်ရက်ပေါ်တွင် တင်ထားသည်။

## မကြာခဏတွေ့ရသည့်ပြဿနာ

ယင်းကဲ့သို့ ဆေးရှာဖွေမရသည့် ပြဿနာများမှာ လွန်ခဲ့သည့် နှစ်လနီးပါးကတည်းက လူမှုကွန်ရက်ပေါ်တွင် မကြာမခဏဆိုသလို တွေ့နေရသည့် ပြဿနာများပင်ဖြစ်သည်။ လက်ဘနွန်နိုင်ငံတွင် ဘဏ္ဍာရေးအကျပ်အတည်းများ ပိုမိုဆိုးရွားလာပြီးနောက် ယခုလို ပြဿနာများ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထို့ပြင် ဆေးဆိုင်များတွင် လူတန်းရှည်ကြီးဖြစ်အောင် စောင့်ဆိုင်းနေရသည့် ဈေးဝယ်သူများကိုလည်း မကြာခဏတွေ့မြင်လာရသည်။

## ပို၍ဆိုးရွားလာ

၂၀၂၀ ပြည့်နှစ် နှောင်းပိုင်းတွင် ပြည်ပမှတင်သွင်းရသည့် ကုန်ပစ္စည်းများအတွက် အမေရိကန်ဒေါ်လာ ပြတ်တောက်မှုကြောင့် ဆေးဘက်ထောက်ပံ့ငွေများကို ဖျက်သိမ်းလိုက်သည်ဟု ဗဟိုဘဏ်မှ ကြေညာပြီးနောက် အဆိုပါပြဿနာများ ပို၍ဆိုးရွားလာခြင်းဖြစ်သည်။ အာဏာပိုင်များနှင့် ပြည်သူများ ဖိအားများအောက်ရောက်နေရပြီး နောက်ပိုင်းတွင် ဆေးဘက်ဆိုင်ရာထောက်ပံ့မှုများကို ဆက်လက်ပြုလုပ်သွားမည်ဟု ဗဟိုဘဏ်က ကြေညာခဲ့သည်။ သို့သော်လည်း လက်တွေ့ကျသည့်လှုပ်ရှားမှုမျိုးကိုမူ မလုပ်နိုင်သေးပေ။ ဗဟိုဘဏ်မှ ထောက်ပံ့ကြေးများကို ဒေါ်လာဖြင့်ပေးအပ်မည်ဟု မကမ်းလှမ်းမီကတည်းကပင် ဆေးဝါးတင်သွင်းသူများသည် စာရင်းများ ချက်ချင်းပြင်နေကြပြီဖြစ်သည်။

## မသေချာဖြစ်နေ

ထောက်ပံ့ကြေးများ ဖျက်သိမ်းလိုက်ခြင်းကြောင့်လည်း ဆေးဝါးတင်သွင်းသူများက ပြန်လည်ဖြန့်ဖြူးသူများထံ ဆေးများကို ဈေးကြီးကြီးဖြင့် ရောင်းချနေရသည်။ လက်ဘနွန်နိုင်ငံသားများမှာ ကြားညပ်နေရသည်။ အစိုးရက ပြည်သူများ ဈေးသက်သက်သာသာဖြင့် ဆေးဝယ်ရောင်းချပေးနိုင်ရေးအတွက် ဆေးဘက်ပစ္စည်းများ ဝယ်ယူရန် ထောက်ပံ့ကြေးကို ဆက်လက်ပေးစေလိုသည်။ သို့သော်လည်း ဗဟိုဘဏ်ဘက်ကမူ ဆေးဘက်ပစ္စည်းများဝယ်ယူရေးထောက်ပံ့ကြေးမူဝါဒကို ဆက်လက်ထိန်းသိမ်းထားနိုင်မှုရှိမရှိမသေချာဖြစ်နေသည်ဟု လက်ဘနွန်ရှိ ဆေးဆိုင်ပိုင်ရှင်တစ်ဦးဖြစ်သူ မိုဟာမက် ဂျာဘာက ဆင်ဟွာသို့ ပြောသည်။

## မှောင်ခိုဈေးကွက်တွင် ပြန်လည်ရောင်းချ

ထို့ပြင် လက်ဘနွန်နိုင်ငံတွင် ဆေးဝါးများ ပြတ်တောက်လျက်ရှိပြီး မှောင်ခိုဈေးကွက်များ ဖြစ်ပေါ်နေကြောင်းကိုလည်း ၎င်းက ဆက်လက်ပြောကြားသည်။ အချို့သောသူများသည် ဆေးဆိုင်များတွင် ဆေးများဝယ်ယူစုဆောင်းကြပြီး မှောင်ခိုဈေးကွက်တွင် ကုန်သည်များကို ပြန်လည်ရောင်းချကြသည်။ အဆိုပါကုန်သည်များသည် အီဂျစ်၊ ဂျော်ဒန်အစရှိသည့် နိုင်ငံများသို့ ပြန်လည်ရောင်းချသည်ဟု ၎င်းက ဆက်ပြောသည်။ အခြားသော အိမ်နီးချင်းနိုင်ငံများထက် ဈေးနိမ့်စွာ ရောင်းဝယ်ရန် မူဝါဒချမှတ်မှုကြောင့်ဟုလည်း ၎င်းက ဆက်လက်ပြောသည်။

## ပိတ်လိုက်ရသည့် ဆေးဆိုင်ပေါင်း ၃၀၀ ကျော်ရှိ

ဆေးဝါးကျွမ်းကျင်သူများအဖွဲ့ခေါင်းဆောင် ဂါဆန်အယ်အမင်ကလည်း ပြီးခဲ့သည့်နှစ်လအတွင်း စီးပွားရေးကျဆင်းမှုကြောင့် ပိတ်လိုက်ရသည့်ဆေးဆိုင်ပေါင်း ၃၀၀ ကျော်ရှိသည်ဟု ပြောသည်။ ဆေးဝါးအမျိုးစုံအတွက် ထောက်ပံ့ကြေးငွေပေးသည်ထက် အချိုးကျထောက်ပံ့ကြေးငွေပေးခြင်းကသာလျှင် လက်ရှိ အခက်အခဲကို လျင်လျင်မြန်မြန်ဖြေရှင်းပေးနိုင်မည်ဟု လက်ဘနွန်အာဏာပိုင်များကို ၎င်းက တိုက်တွန်းထားသည်။ ဆေးဝါးများအားလုံး ပြတ်တောက်သွားသည်ထက်စာလျှင် တချို့သောဆေးများကို ဈေးကြီးကြီးဖြင့် ပေးဝယ်ယူရခြင်းက ပြည်သူများအတွက် ပို၍ ကောင်းမွန်လိမ့်မည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

## ပြတ်လပ်မှုနှင့်ကြုံတွေ့နေရ

လာမည့်သီတင်းပတ်အတွင်း လက်ဘနွန်ရှိဆေးရုံများက ၎င်းတို့အနေဖြင့် ကျောက်ကပ်ဆေးခြင်းလုပ်ငန်းများကို ယာယီရပ်ဆိုင်းရတော့မည့် အခြေအနေရှိသည်ဟု ဇွန် ၉ ရက်တွင် ကြေညာခဲ့ကြသည်။ လက်ရှိလက်ဘနွန်နိုင်ငံတွင် ကြုံတွေ့နေရသည့် ဘဏ္ဍာရေးအကျပ်အတည်းနှင့် ကျန်းမာရေးစနစ်ပြိုလဲမှုပင်ဖြစ်သည်။ လက်ဘနွန်နိုင်ငံ၌ လက်ရှိတွင် ဆေးဝါး၊ လောင်စာဆီနှင့် အခြားသော အခြေခံပစ္စည်းများ ပြတ်လပ်မှုနှင့် ကြုံတွေ့နေရသည်။



ဘေရွတ်မြို့ရှိ ဆေးရုံတစ်ရုံတွင် လူနာတစ်ဦးအား ကုသမှုပေးနေသည်ကို တွေ့ရစဉ်။

**လက်ဘနွန်နိုင်ငံတွင် ကြုံတွေ့နေရသည့်အခက်အခဲမှာ နိုင်ငံရေးအလွှာအတွင်း အမြစ်တွယ်နေသည့် စီမံခန့်ခွဲမှုမှားယွင်းမှုနှင့် အကျင့်ပျက်ခြစားမှုတို့ကြောင့်ဖြစ်ပြီး လူ့ဦးရေထက်ဝက်ကျော်မှာလည်း ဆင်းရဲမွဲတေကြရသည်။ လက်ဘနွန်တွင် လက်ရှိကြုံတွေ့နေရသည့် အကျပ်အတည်းမှာ နှစ်ပေါင်း ၁၅၀ အတွင်း အဆိုးရွားဆုံး အခက်အခဲဟုလည်း ကမ္ဘာ့ဘဏ်ကပြော**

## အပြစ်ဖို့ထား

ဓာတ်ဆီဆိုင်များတွင်လည်း လောင်စာဖြည့်ရန် စောင့်ဆိုင်းနေကြရသည့် လူများကို တွေ့မြင်နေရသည်။ ၎င်းတို့ထဲမှ ကျန်းမာရေးကဏ္ဍမှာ အဆိုးဆုံးဖြစ်နေရသည်။ ဆေးဝါးပြတ်တောက်မှုများကြောင့် လာမည့်သီတင်းပတ်မှစတင်ကာ ကျောက်ကပ်ဆေးခြင်းလုပ်ငန်းများကို ယာယီဆိုင်းငံ့ထားရတော့မည်ဟု ဆရာဝန်များက ပြောသည်။ ဆေးဝါးတင်သွင်းသူများနှင့် ဗဟိုဘဏ်၏ ငွေကြေးထောက်ပံ့မှု အငြင်းပွားမှုများကြောင့် ဆေးဝါးပြတ်တောက်မှုများ ဖြစ်ပေါ်လာရသည်ဟုလည်း အပြစ်ဖို့ထားသည်။

## လူနာများ ဆက်လက်လက်ခံရန်မလွယ်

ဆေးရုံများနှင့် ဆေးဝါးကဏ္ဍမှာ ယင်းအခြေအနေတွင် ဆက်လက်ရှင်သန်ရန်မဖြစ်နိုင်ဟုလည်း လက်ဘနွန် အမေရိကန်တက္ကသိုလ်မှ ဆေးဘက်ဆိုင်ရာစင်တာမှ အကြီးအကဲဖြစ်သူ ဂျော့ဂန်နာက ပြောသည်။ ခက်ခဲသည့် နေ့ရက်များနှင့် အလွန်အမင်း နီးကပ်လာပြီဖြစ်ပြီး ယခုအခြေအနေအတိုင်းဆိုလျှင် လူနာများကို ဆက်လက်လက်ခံနိုင်တော့မည်မဟုတ်ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။ ကြက်ခြေနီအသင်း သို့မဟုတ် ဆေးရုံများသို့ ဆေးဝါးအကူအညီများ ပေးရန်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ကုလသမဂ္ဂထံ တောင်းဆိုထားသည်။

## အဆိုးရွားဆုံး အခက်အခဲ

လက်ရှိတွင် ဆေးဝါးအမျိုးအစားပေါင်း ၃၅၀ ကျော် လက်ဘနွန်နိုင်ငံ၌ ပြတ်တောက်နေသည်ဟု သိရသည်။ လက်ဘနွန်နိုင်ငံတွင် ကြုံတွေ့နေရသည့်အခက်အခဲမှာ နိုင်ငံရေးအလွှာအတွင်း အမြစ်တွယ်နေသည့် စီမံခန့်ခွဲမှုမှားယွင်းမှုနှင့် အကျင့်ပျက်ခြစားမှုတို့ကြောင့်ဖြစ်ပြီး လူ့ဦးရေထက်ဝက်ကျော်မှာလည်း ဆင်းရဲမွဲတေကြရသည်။ လက်ဘနွန်တွင် လက်ရှိကြုံတွေ့နေရသည့် အကျပ်အတည်းမှာ နှစ်ပေါင်း ၁၅၀ အတွင်း အဆိုးရွားဆုံးအခက်အခဲဟုလည်း ကမ္ဘာ့ဘဏ်က ပြောသည်။

## မေ့ဆေးပြတ်တောက်နိုင်

လောင်စာဆီအပါအဝင် အခြားသောကဏ္ဍများတွင်လည်း ခက်ခဲသည့် အခြေအနေများနှင့် ကြုံတွေ့နေရသော်လည်း ကျန်းမာရေးစောင့်ရှောက်မှုမှာ ထိခိုက်မှုအများဆုံးဖြစ်နေသည်။ အချို့သောဆေးရုံများတွင် ခွဲစိတ်ပေးမှုအချို့ကို ရပ်နားထားရသကဲ့သို့ ဓာတ်ခွဲခန်းများတွင်လည်း ပစ္စည်းမလုံလောက်မှုနှင့် ကြုံတွေ့နေရသည်။ ထို့ပြင် မကြာမီရက်ပိုင်းအတွင်း ခွဲစိတ်ကုသမှုများအတွက် မေ့ဆေးပြတ်တောက်မှုနှင့်ပါ ကြုံတွေ့လာနိုင်ဖွယ်ရှိသည်ဟု ဆရာဝန်များက သတိပေးထားသည်။ ။

ဆင်ဟွာ

# COVID – 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၆၆ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ နှစ်ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၃၂၄၁ ဦး ရှိ

### (၁၂-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၁-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၂-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၃,၄၁၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁၆၆) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၄၅,၃၃၂) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၅,၂၃၀) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၆၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၈၃၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID–19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၂၄၁) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၂-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၈၂) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၀၃) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၃) ခု | - |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၂၁) ခု | - |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀) | (၁၅၁) ခု | (၂၄) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၂၇) ခု | (၁၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၄၄) ခု | (၆၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၅၂၂) ခု | (၅၅) ဦး |
| စုစုပေါင်း | (၃,၄၁၃) ခု | (၁၆၆) ဦး |

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက်–

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်း ပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ၁၂ - ၆ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၃၀၆၄၄၆ | ၂၈၃၄၆၃၂၄ | ၆၁၄၇၃၈ |
| ၂။ | အိန္ဒိယ | ၂၉၃၅၉၁၅၅ | ၂၇၉၁၁၃၈၄ | ၃၆၇၀၉၇ |
| ၃။ | ဘရာဇီး | ၁၇၃၀၁၂၂၀ | ၁၅၇၁၈၅၉၃ | ၄၈၄၃၅၀ |
| ၄။ | ပြင်သစ် | ၅၇၃၃၈၃၈ | ၅၄၈၃၆၁၈ | ၁၁၀၃၄၄ |
| ၅။ | တူရကီ | ၅၃၀၉၃၅၉ | ၅၁၉၂၉၄၅ | ၄၈၅၉၃ |
| ၆။ | ရုရှား | ၅၁၉၃၉၆၄ | ၄၇၉၂၁၆၉ | ၁၂၆၀၇၃ |
| ၇။ | ဗြိတိန် | ၄၅၅၀၉၄၄ | ၄၂၈၄၇၃၃ | ၁၂၇၈၈၄ |
| ၈။ | အီတလီ | ၄၂၄၁၇၆၀ | ၃၉၄၉၅၉၇ | ၁၂၆၉၂၄ |
| ၉။ | အာဂျင်တီးနား | ၄၀၉၃၀၉၀ | ၃၆၆၈၆၇၂ | ၈၄၆၂၈ |
| ၁၀။ | ဂျာမနီ | ၃၇၃၃၆၀၀ | ၃၅၀၉၇၃၀ | ၈၀၅၀၁ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၂ – ၆ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၉၀၁၄၉၀ | ၁၇၄၀၄၃၆ | ၅၂၇၃၀ |
| ဖိလစ်ပိုင် | ၁၃၀၈၃၅၂ | ၁၂၂၅၃၅၉ | ၂၂၆၅၂ |
| မလေးရှား | ၆၅၂၂၀၄ | ၅၇၂၁၁၃ | ၃၈၄၄ |
| ထိုင်း | ၁၉၃၁၀၅ | ၁၅၀၂၇၁ | ၁၄၃၁ |
| မြန်မာ | ၁၄၅၂၃၀ | ၁၃၂၈၃၀ | ၃၂၄၁ |
| စင်ကာပူ | ၆၂၂၆၆ | ၆၁၇၉၉ | ၃၄ |
| ကမ္ဘောဒီးယား | ၃၇၉၅၉ | ၃၁၂၂၂ | ၃၂၀ |
| ဗီယက်နမ် | ၁၀၂၄၁ | ၃၈၀၄ | ၅၈ |
| လာအို | ၁၉၉၀ | ၁၈၅၉ | ၃ |
| ဘရူနိုင်း | ၂၄၈ | ၂၃၉ | ၃ |



# ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့၌ ဆူပူအော်ဟစ်ကြိမ်းမောင်းမှု၊ မော်တော်ယာဉ် မီးရှို့မှုနှင့် ပြည်သူပိုင်ပစ္စည်းများ ဖျက်ဆီးခဲ့သူများအား ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် ဇွန် ၁၂**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ် (၈) ရပ်ကွက် သီတာ (၃) လမ်းရှိ မ/၆၄(ခ)နေ ဦးသိန်းအေးနှင့် ဒေါ်လှလှဝင်းတို့၏ နေအိမ်ရှေ့၌ မတ် ၁၃ ရက်မှ ၁၅ ရက်အထိ ညွန့်လွင် (ခ) မောင်ညွန့် (ဘ) ဦးအေး၊ နီလာစိမ်း(ဘ)ဦးရွှေလင်း၊ ဖြိုးဝေ(ခ) ဖြိုးဝေလွင်(ဘ)ဦးညွန့်လွင်၊ ပပဝင်း(ခ) ဖြိုးပပသိန်း(ဘ)ဦးသောင်းညွန့်၊ ညီညီ(ဘ) ဦးမြင့်လွင်၊ ငပိန် (ခ) အာကာလင်း (ဘ) ဦးကိုသန်းတင်၊ ထွန်းကြည် (ဘ) ဦးခင်မောင်၊ ကြည်သာဦး (ဘ) ဦးထွန်းကြည်၊ ခင်အောင် (ဘ) ဦးအောင်ညွန့်၊ သီဟကို (ဘ) ဦးအောင်မျိုးဦးနှင့် ဇော်ထူး (ဘ) ဦးဇော်နိုင်တို့က ဆူပူအော်ဟစ်ကြိမ်းမောင်းပြီး အများပြည်သူကို ထိတ်လန့်စေမှုပြုခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီးရာ ရာဇသတ်ကြီး ပုဒ်မ – ၄၅၂ အရ ၎င်းတို့အား ဇွန် ၁၁ ရက်တွင် "အလုပ်နှင့် ထောင်ဒဏ်(၇)နှစ်" အမိန့်ချမှတ်ခဲ့သည်။

အဆိုပါ ပြစ်ဒဏ်ချမှတ်ခံရသူများအနက် ဖြိုးဝေ (ခ) ဖြိုးဝေလွင်၊ ပပဝင်း (ခ) ဖြိုးပပသိန်း၊ ညီညီ၊ ငပိန်(ခ)အာကာလင်း၊ ထွန်းကြည်၊ ကြည်သာဦး၊ ခင်အောင်၊ သီဟကိုနှင့် ဇော်ထူးတို့သည် ထွက်ပြေးလွတ်မြောက်နေသဖြင့် ၎င်းတို့နှင့် စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ – ၈၇/ ၈၈ အရ ဖမ်းဝရမ်းထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့သည်။

**စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်**

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ်(၅၆) လမ်းဆုံမီးပွိုင့်၌ မတ် ၂၇ ရက် မွန်းလွဲ ၁ နာရီခန့်တွင် အောင်မျိုးဦး(ခ) ဝက်စီးကုလား (ဘ)ဦးမောင်မောင်လေး၊ ဂျစ်တူး(ဘ) ဦးထွန်းကြွယ်နှင့် ပြည့်ဖြိုးဝင်း(ခ)မဲမဲကြီး(ဘ) ဦးဝင်းမင်းထိုက်တို့သည် သဲအိတ်များဖြင့် လမ်းအတားအဆီးပြုလုပ်၍ ဆူပူဆန္ဒပြနေစဉ် NISSAN ADVAN Taxi အဖြူရောင်ယာဉ်အား ရပ်တန့်စစ်ဆေးပြီး ယာဉ်အတွင်းမှ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အား အပြင်ထွက်ခိုင်းပြီး မော်တော်ယာဉ်အား ဓာတ်ဆီပုလင်းများဖြင့် ပစ်ပေါက်၍ မီးရှို့ခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီးရာ ရာဇသတ်ကြီးပုဒ်မ – ၄၃၅ အရ ၎င်းတို့အား ဇွန် ၁၁ ရက်တွင် " အလုပ်နှင့် ထောင်ဒဏ် (၇) နှစ်" အမိန့်ချမှတ်ခဲ့သည်။

**ပြည်သူပိုင်ပစ္စည်းကို ဖျက်ဆီးမှုပြုခဲ့**

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ရွာသာကြီးရပ်ကွက် မင်းရဲကျော်စွာလမ်းနှင့် သိဒ္ဓိရှင်လမ်းထောင့် ဓာတ်တိုင်ရှိ မီတာပုံးအား မတ် ၁၇ ရက် နံနက် ၅ နာရီခွဲခန့်တွင် အောင်ဖြိုးကျော်(ခ) ကုလားကြီး (ဘ) ဦးသန်းဇော်ဦးက အုတ်ခဲကျိုးဖြင့် ပစ်ပေါက်ဖျက်ဆီးခဲ့ခြင်းဖြင့် ပြည်သူပိုင်ပစ္စည်းကို ဖျက်ဆီးမှုပြုခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပြည်သူပိုင်အကျိုးဖျက်ဆီးမှုဆိုင်ရာ ဥပဒေပုဒ်မ – ၆ (၁) အရ ၎င်းအား ဇွန် ၁၁ ရက်တွင် " အလုပ်နှင့်ထောင်ဒဏ် (၇)နှစ် " အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

**အမိန့်ချမှတ်ခဲ့**

အလားတူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် သမဝါယမရုံးအား ဧပြီ ၄ ရက် နံနက် ၄ နာရီခန့်တွင် ကျော်ကျော်ထွန်း(ခ)ကျော်လေး (ဘ) ဦးထွန်းထွန်း၊ ဖြိုးနိုင် (ခ) ကိုဖြိုး (ဘ) ဦးလွင်နိုင်၊ မင်းဝေလျှံဖြိုး (ခ) မင်းသက်ခိုင် (ခ) ဘေသား (ဘ)ဦးမြင့်မောင်မောင်၊ အောင်သူဟိန်း၊ မြတ်ကို (ခ)ယုန်လေး၊ မင်းချမ်းမြေ့နှင့် ရဲပြည့်စုံ (ခ) ကိုရဲ (ဘ) ဦးခင်ကျော်တို့က မှန်တံခါးအားရိုက်ခွဲကာ ရုံးခန်းအတွင်းသို့ ဝင်ရောက်၍ မီးရှို့ခဲ့ခြင်းဖြင့် ပြည်သူပိုင်ပစ္စည်းကို ဖျက်ဆီးမှုပြုခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီး ပြည်သူပိုင်အကျိုးဖျက်ဆီးမှုဆိုင်ရာ ဥပဒေပုဒ်မ – ၆(၁) အရ ၎င်းတို့အား ဇွန် ၁၁ ရက်တွင် " အလုပ်နှင့်ထောင်ဒဏ် (၇)နှစ် " အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ပြစ်ဒဏ်ချမှတ်ခံရသူများအနက် အောင်သူဟိန်း၊ မြတ်ကို(ခ) ယုန်လေး၊ မင်းချမ်းမြေ့နှင့် ရဲပြည့်စုံ(ခ)ကိုရဲ တို့သည် ထွက်ပြေးလွတ်မြောက်နေသဖြင့် ၎င်းတို့နှင့် စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ–၈၇/ ၈၈ အရ ဖမ်းဝရမ်းထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ လက်လုပ်သေနတ်များ လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံ

**နေပြည်တော် ဇွန် ၁၂**

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ်အချို့မှ ပြည်သူလူထုများက ၎င်းတို့ထံတွင်ရှိသော လက်လုပ်သေနတ်များအား လုံခြုံရေး တပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

ထိုသို့အပ်နှံခဲ့ရာတွင် ဇွန် ၁၀ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်မှ တူမီးသေနတ် ခုနစ်လက်၊ ပြုလုပ်ဆဲ တူမီးပြောင်း နှစ်ခု၊ လက်လုပ်လေသေနတ် အလက် ၂၀၊ ပြုလုပ်ဆဲ ဒူးလေး တစ်လက်၊ ဂက်စ်သေနတ် ကိုးလက်တို့ကိုလည်းကောင်း၊ မွန်းလွဲ ၁ နာရီခန့်တွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် လ/တောင်ကျေးရွာအုပ်စုမှ လက်လုပ်လေသေနတ် တစ်လက်ကိုလည်းကောင်း၊ မွန်းလွဲ ၃ နာရီခန့်တွင် မြန်အောင်မြို့နယ် မြစ်ကျိုးကျေးရွာအုပ်စုနှင့် အိုးဘိုကျေးရွာအုပ်စုမှ လက်လုပ်လေသေနတ် သုံးလက်ကိုလည်းကောင်း၊ ညနေ ၄ နာရီခွဲခန့်တွင် မြောင်းမြမြို့နယ် ရွာသစ်ကျေးရွာမှ လက်လုပ်လေသေနတ် နှစ်လက်ကိုလည်းကောင်း၊ ညနေ ၅ နာရီခန့်တွင် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကျွန်းတောရပ်ကွက်မှ လက်လုပ်လေသေနတ် တစ်လက်ကို လည်းကောင်း၊ ညနေ ၅ နာရီ ၄၅ မိနစ်ခန့်တွင် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ပန်းတင်ကျေးရွာမှ လေသေနတ် နှစ်လက်၊ ဒူးလေး တစ်လက်၊ မြားတစ်ချောင်း၊ လေအိုးနှင့် ကော်ပိုက် သုံးချောင်းတို့ကိုလည်းကောင်း၊ ယနေ့ နံနက် ၁၁ နာရီခန့်တွင် ဂန့်ဂေါမြို့နယ် စကားကျေးရွာမှ လက်လုပ်တူမီးသေနတ် နှစ်လက်၊ လုပ်လက်စ တူမီးသေနတ် နှစ်လက်၊ လက်လုပ်ဂက်စ်သေနတ် တစ်လက်တို့အားလည်းကောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များထံ အသီးသီး လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ပြည်သူလူထုက လာရောက်အပ်နှံသော လက်လုပ်သေနတ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စနစ်တကျ လက်ခံရယူခဲ့ပြီး သိမ်းဆည်းထားရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



အရာတော်မြို့နယ်ရှိ ပြည်သူများ လာရောက်အပ်နှံသည့် လက်လုပ်သေနတ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်ခံရယူစဉ်။

# ပျဉ်းမနားမြို့နယ် ကြိမ်အင်းကျေးရွာ၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်လုပ်မိုင်းများ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၂**

မြို့နယ်အချို့၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများကို ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထိုသို့ဖမ်းဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့ နံနက် ၁ နာရီခန့်တွင် ပျဉ်းမနားမြို့နယ် ကြိမ်အင်းကျေးရွာရှိ ဇော်ဝင်းဦး (၄၇)နှစ် (ဘ) ဦးကိုကြီး၏ နေအိမ်ကို သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေရာ ဇော်ဝင်းဦးကို နေအိမ်၌ အသင့်တွေ့ရှိရပြီး ခြံဝင်းအတွင်း သံပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း သုံးလုံး ရှာဖွေတွေ့ရှိရကာ ဆက်လက်ရှာဖွေရာ ကတ္တူစက္ကူပုံး နှစ်ပုံးဖြင့် ထည့်ထားသော အလျား ခြောက်လက်မ၊ လုံးပတ် တစ်လက်မခွဲခန့်ရှိ စနက်တံပါ လက်လုပ်မိုင်း ၅၇ လုံးကို ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်ရာတွင် အသုံးပြုမည့်လက်နက်၊ ပစ္စည်း၊ ကိရိယာများအား သိုဝှက်သိမ်းဆည်းထားရှိသူများနှင့် လက်ဝယ်ထားရှိသူအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ဇော်ဝင်းဦးနှင့်အတူ သိမ်းဆည်းရမိသည့် လက်လုပ်မိုင်းများကို တွေ့ရစဉ်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

❒ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပုသိမ်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းမိသားစုဝင် ကျောင်းသားကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်



နေပြည်တော် ဇွန် ၁၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းမိသားစုဝင် ကျောင်းသားကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခြင်းကို ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့်အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးက စစ်မှုထမ်းဟောင်းမိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲအမယ်လေးမျိုးနှင့် စစ်မှုထမ်းဟောင်းမိသားစုဝင် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံများကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးစာရေးကိရိယာများကို လည်းကောင်း ထောက်ပံ့ပေးအပ်ရာ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ကျောင်းသား ကျောင်းသူများက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။ (ဝဲပုံ)

သတင်းစဉ်

# ဒလမြို့နယ်တွင် ငါးထပ် စာသင်ကျောင်းဆောင် ဆောက်လုပ်လျက်ရှိ

ရန်ကုန် ဇွန် ၁၂

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် ငါးထပ်စာသင်ကျောင်းဆောင်တစ်ခုကို ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ငါးထပ်စာသင်ကျောင်းကို တပင်ရွှေထီးရပ်ကွက်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ဆောက်လုပ်နေခြင်းဖြစ်ပြီး လက်ရှိ စာသင်ဆောင်များနှင့် ကျောင်းသားကျောင်းသူအရေအတွက် မျှတမှုမရှိခြင်းကြောင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

ယခုတည်ဆောက်မည့် ငါးထပ် စာသင်ကျောင်းသည် အလျားပေ ၁၄၀၊ အနံပေ ၃၀ ရှိ RCC အမျိုးအစားဖြစ်ကြောင်း၊ ယခုနှစ် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ခွင့်ပြုရန်ပုံငွေ၏ ၃၃ ရာခိုင်နှုန်းဖြင့် Plinth Level (၁)ပေအမြင့်တင် တည်ဆောက်မည်ဖြစ်ပြီး REFLECEION ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း၊ ဘဏ္ဍာရန်ပုံငွေအား နှစ်အလိုက်ခွဲဝေချပေးသည့် စနစ်ဖြစ်ခြင်းကြောင့် တည်ဆောက်ရေးကာလသည် ခန့်မှန်းခြေ နှစ်နှစ်ခန့်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းသည် ဒလမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများအနက် နှစ်စဉ်ကျောင်းသား ကျောင်းသူဦးရေ အများဆုံးကျောင်းဖြစ်ပြီး ယခုပညာသင်နှစ်တွင်လည်း ကျောင်းအပ်နှံပြီးစီးမှုနှင့် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသားကျောင်းသူဦးရေ အများဆုံးလည်းဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်စိုးက ပြောသည်။



ကျောင်းဆောင်သစ် တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

ဒလမြို့နယ်တွင် အခြေခံပညာကျောင်းပေါင်း ၈၁ ကျောင်းရှိပြီး အထက်တန်းကျောင်း ခြောက်ကျောင်း၊ အထက်တန်းကျောင်း (ခွဲ) ငါးကျောင်း၊ အလယ်တန်းကျောင်း ငါးကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) တစ်ကျောင်း၊ မူလတန်းလွန်ကျောင်း ၁၂ ကျောင်း၊ မူလတန်းကျောင်း ၄၇ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း သုံးကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်း နှစ်ကျောင်း ရှိကာ ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

မောင်ယဉ်ဦး

## အခွန်ထမ်းတစ်ဦးချင်း၏ အခွင့်အရေးဆိုင်ရာ သိကောင်းစရာများ

အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အောက်ပါအခွင့်အရေးများ ရှိသည်ကို သိရှိနိုင်ပါရန် အသိပေးအပ်ပါသည် -

(၁) အခွန်ဥပဒေများနှင့်အညီ လိုက်နာရမည့် အချက်အလက်များကို သိရှိနိုင်ခွင့်၊ သက်ဆိုင်ရာ အခွန်ပုံစံများ၊ ညွှန်ကြားချက်များ၊ ထုတ်ပြန်ချက်များ၊ အမိန့်ကြော်ငြာစာများ၊ အကြောင်းကြားစာများကို ရှင်းလင်းစွာ သိရှိနိုင်ခွင့်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကိစ္စနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်များ၊ ရလဒ်များအပေါ် ရှင်းလင်းချက်များ တောင်းဆိုပိုင်ခွင့်နှင့် ရရှိပိုင်ခွင့်များ ရှိပါသည်။

(၂) အခွန်ထမ်းပြည်သူများသည် စစ်ဆေးမည့်နှစ်နှင့် သက်ဆိုင်ရာစာရင်းများကို စစ်ဆေးရန် အများဆုံးကြာမြင့်မည့် အချိန်ကာလ၊ ဌာန၏သဘောထား စသည်တို့အား အခွန်ထမ်းများထံမှ အချက်အလက်ရရှိနိုင်မှုအပေါ်မူတည်ပြီး သိရှိနိုင်ခွင့်ရှိပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာနသို့ အခွန်ထမ်းများပေးအပ်သည့် သတင်းအချက်အလက်များအားလုံးကို အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေနှင့်အညီ လျှို့ဝှက်စွာထိန်းသိမ်းထားရှိမည်ဖြစ်ပါသည်။

(၃) အခွန်ထမ်းပြည်သူများသည် အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ရက်အမီ ကြေညာလွှာကို တင်သွင်းနိုင်ခြင်းမရှိပါက ကြေညာလွှာတင်သွင်းရန် ရက်တိုးမြှင့်တောင်းခံခွင့် ရှိပါသည်။ ကြေညာလွှာတင်သွင်းရမည့် နောက်ဆုံးရက်မတိုင်မီ ကြိုတင်၍ လျှောက်ထားတောင်းခံရမည်ဖြစ်ပြီး သာမန်အားဖြင့် (၁၅)ရက်ထက်မပိုသောကာလအထိ တိုးမြှင့်ပေးရန် လျှောက်ထားနိုင်ပါသည်။ ယင်းကာလထက် ပိုမိုလိုအပ်ပါက လုံလောက်သောအကြောင်းအရာများ၊ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့်အတူ တင်ပြလျှောက်ထားတောင်းခံရမည် ဖြစ်ပါသည်။

(၄) အခွန်ထမ်းပြည်သူများသည် အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ရက်အမီ အခွန်ပေးသွင်းနိုင်ခြင်းမရှိပါက အခွန်ပေးသွင်းရန် ရက်တိုးမြှင့်တောင်းခံခွင့်ရှိပါသည်။ အခွန်ပေးသွင်းရမည့် နောက်ဆုံးရက်မတိုင်မီ ကြိုတင်၍ လျှောက်ထားတောင်းခံရမည်ဖြစ်ပြီး၊ ပေးဆောင်ရမည့် အခွန်ငွေပမာဏနှင့် ဒဏ်ကြေးငွေအား တစ်လုံးတည်းဖြစ်စေ၊ အရစ်ကျဖြစ်စေ ပေးသွင်းရန် တင်ပြလျှောက်ထားတောင်းခံရမည် ဖြစ်ပါသည်။

(၅) အခွန်ထမ်းပြည်သူများသည် ပြည်တွင်းအခွန်များဦးစီးဌာန၏ စည်းကြပ်မှု သို့မဟုတ် အခြားဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်စဉ်းစားပေးရန် လျှောက်ထားခွင့် ရှိပါသည်။

(၆) အခွန်ထမ်းပြည်သူများသည် သက်ဆိုင်ရာအခွန်ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် အခွန်ထမ်းကိုယ်စား အခွန်ဆိုင်ရာကိစ္စအဝဝကို ဆောင်ရွက်ရန် တရားဝင်ခန့်အပ်ထားသော ကိုယ်စားလှယ်ကို ထားပိုင်ခွင့်ရှိပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

## ကျောက်ဆည်မြို့နယ်ရှိ ကျေးရွာချင်းဆက်လမ်းများပေါ်တွင် မြောင်းကူးတံတားခုနစ်စင်း တည်ဆောက်ပြီးစီး

**ကျောက်ဆည် ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးရွာချင်းဆက်လမ်းများကို ပြုပြင်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်းနှင့် တံတားများ တည်ဆောက်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျောက်ဆည်-သူငယ်တော်-ကတဲ-ပနန်-ပန်းခွာ-ကုန်းကြီး-စင်းကွန်း-ဘုံကွင်း ကျေးရွာချင်းဆက်လမ်းပေါ်တွင် မြောင်းကူးတံတား ခုနစ်စင်း တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ တံတားများ တည်ဆောက်ပေးရာတွင် ခွင့်ပြုရန်ပုံငွေကျပ် ၃၆ သန်းဖြင့် အလျား ၂၄ ပေ၊ အကျယ် ငါးပေ၊ အမြင့် ငါးပေ၊ မြောင်းကူးတံတား ခြောက်စင်း၊ ခွင့်ပြုရန်ပုံငွေကျပ် ၁၀ သန်းဖြင့် အလျား ၂၄ ပေ၊ အကျယ် ၁၀ ပေ၊ အမြင့် ခုနစ်ပေ မြောင်းကူးတံတား တစ်စင်း စုစုပေါင်း တံတား ခုနစ်စင်းကို မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တည်ဆောက်ပေးလျက်ရှိရာ ယခုအခါတံတားများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကျောက်ဆည် - သူငယ်တော် - ကတဲ - ပနန်-ပန်းခွာ-ကုန်းကြီး-စင်းကွန်း-ဘုံကွင်းကျေးရွာချင်းဆက်လမ်းသည် အရှည် ၁၀ မိုင် ၃ ဖာလုံရှည်သည့် လမ်းဖြစ်ပြီး မြောင်းကူးတံတားများ တည်ဆောက်ပေးခြင်းဖြင့် လမ်းအသုံးပြုနေသည့် ကျေးရွာ ၁၀ ရွာမှ အိမ်ခြေ ၂၁၄၉ အိမ်၊ လူဦးရေ ၉၇၃၃ ဦး၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး ပိုမိုဖွံ့ဖြိုးလာပြီး ဒေသတွင်း ကုန်စည်စီးဆင်းမှုများ မြန်ဆန်လာမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



ကျေးရွာချင်းဆက်လမ်းပေါ်ရှိ တည်ဆောက်ပြီးစီးသွားသည့် တံတားတစ်စင်းကို တွေ့ရစဉ်။

### အခြေခံပညာကျောင်းများ ပြန်ဖွင့်ချိန်တွင် ကျောင်းသား/ကျောင်းသူများ၊ မိဘများနှင့် ဆရာများ အထူးသတိပြုလိုက်နာရမည့် အချက် (၆) ချက်

(၁) ကျောင်းသား/ ကျောင်းသူကိုယ်တိုင်ဖြစ်စေ၊ အတူနေမိသားစုဝင်တစ်ဦးဦးဖြစ်စေ နေမကောင်းဖြစ်ခြင်း (ချောင်းဆိုးခြင်း၊ ဖျားနာခြင်း၊ အသက်ရှူရခက်ခဲခြင်းစသည့် COVID-19 ရောဂါသံသယလက္ခဏာများ) ရှိလျှင်သော်လည်းကောင်း၊ လွန်ခဲ့သည့် (၁၄)ရက်အတွင်း COVID-19 ရောဂါအတည်ပြုလူနာတစ်ဦးဦး နှင့် နီးကပ်စွာထိတွေ့ခဲ့မှု (Primary Contact) ရှိခဲ့လျှင်သော်လည်းကောင်း ကျောင်းသို့စေလွှတ်ခြင်း လုံးဝမပြုပါနှင့်။ သက်ဆိုင်ရာကျောင်းသို့ ချက်ချင်းခွင့်တိုင်ပါ။ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးဆက်သွယ်အကြောင်းကြားပါ။

(၂) ကျောင်းသို့လာစဉ်၊ ကျောင်းတွင်ရှိနေစဉ်နှင့် ကျောင်းမှအိမ်သို့ ပြန်ချိန်များတွင် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) နှင့် မျက်နှာကာ (Face shield) များ စနစ်တကျ တပ်ဆင်စေရန်နှင့် တပ်ဆင်ထားခြင်း မရှိပါက ကျောင်းအတွင်း လုံးဝ ပေးမဝင်ပါနှင့်။

(၃) တစ်ကိုယ်ရေသုံး အသုံးအဆောင်ပစ္စည်းများ (ဥပမာ- စာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ပေတံ စသည်) ကို တစ်ဦးနှင့် တစ်ဦး မျှဝေသုံးစွဲခြင်း လုံးဝမပြုလုပ်ရပါ။

(၄) လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့် ရေအသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် ဆေးကြောစေပါ။

(၅) တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆) ပေ ကွာခြား၍ ခပ်ခွာခွာနေထိုင်ပါ။ နီးနီးကပ်ကပ်နေခြင်း လုံးဝမပြုလုပ်ပါနှင့်။ အချင်းချင်း သတိပေးပါ။

(၆) နှာချေ၊ ချောင်းဆိုးတိုင်း တစ်ရှူး (သို့မဟုတ်) တံတောင်ကွေးဖြင့် ပါးစပ်နှင့် နှာခေါင်းကို စနစ်တကျ ဖုံးအုပ်ပါ။ တစ်ရှူး အသုံးပြုပါက အဖုံးပါသော အမှိုက်ပုံးအတွင်းသို့ စနစ်တကျ စွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျ ပြန်ဆေးပါ။

**ကျန်းမာပျော်ရွှင်ပညာသင်၊ ကြိုတင်တားဆီး ကိုဗစ်နိုင်တီး (COVID-19)**




### ကလေးငယ်များရဲ့ အသက်အရွယ်အလိုက် ဖွံ့ဖြိုးတိုးတက်မှုတွေနဲ့ပတ်သက်ပြီး ဂရုပြုရမယ့်အချက်တွေက ဘာတွေလဲ?

**ကလေးငယ်တွေမှာ အသက်အရွယ်အလိုက် အောက်ပါလက္ခဏာတွေ တွေ့ရှိရမည်ဆိုပါက ဖွံ့ဖြိုးတိုးတက်မှု (Developmental Milestones) သိသာစွာနောက်ကျတာ ဖြစ်နိုင်ပါတယ်-**

- **အသက်(၁)လမှ(၃)လ** - မိခင်မျက်နှာ (သို့မဟုတ်) အရာဝတ္ထုကို လိုက်၍မကြည့်ခြင်း၊ အသံပေးသော်လည်း အပြုအမူ မပြောင်းလဲခြင်း၊ မြူလျှင်ပြုံးမပြတတ်ခြင်း၊ အရမ်းတောင့်ခြင်း (သို့မဟုတ်) ပျော့ခြင်း။
- **အသက်(၆)လ** - လက်သီးကိုအမြဲဆုပ်ထားခြင်း၊ အရုပ်တစ်ခုခုကိုမကိုင်နိုင်ခြင်း၊ ခေါင်းမခိုင်ခြင်း။
- **အသက်(၉)လ** - အမှီအတွယ်နှင့်ပင် မထိုင်နိုင်ခြင်း (လက်ထောက်၍ပင် မထိုင်နိုင်ခြင်း)၊ မရယ်မောတတ်ခြင်း။
- **အသက်(၁)နှစ်** - မတ်တပ်ရပ် မစမ်းခြင်း။
- **အသက်(၂)နှစ်** - ဖေဖေ၊ မေမေ မခေါ်တတ်ခြင်း၊ လမ်းကောင်းစွာ မလျှောက်နိုင်ခြင်း။
- **အသက်(၃)နှစ်** - မပြေးနိုင်ခြင်း၊မကြာခဏလဲကျခြင်း၊ဝါကျအတိုများမပြောနိုင်ခြင်း၊ မျက်လုံးချင်းဆိုင် မကြည့်ခြင်း။
- **အသက်(၄)နှစ်** - စကားပြောသော်လည်းအခက်အခဲများစွာဖြင့်ပြောရသောကြောင့် အခြားသူများနားမလည်ခြင်း၊အခြားကလေးများနှင့်မကစားဘဲ တစ်ဦးတည်း သီးသန့်နေခြင်း။
- **မည်သည့်အသက်အရွယ်မဆို** - ယခင်ရှိပြီးတတ်ပြီးသား လေးဖွံ့ဖြိုးတိုးတက်မှုများပျောက်ဆုံးသွားခြင်း၊ ဆုတ်ယုတ်လာခြင်း၊ ယခင်ပြောတတ်ပြီးသားစကားများ ပြန်ပျောက်သွားခြင်း။

**အသက်အရွယ်အလိုက် ဖော်ပြပါလက္ခဏာများအနက် တစ်ခုခုတွေ့ရှိပါက - ဖွံ့ဖြိုးတိုးတက်မှု သိသာစွာနောက်ကျခြင်း (သို့မဟုတ်) ရောဂါတစ်ခုခုရှိနေနိုင်သောကြောင့် နီးစပ်ရာ ဆေးရုံ/ ဆေးခန်း/ ကျန်းမာရေးဌာနသို့ သွားရောက်ပြသရပါမယ်။**



ခေါင်းခိုင်ခြင်း လေးဘက်ထောက်ခြင်း ထိုင်ခြင်း မတ်တပ်ရပ်စမ်းခြင်း

ရည်ညွှန်းကိုးကား- MoHS. Integrated Management of Newborn and Childhood Illnesses (IMNCI) Training Manual (August 2018).

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၃-၆-၂၀၂၁ တနင်္ဂနွေနေ့

### MRTV

| | |
|---|---|
| ၀၆:၀၀ | ရတနသုတ်ပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၇:၃၅ | လေ့လာစရာစုံလင် အမိမြန်မာပြည်တစ်ခွင် |
| ၀၈:၄၀ | တရုတ်ကာတွန်း 'မိုးကောင်ကြီး ဥယျာဉ်စွန့်စားခန်း' (အပိုင်း-၂၂) |
| ၀၉:၃၅ | MRTV Travelogue |
| ၁၀:၀၀ | ဆင်နွဲချိန်ခါမင်္ဂလာတေးသံသာ |
| ၁၀:၂၀ | 'ဝသန်မိုးရာသီ' တေးသီချင်းများ ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ် |
| ၁၁:၃၀ | အသိပညာနှင့်အမှန်တရား |
| ၁၂:၃၀ | This Week's Special Interest |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | မြန်မာဂန္ထဝင်ရုပ်ရှင် 'လိုရာဆန္ဒပြည့်ပါစေ' (အောင်အောင်၊ မေဝင်းမောင်) |
| ၁၆:၄၀ | ရှင်သန်ကြိုးစား အနာဂတ်ရဲ့ကြယ်ပွင့်လေးများ |
| ၁၇:၁၅ | ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ် |
| ၁၇:၃၀ | ရာဇဝင်ထဲကသမိုင်းအနုပညာ 'ရာဇဝင်ထဲက အဝရပ္ပုရ' |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၂၀ | သုတဝေဖြာသီရိဂေဟာ |
| ၁၉:၃၅ | စိမ်းလန်းစိုပြည်သာယာဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့ |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ |
| ၂၁:၄၀ | ဟိုးတုန်းကကက်ဆက်ဓာတ်လမ်းများ 'ကျွန်တော် အဆိုတော်မိုးဇော်' |

### mitv

| | |
|---|---|
| 07:01 | News |
| 07:27 | Next Generation "Saw Noel (Violinist)" |
| 07:36 | Reflected Glory |
| 08:01 | Discovering Tribes: Taung Yoe (Their Life and Customs) |
| 08:23 | Today Myanmar: The Art of Making Lacquerware in Bagan |
| 08:47 | Myanmar Orchestra: A Blend of Arts! |
| 09:01 | A Journey To Southern Shan State (Ep-2) |
| 09:23 | Ancient Shwe-San-Taw Pagoda |
| 09:39 | Myanmar Tradition of Lotus Flower |
| 10:01 | Weekly Review |
| 10:16 | Tray Art Products |
| 10:37 | Myanmar Masterclass: Conceptual Art |
| 11:47 | Products of Myanmar - Velvet Slippers |

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ဟင်းသီးဟင်းရွက်စိုက်ခင်းဆီ

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
မျှစ်ရှာထွက်မယ်

**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
အုပ်ဆောင်းပြုလုပ်ပုံ

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ဇလွန်ပြည်တော်ပြန်ဘုရား

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
မွန်မြတ်သဒ္ဒါကျောက်ကာလပ်စတုဒီသာ

**ချင်း (လိုင်ဇို) (၁၃:၀၀ မှ ၁၄:၀၀)**
ရင်သားကင်ဆာအကြောင်း

**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
မောပီတောင်

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
ကြက်ဟင်းခါးသီးအစွမ်း

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ပုစွန်တက်နဲ့ဟင်းခပေါင်းသီးကြော်

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ရှမ်းခေါက်ဆွဲချက်နည်း

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
မြန်မာ့မြေမှစိုက်ပျိုးစီးပွားလူမှုဘဝများ (ကြံစိုက်ပျိုးရေးနှင့်ပဲသီးတင်ပို့ရောင်းချမှု)

### MRTV Sports

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၁၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၁၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |


MRTV Farmers' Channel
MRTV FARMERS' CHANNEL ကို
နေ့စဉ် နံနက် (၆:၀၀)နာရီမှ
ည (၁၀:၀၀)နာရီထိ၊
Education Channel
ကို
စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်
များမှအပ နံနက် (၁၀:၀၀)နာရီမှ
ညနေ(၆:၀၀)နာရီထိ
ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal



# အမှန်နှင့်အမှား၊ ဓမ္မနှင့် အဓမ္မ ပြည်သူတွေကွဲပြားကြဖို့ လိုပါပြီနှင့် အခြားဆောင်းပါးများ

နေပြည်တော် ဇွန် ၁၂

ပြန်ကြားရေးဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် အမှန်နှင့်အမှား၊ ဓမ္မနှင့် အဓမ္မ ပြည်သူတွေကွဲပြားကြဖို့ လိုပါပြီနှင့် အခြားဆောင်းပါးများ ပါဝင်သည့် ဆောင်းပါးပေါင်းချုပ် စာအုပ်ထွက်ရှိလာသည်။

ယင်းစာအုပ်တွင် ကနောင်၊ မင်းပြည့်စုံ၊ ဒေါင်၊ ဘမောင်တိုး၊ ကိုထွန်းခင်၊ နေခြည်သွေး၊ မောင်သောမန၊ စွန်ရဲ၊ ကိုလူလူ၊ မောင်ပြည်ချစ်၊ ညိုချော အစရှိသည့် ကလောင်စုံရေးဖွဲ့ထားသည့် ဆောင်းပါး ၉၂ ပုဒ်ပါဝင်သည်။

ယင်းဆောင်းပါးပေါင်းချုပ်စာအုပ်တွင် ဆောင်းပါးရှင် မင်းပြည့်စုံက "နောက်အစိုးရတက်လာမှ အလုပ်လုပ်မယ်ဆိုတဲ့ ရွှေပြည်တော်မျှော်သူတွေကို အချိန်တန်လို့ အများဆန္ဒနဲ့အညီ ရွေးကောက်တင်မြှောက်တဲ့ အစိုးရတစ်ရပ်ကရော ဘယ်လိုယူဆမယ်လို့ ထင်ပါသလဲ၊ တက်လာတဲ့ အစိုးရတိုင်းကို မကြိုက်ဘူးဆိုပြီး ဝန်ထမ်းတွေက တစ်ခါပြန်ပြီး CDM လုပ်ကြမယ်ဆိုရင် အမယ်ဘုတ်နဲ့ သူ့ရဲ့ ချည်ငင်လို တိုးတက်ရာ တိုးတက်ကြောင်းမရှိဘဲ ဝန်ထမ်းတွေ ခံစားချက်ကို ရှေ့တန်းတင်နေကြတာနဲ့တင် တိုင်းပြည် ဘယ်လိုလုပ် မြင့်မားလာပါတော့မလဲ"ဟု မတူညီတာတွေကို နားလည်ပြီး အတူတူရှေ့ဆက်နိုင်မှ ဒီမိုကရေစီ ဆောင်းပါးဖြင့် ထောက်ပြထားသည်။




အလားတူ ဆောင်းပါးရှင် ဒေါင်က တစ်ဖက်ပိတ်ဝါဒီနှင့် (၂၁)ရာစု ဒေဝဒတ်လက်သစ်များ မဖြစ်စေလိုပါ ခေါင်းစဉ်ဖြင့် "ကလေးတွေကို လမ်းပေါ်ထွက်ခိုင်းပြီး ကိုယ်တိုင်တော့ ထောက်ပံ့ကြေးလေးထုတ်လိုက်၊ အဲယားကွန်းအေးအေးလေးနဲ့ အချိုရည်လေးစုပ်ပြီး ဝေဖန်လေကန်လိုက်နဲ့သူတွေက (၂၁)ရာစုရဲ့ ခေတ်သစ် ဒေဝဒတ်တွေပေါ့။ သူတို့က ပညာတတ်တွေသာဆိုတယ်။ သူတို့လုပ်ရပ်တွေက အတ္တကြီးကြီးနဲ့ တိုင်းပြည်နစ်မွန်းအောင် ဝန်ထမ်းတွေ အလုပ်မလာရဲအောင်၊ လူတွေလမ်းပေါ်ထွက်ပြီး အပြစ်ပေးအရေးယူခံကြရအောင် လုပ်နေတာမို့ လူ့အတ္တသမားတွေလိုပေါ့ဗျာ"ဟု ကိုသံချောင်း၊ မစာဥ တစ်ခန်းရပ်စကားပြောခန်း(၁၀) တွင် ရေးသားတင်ပြထားသည်။

ထို့ပြင် ဆောင်းပါးရှင် ကိုထွန်းခင်က မြင့်မြတ်တဲ့ စိတ်စေတနာတွေနဲ့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေမှာ ပူးပေါင်းပါဝင်နိုင်ကြပါစေ ဆောင်းပါးဖြင့် "မြန်မာနိုင်ငံမှာ နိုင်ငံ့ဝန်ထမ်းအရေအတွက်က နိုင်ငံလူဦးရေရဲ့ ၁ ဒသမ ၄ ရာခိုင်နှုန်းခန့်ရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေ၊ ပြည်သူ့ဝန်ထမ်းတွေဆိုရင်လည်း ပြည်သူကချီးမြှင့်တဲ့ လစာကိုယူနေသူတွေဖြစ်တဲ့အတွက် ပြည်သူကို သစ္စာရှိရမှာဖြစ်ပါတယ်။ ပြည်သူကို စေတနာထားပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေမှာ တာဝန်ကျေပွန်အောင် ထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်"ဟု နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ ရေးသားတင်ပြထားသည့် ဆောင်းပါးများကို လေ့လာဖတ်ရှုနိုင်မည်ဖြစ်သည်။

အဆိုပါ စာအုပ်ကို သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်အမှတ် (၁၇၂/၁၇၅) ပန်းဆိုးတန်းလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁-၈၂၄၈၁၀၂ သို့ ငွေကျပ် ၃၅၀၀ ဖြင့် ဆက်သွယ်ဝယ်ယူနိုင်ပြီဖြစ်သည်။

မြန်မာ့အလင်း

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၂ - ၆ - ၂၀၂၁

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၈၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၇၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၇၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၂၄၀၀ |

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၃၅ | ကျပ် | ၁၀၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၁၅ | ကျပ် | ၁၀၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀ | ကျပ် | ၁၁၅၅ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၁၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၁၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၅၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ . ၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၀၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၃၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၃၉ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၂၀၀ | ၉၁၀၀ | ၇၂၂ | ၆၅၇၂၄၀၀ |
| MTSH | ၃၆၀၀ | ၃၆၀၀ | ၃၄ | ၁၂၂၄၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၁ | ၂၀၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၄ | ၁၁၂၀၀ |
| EFR | ၃၂၀၀ | ၃၂၅၀ | ၂၅၈ | ၈၃၂၉၅၀ |
| AHP | ၄၆၀၀ | ၅၀၀၀ | ၁၈၇ | ၉၁၃၀၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# Tourism ဖွံ့ဖြိုးမှုအတွက် အရေးပါသော DMO

• • • ဗိုလ်အေးမြင့်ကြူ • • •

***ယမန်နေ့မှအဆက်***

အကွက်စေ့သော ခရီးစဉ်ဒေသ စီမံခန့်ခွဲရေး ဆောင်ရွက်ရန် အင်္ဂါရပ်သည် အဓိက ပါဝင်သင့်သော (6 As) စဉ်းစားပြင်ဆင်ဖွဲ့စည်းထားရမည်ဟု စာအုပ်စာစောင်များက ဆိုပါသည်။ 6 As ဆိုသည်မှာ–

1. Attractions – ခရီးစဉ်ဒေသ ဆွဲဆောင်မှု ရှိခြင်း၊
2. Accessibility – ဝင်ထွက်သွားလာရ လွယ်ကူ အဆင်ပြေခြင်း၊
3. Amenities – စိတ်သက်သာ အဆင်ပြေမှု
4. Activities – ထုတ်ကုန်ဆန်သော ပွဲလမ်း ဖျော်ဖြေသူများ
5. Ancillary Services – အကူအပံ့
6. Available Packages – တစ်စုတစ်စည်းတည်း ခံစားနိုင်မှု

(Source: Google, Internet)

အထက်ပါ လိုအပ်ချက်(၆)ချက်ကို တစ်လုံးချင်း မြန်မာဘာသာ ပြန်ဆိုရေးသားရန် မခက်ခဲသော်လည်း ခရီးသွားညှော့သည်နှင့် ကိုက်ညီသော စကားပြန်ဆိုရန်မှာ ထိရောက်မှုမရှိနိုင်ဟု ထင်သည်။ နိုင်ငံတကာသုံး ဘာသာရပ်နှင့် နိုင်ငံတကာ Tourism ကို ရည်မှန်းဆောင်ရွက်သည်ဖြစ်ရာ အများနားလည် ခံစားရသော စကားလုံးကသာ ထိရောက်နိုင်လိမ့်မည်ထင်သည်။ (မော်တော်ကားကို ကားဟု ဆိုသည်နှင့် လူတို့ ပိုမိုနားလည်လွယ်သကဲ့သို့ပင် ဖြစ်ပါသည်။)

အကယ်၍ အကောင်အထည်ဖော်မှုများဟုဆိုရမည့် Action Plans များ စတင်မည်ဆိုပါက နည်းလမ်း ရွေးချယ်ရပါတော့မည်။ ဥပမာ– မြန်မာနိုင်ငံတွင် ဆိုပါစို့ မည်သည့်ဒေသများကို မြို့များကို ခရီးစဉ်ဒေသ လုပ်သင့်သနည်း – မျှော်မှန်းသင့်သနည်းကို ရွေးချယ်ရမည်သာ ဖြစ်သည်။ အဓိကသည် Attractions ခေါ် ခရီးသွားညှော့သည် ဆွဲဆောင်မှုများ အနှစ်သာရအားဖြင့် သဘာဝပတ်ဝန်းကျင်အခြေအနေ သာယာလှပစွာ ပကတိအတိုင်း ထိန်းသိမ်းနိုင်မှုများ၊ ဘာသာရေး၊ ပညာရေး အပါအဝင် ဒေသနေလူတို့၏ ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိ ထိန်းသိမ်းနိုင်မှုများသည် အဓိက အရေးပါလှသည်။ ထို့နောက်မှ ထိုနေရာသို့ သွားရောက်ရန်၊ ရောက်ရှိရန် လွယ်ကူစေသော အရည်အသွေးရှိမှုနှင့် အခြေခံအဆောက်အအုံများ (Infrastructures) ပြည့်စုံမှုကိုလည်း ရွေးချယ်ရမည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုတွင် ခရီးစဉ်ဒေသကောင်းတစ်ခု အရည်အသွေးဖြင့် အနည်းဆုံးသုံးခုမှ ငါးခု


**❖ ခရီးသွားညှော့သည် ဆွဲဆောင်မှုများ အနှစ်သာရအားဖြင့် သဘာဝပတ်ဝန်းကျင်အခြေအနေ သာယာလှပစွာ ပကတိအတိုင်း ထိန်းသိမ်းနိုင်မှုများ၊ ဘာသာရေး၊ ပညာရေး အပါအဝင် ဒေသနေလူတို့၏ ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိ ထိန်းသိမ်းနိုင်မှုများသည် အဓိက အရေးပါလှ**

လောက်အထိရှိပြီး အစိုးရက ကြီးကြပ်ပေးသင့်သည်။ ကျိုက်ထီးရိုး၊ ရွှေစက်တော် စသောဘုရားဖူးခရီးစဉ်တွင် ဂေါပကအဖွဲ့ စီမံခန့်ခွဲမှုကိုသာ လွှဲအပ်ထားရန် မသင့်ပါပေ။ အစိုးရဘောင်ထိန်းကြောင်း တည့်မတ်ပေးသင့်လေသည်။

မည်သို့ ဆောင်ရွက်မည်ဆိုသော် DMO ဖွဲ့စည်းခြင်း၊ Tourism သဘောတရားနှင့် သဘာဝကို DMO အဖွဲ့အား အသိပေး သတိပေး၍ ဘာသာရပ်ဆိုင်ရာ ပညာ ဖြည့်တင်းခြင်းအစတွင် စဉ်ဆက်မပြတ် ကြီးကြပ်ခြင်း၊ ငွေကြေး၊ လူအင်အား၊ စီမံခန့်ခွဲမှုအင်အား၊ နည်းပညာအင်အား တပ်ဆင်ပေးခြင်း ပြည်တွင်းခရီးသွားများ (Internal Tourists) အတွက် စတင်ဖွင့်လှစ်ပြီး နာမည်ပွင့်စေခြင်းဖြစ်သင့်သည်။ Branding ဟု ခေါ်ရမည်ထင်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခရီးသွားလုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့ CNTA သည် ပြည်တွင်းခရီးသွားများ လည်ပတ်ရန် မြှင့်တင်ခြင်းဖြင့် စခဲ့သည်။ အဆင့်ဆင့် ခိုင်မာသော ဈေးကွက်နည်းဗျူဟာဖြစ်သည်။

ement ကို ဒေသအုပ်ချုပ်ရေး တာဝန်ခံကပင် ဆောင်ရွက်သင့်သည်။ စီမံခန့်ခွဲမှုနှင့် မဆိုင်သော ဥပဒေပြုအဖွဲ့ဝင်များက ရွေးချယ်သည်ဆိုသော ပြည်သူ့ကိုယ်စားလှယ်များ အတွေ့အကြုံရှိသော်လည်း အသိပညာ မအပ်စပ်သောဒေသ ဟိုတယ်လုပ်ငန်းရှင်များကို ထည့်သွင်းဦးဆောင်စေခြင်း မပြုသင့်ဟု စာရေးသူက ထင်မြင်ပါသည်။ အလားတူပင် ဆက်စပ်ဌာနဆိုင်ရာများ၏ ပူးပေါင်းပါဝင်ရန် လိုအပ်သည်ဟု ယူဆလျက် အဖွဲ့ဝင်များစွာ ထည့်သွင်းခြင်းသည်လည်း မထိရောက်ဘဲ အချိန်ကုန်လှသည်။

သက်ဆိုင်ရာ တိုင်းဒေသကြီး အုပ်ချုပ်ရေးအဖွဲ့၊ ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့တို့သည် ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးဆိုင်ရာ အခြေခံအညွှန်း သဘောတရားများ (Destination Management Principals)ကို ကျောရိုးအဖြစ်ထား၍ ဆင့်ကဲအဖွဲ့ဝင်များ၊ တာဝန်ခံမှုများဖြင့် စီမံသွားလျှင် ခိုင်မာတည်တံ့သော ခရီးစဉ်ဒေသအဖြစ် အကျိုးသက်ရောက်မှုရှိမည်ဟု မြင်သည်။ Principle တွင်




Source: Google, Internet

တာဝန်ခံခေါင်းဆောင် အပ်နှင်းသည့်အခါ ပုဂ္ဂလိက Stakeholder ဦးဆောင်မှုထက် အစိုးရ အာဏာပိုင်သာ ဖြစ်သင့်သည်။ ပြည်သူ့ဘဏ္ဍာ (Budget) စီမံခန့်ခွဲမှုနှင့် တာဝန်ခံမှုစနစ်သည် အစိုးရအဖွဲ့၌သာ ရှိသည်။ အချင်းချင်း အပြန်အလှန် ဆက်ဆံနည်းပညာနှင့် အခက်အခဲ ဖြေရှင်းခြင်းများအတွက် ကွန်ရက် Net Working တွင်လည်း အစိုးရအဖွဲ့အချင်းချင်းက ထိရောက်သည်။ အဖွဲ့တွင် ပါဝင်စေသင့်သူများတွင် ဂုဏ်အရ "နာယက" များ ပါရှိနေခြင်းသည်လည်း အကောင်အထည်ဖော်မှုကို တုံ့နှေးစေသည်။ Operation Manag-

အဓိကအားဖြင့် Ten Ps- principles ဟု ဖော်ထုတ်ထားကြရာ အောက်ပါအတိုင်း အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြအပ်ပါသည်။ (Figure လည်း ဖော်ပြပါသည်)

Ten Ps Principals for Destination Management –


1. Partnership
2. Potential
3. Plan
4. Place
5. Product
6. People
7. Prestige
8. Profile
9. Promotion
10. Performance ဟူ၍ ဖော်ပြအပ်ပါသည်။

**နိဂုံး**

**ထောက်ခံချက်များ**

ယနေ့ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားသော လုပ်ငန်းစဉ် မဟာဗျူဟာ၊ နည်းဗျူဟာများထဲမှ အောက်ပါတွေ့ရှိချက်များကို ဆက်လက်မြှင့်တင် လုပ်ဆောင်သင့်ပါကြောင်း Recommend လုပ်ပါသည်–

- အမျိုးသား ခရီးသွားလုပ်ငန်း မဟာဗျူဟာအဖြစ် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံ Development Based ကို ထောက်ခံပါသည်။ သို့သော် ရေရှည်တည်တံ့ရေးအတွက် Sustainable Tourism Strategy ကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနနှစ်ခုက ပူးတွဲဦးဆောင်သင့်သည်။
- ပြည်တွင်းခရီးသွားများ လည်ပတ်မှု (Internal Tourism) မြှင့်တင်အားပေးခြင်းကို ထောက်ခံပါသည်။ သို့သော် Guided Principles များ ရေးသားချမှတ်ထားအပ်ပါသည်။
- နိုင်ငံတကာ Tourist Market ရွေးချယ်မှုအတွက် တစ်ခုတည်း နိုင်ငံသား Tourists များကို မျှော်မှန်းပြင်ဆင်သော နည်းဗျူဟာကို ထောက်ခံပါသည်။ သမားရိုးကျ Tourism အပြင် Sustainable Strategy ဖြစ်သော CBT, Ecotourism, Responsible Tourism, Specific Zone Natured Base – Tourism များကို အားပေးသင့်သည်။ (ယခု ထင်မြင်မိသည်မှာ CBT: Community Based Tourism ထက် Community Oriented Hospitality ဖြစ်နေသည်ဟု ထင်မြင်မိသည်။)




**အကြံပြုချက်**

- မှန်ကန်၍ ဆွဲဆောင်မှုရှိသော ခရီးစဉ်ဒေသ စီမံခန့်ခွဲမှုနှင့် ခရီးသွား စီးပွားဈေးကွက် တည်ဆောက်နိုင်သည့်အဖွဲ့ ဖွဲ့စည်းရန်၊
- မဟာဗျူဟာကျကျ အနာဂတ် အကျိုးစီးပွားကို မျှော်မှန်းထားသော ခိုင်မာပြည့်စုံသည့် ရေရှည်တည်တံ့သော ခရီးစဉ်ဒေသ စီမံခန့်ခွဲမှု စီမံချက်ရေးဆွဲ အကောင်အထည်ဖော်သွားရန်။

**အချုပ်အားဖြင့် တင်ပြရပါသော်–**

မည်သူမဆို ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရန် တာဝန်ရှိလာပါလျှင် DMO, Destination Management Organization ခေါ် ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးအဖွဲ့ကို ခိုင်မာအားကောင်းစွာ ဖွဲ့စည်း၍ ရေရှည်အကျိုးသက်ရောက်မှုရှိစေမည့် ဒေသဆိုင်ရာ ခရီးစဉ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲရေး လုပ်ငန်းစီမံချက် (Strategic Destination Management Plan) တစ်ခုကို Policy မူဝါဒ၊ Principle အညွှန်းသဘောတရား၊ Procedure အဆင့်ဆင့်လုပ်ငန်းစနစ်၊ Practice ခိုင်မာမှုနှင့်အညီ စူးစမ်းဖော်ထုတ် တာဝန်ခံ၍ ဆောင်ရွက်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

ခရီးသွားလုပ်ငန်းဖြင့် တိုင်းပြည်၏ လူမှုစီးပွားဖွံ့ဖြိုးရေးသို့ မျှော်မှန်းနိုင်သော ခံယူချက် (Concept) ယုံကြည်ချက် (Confidence)များ ကိုယ်တွင်း၌ အသိ၌ တည်ဆောက်လျက် အစိုးရ၏ မှန်ကန်ဖြောင့်မတ်သော ခရီးသွားလုပ်ငန်း မဟာဗျူဟာတွင် ဆင့်ကဲအစိုးရ အုပ်ချုပ်ရေးအဖွဲ့များ၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များ၊ ဒေသအသီးသီးနေ ပြည်သူများသည် **"သဘောတရား ရှေ့ဆောင် မီးရှူးရောင်"**ဖြင့် ရွှေရောင် ခရီးသွားအလင်းကို ဖော်ဆောင်သင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

Ref:

1. The Travel Industry: Chuck Yong Gee.
2. Internet : Google

# ကချင်ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**မြစ်ကြီးနား ဇွန် ၁၂**

ကချင်ပြည်နယ်အတွင်း ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့် ပြည်နယ်လုပ်ငန်းဆပ်ကော်မတီများ၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၀ ရက်က ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး မလိခခန်းမ၌ ကျင်းပသည်။


အစည်းအဝေးတွင် ပြည်နယ် ကိုဗစ် - ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ၊ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးခက်ထိန်နန်က ကိုဗစ်-၁၉ရောဂါနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မိမိတို့ကချင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားလာသည်ကို တွေ့ရှိရသဖြင့် ကြိုတင်ကာကွယ် တားဆီးရေး၊ အသိပညာပေးရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် တိုးမြှင့် လုပ်ဆောင်ရေးနှင့် ဆပ်ကော်မတီများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ကော်မတီ အတွင်းရေးမှူး၊ ပြည်နယ် ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးကျော်လင်းအောင်က ပြည်နယ်လုပ်ငန်း ဆပ်ကော်မတီများ ဖွဲ့စည်းမှု၊ လုပ်ငန်းတာဝန်များ၊ ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါပိုးထပ်မံတွေ့ရှိရမှု အခြေအနေများနှင့် အသွားအလာကန့်သတ်၍ ရောဂါပိုး ရှိမရှိ စစ်ဆေးဆောင်ရွက်လျက်ရှိသည်များကို ရှင်းလင်းဆွေးနွေး တင်ပြသည်။

ဆက်လက်၍ မြစ်ကြီးနားခရိုင် မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ် ကိုဗစ်- ၁၉ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီများမှ တာဝန်ရှိသူများက ခရိုင်နှင့် မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများနှင့် ကြိုတင်ကာကွယ်ရေးအတွက် ဝင်ရောက်လာသူများအား စောင့်ကြည့်ထိန်းချုပ်နိုင်ရေး စီမံဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ကောင်စီ အဖွဲ့ဝင်များက ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဖြည့်စွက်အကြံပြု ဆွေးနွေးကြောင်း သိရသည်။

**ပြည်နယ်**
**(ပြန်/ဆက်)**





# ပဲခူးတိုင်းဒေသကြီး ကိုဗစ်- ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ပဲခူး ဇွန် ၁၂**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဇွန် ၁၀ ရက်က တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း ဦးဆောင်၍ တိုင်းဒေသကြီး ကိုဗစ် - ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အွန်လိုင်းစနစ်ဖြင့် ပြုလုပ်သည်။

**အထူးသတိထားရန်လို**

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၁ ခုနှစ် မတ်လမှစတင်၍ ယနေ့အထိ ကိုဗစ်-၁၉ရောဂါပိုးကို ပဲခူးမြို့နယ်၊ ကျောက်တံခါးမြို့နယ်၊ ပြည်မြို့နယ်၊ ပန်းတောင်းမြို့နယ်၊ လက်ပံတန်းမြို့နယ်၊ ကဝမြို့နယ်နှင့် ဖြူးမြို့နယ်တို့တွင် စုစုပေါင်း လူဦးရေ ၅၈ ဦး တွေ့ရှိခဲ့ရာ လူတိုင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့် အညီ နေထိုင်သွားလာရန် လိုအပ်ကြောင်း၊ လူစုလူဝေးဖြစ်စေနိုင်သည့် ဈေးများ၊ ရုံးများ၊ စာသင်ကျောင်းများကို အထူးသတိထားရန် လိုအပ်ကြောင်း၊ ကျန်းမာရေး အထောက်အကူပြု ကာကွယ်ရေးပစ္စည်းများ လိုအပ်ချက်များ ဖြည့်ဆည်းထားရန် လိုကြောင်း ပြောကြားသည်။

**ကြိုတင်ပြင်ဆင်ထားရှိမှု**

ထို့နောက် တက်ရောက်လာသည့် ကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး ညွှန်ကြားရေးမှူးနှင့် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသီဟတို့က ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းစဉ်များနှင့် ထောက်ပံ့ရေး အစီအစဉ်များကို လည်းကောင်း၊ သက်ဆိုင်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက မြို့နယ်အလိုက် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှုများကို တင်ပြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက် မှာကြားကြောင်း သိရသည်။

**တင်စိုး**
**(ပဲခူး)**

# တူရကီနိုင်ငံတွင် ကျင်းပသော ဓာတ်ပုံပြိုင်ပွဲ မြန်မာဒုတိယဆုရရှိ

**မန္တလေး ဇွန် ၁၂**

တူရကီနိုင်ငံတွင် ကျင်းပသော (၁၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲတွင် နိုင်ငံတကာမှ ဓာတ်ပုံပညာရှင် ၁၇၅၀က ပြိုင်ပွဲဝင်ဓာတ်ပုံ ၁၄၅၁၉ ပုံ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် ကဏ္ဍသုံးမျိုး သတ်မှတ်ထားရာ Women Everywhere ကဏ္ဍတွင် ပြိုင်ပွဲဝင် ဓာတ်ပုံဆရာ ၁၄၈၈ ဦးက ပြိုင်ပွဲဝင်ဓာတ်ပုံပေါင်း ၅၄၈၇ ပုံ၊ Effect of Covid- 19 ကဏ္ဍတွင် ပြိုင်ပွဲဝင်ဓာတ်ပုံဆရာ ၈၅၅ ဦးက ပြိုင်ပွဲဝင်ဓာတ်ပုံပေါင်း ၂၈၀၁ ပုံ၊ Open ကဏ္ဍတွင် ပြိုင်ပွဲဝင်ဓာတ်ပုံဆရာ ၁၆၃၅ဦးကပြိုင်ပွဲဝင်ဓာတ်ပုံပေါင်း ၁၆၃၅ ပုံ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

မြန်မာနိုင်ငံမှ ဓာတ်ပုံဆရာ ဒေါက်တာ မြတ်ဇော်ဟိန်းက Effect of Covid-19 ကဏ္ဍတွင် ဒုတိယဆု (Gpu Silver Medal and 400 USD) ရရှိသည်။ (ဓါတ်ပုံ) ထို့အတူ မြန်မာနိုင်ငံမှ ကျော်ကျော်ဝင်း (မြန်မာနိုင်ငံဓာတ်ပုံအသင်း)နှင့် ဖိုးချာ၊ အောင်ပြည့်စုံတို့က ဓာတ်ပုံပြပွဲတွင် ပြသခြင်းခံရသည်။ ဆုကြေးငွေမှာ ပထမဆု USD-600၊ ဒုတိယဆု USD-400၊ တတိယဆု USD-200 တို့ဖြစ်သည်။ ဆုရရှိသူများအား အဝေးရောက်စနစ်ဖြင့် ပေးပို့မည်ဟု သိရသည်။ တစ်ကဏ္ဍလျှင် ဓာတ်ပုံဆိုင်ရာ ဘွဲ့များဖြစ်သော FIAP,GPU,TFSF စသည့် ဂုဏ်ထူးဆောင် ဆုတံဆိပ်များ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**



# ကိုဗစ်-၁၉ ကာလအတွင်း ရပ်ဆိုင်းထားရသည့် သီပေါသီတဂူစက္ခုဒါနဆေးရုံ၌ မျက်စိဝေဒနာရှင် ၂၇၃ ဦး ခွဲစိတ်ကုသပေးခဲ့

**သီပေါ ဇွန် ၁၂**

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ထိန်းချုပ်ရေးကာလများအတွင်း မျက်စိခွဲစိတ်ကုသမှုရပ်ဆိုင်းထားသည့် ရှမ်းပြည်နယ်မြောက်ပိုင်း မဟာမြတ်မုနိဘုရားကြီး ပရိဝုဏ်အတွင်းရှိ သီတဂူစက္ခုဒါနဆေးရုံကြီး၌ မျက်စိစမ်းသပ်ခွဲစိတ်မှုလုပ်ငန်းများကို ကိုဗစ်- ၁၉ ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဇွန် ၁၀ ရက်မှစတင်၍ မျက်စိခွဲစိတ် အထူးကုဆရာဝန်ကြီးများက စမ်းသပ်ခွဲစိတ်ပေးလျက်ရှိသည်။

**ခွဲစိတ်ကုသပေးနိုင်**

ကိုဗစ်-၁၉ ကာလအတွင်း ရပ်ဆိုင်းထားသည့် သတ်မှတ်ထားသော ခွဲစိတ်ကုသရမည့် မျက်စိဝေဒနာရှင်များ များပြားကာ ကျော်လွန်သွားပြီဖြစ်သဖြင့် လာမည့်(၄၈)ကြိမ်မြောက် ဖွင့်လှစ်မှုတွင် ဆက်လက်ကုသပေးမည်ဖြစ်ကြောင်း သီတဂူစက္ခုဒါန(သီပေါ)ဆေးရုံ စီမံအုပ်ချုပ်သူ မဟာမြတ်မုနိဘုရားကြီးကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ အရှင်ပညာသီရိက မိန့်ကြားသည်။

ယခု (၄၇) ကြိမ်မြောက် သီပေါသီတဂူစက္ခုဒါနဆေးရုံကြီး၌ မျက်စိဝေဒနာရှင်ပေါင်း ၂၇၃ ဦးကို ခွဲစိတ်ကုသပေးနိုင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**




ပခုက္ကူခရိုင်ရှိ ဝါယာသာစည်ရေတင်မှ စိုက်ပျိုးရေပေးဝေနေစဉ်။

## ❒ မကွေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်မြစ် ရေတင်စီမံကိန်းများဖြင့် ၂၀၁၉-၂၀၂၀ မိုး/နွေ သီးနှံ ၂၃၈၆၂ ဧကကို စိုက်ပျိုးရေပေးဝေခဲ့သည်။ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် နွေသီးနှံ ၁၆၅၀၅ ဧကကို စိုက်ပျိုးရေပေးဝေရန် လျာထားခဲ့ရာ ယနေ့အထိ နွေစပါး ၄၇၀၅ ဧက၊ အခြားသီးနှံ ၁၀၅၅၉ ဧက စုစုပေါင်း ၁၅၂၆၄ ဧကကို စိုက်ပျိုးရေပေးဝေလျက်ရှိ

❍ *ရွှေဖုံးမှ*

ကျွန်တော်က ကမ်းနီ မြစ်ရေတင်ရဲ့ စက်တွေနဲ့ စိုက်ပျိုးရေကို ၁၉၉၀ ပြည့် နှစ်လောက်ကစပြီး ယူခဲ့တာပါ။ စက်တွေက ကောင်း ပေမယ့် နှစ် ၃၀ ကျော်သွားတော့ ယိုယွင်းမှုတွေ ရှိလာ တယ်။ မြစ်ရေတင်ပေးတဲ့ စက်စွမ်းအားတွေက ကျ သွားတယ်။ အခုကျတော့ AFD အထောက်အပံ့နဲ့ စက်တွေ ပြန်ကောင်းလာတော့ အဆင်ပြေနေပါပြီ။ စက်သစ်တွေလုပ်ထားတာက သုံးနှစ်လောက်ရှိပါပြီ။ မြစ်ရေတင်နဲ့ စပါးနဲ့ အခြားသီးနှံတွေ စိုက်ပျိုးပါတယ်” ဟု မြစ်ရေတင်၌ စိုက်ပျိုးဆောင်ရွက်နေပုံကို ရှင်းပြသည်။

ကမ်းနီလျှပ်စစ်မြစ်ရေတင်လုပ်ငန်းတွင် အသုံးပြုရေစုပ်စက်၉ကျူ့ဆက်လေးလုံး၊အသုံးပြုမော်တာ ၁၃၂ ကီလိုဝပ် လေးလုံး၊ အသုံးပြုပိုက် ၁၂ လက်မ သံပိုက် လေးလိုင်းဖြင့် မြစ်ရေကို စုပ်ယူပြီး အမြင့်ပေ ၈၇ ပေရှိသည့် ပင်မရေငြိမ်ကန်မှတစ်ဆင့် ပင်မ မြောင်း အလျား ၂ ဒသမ ၆၂ မိုင်၊ လက်တံမြောင်း အလျား ၃ ဒသမ ၆၉ မိုင်ဖြင့် အကျိုးပြုဧက ၇၅၇ ဧကကို ရေပေးဝေလျက်ရှိသည်။

လျှပ်စစ်မြစ်ရေတင်လုပ်ငန်းတွင် အသုံးပြုရန် ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံ၊ ၁၁/၀ ဒသမ ၄ ကေဗွီ ဓာတ်အားခွဲရုံများကို တည်ဆောက်ထားပြီး အသုံးပြု ဆောင်ရွက်လျက်ရှိသည်။

မင်းဘူးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဌေး က “ဒီဒေသက အလယ်ပိုင်းဒေသ မိုးနည်းတယ်။ ဒီလို မိုးရေချိန်နဲ့ဆိုရင် တောင်သူတွေအနေနဲ့ ယာ သီးနှံကိုပဲ စိုက်လို့ရမယ်။ မိုးကမမှန်တော့ သီးနှံ အထွက်နှုန်းကို မှန်းလို့မရဘူး။ မိုးရေက လိုအပ် သလောက် ပမာဏကို မရနိုင်ဘူး။ ဒါကြောင့် တောင်သူတွေ သီးနှံစိုက်စွမ်းအားတိုးဖို့အတွက် လိုအပ်တဲ့အချိန်မှာ ရေပေးနိုင်မှ စိုက်စွမ်းအားက တက်လာမှာဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်” ဟု ဆိုသည်။

ယခုအခါ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ ကြောင့် မိုးခေါင်ခြင်း၊ ရေကြီးခြင်းနှင့် မုတ်သုံ အထွက်စောခြင်းတို့ဖြစ်ပေါ်လျက်ရှိရာ စိုက်ပျိုးသီးနှံ များ အောင်မြင်ဖြစ်ထွန်းရေးအတွက် စိုက်ပျိုးရေ လိုအပ်ချက်မှာ ပိုမိုများပြားလာသည်။

### ၅၃၀၂၄ ဧကကို စိုက်ပျိုးရေပေးဝေနိုင်

ထိုသို့သော လိုအပ်ချက်များကို ဖြည့်ဆည်းနိုင် ရန် မကွေးတိုင်းဒေသကြီးအတွင်းတွင် ကမ်းနီမြစ်ရေ တင်စီမံကိန်းအပါအဝင် မြစ်ရေတင်လုပ်ငန်း ၃၀ ၊ ဆောင်ရွက်ဆဲ မြစ်ရေတင်လုပ်ငန်း တစ်ခုရှိပြီး စုစုပေါင်းမြစ်ရေတင်လုပ်ငန်း ၃၁ ခုမှ စိစစ်ဧက ၅၃၀၂၄ ဧကကို စိုက်ပျိုးရေပေးဝေနိုင်ရန် ဆောင် ရွက်လျက်ရှိသည်။

“အခုကျတော့ မြစ်ရေတင်နဲ့ တောင်သူတွေ စိုက်ပျိုးတဲ့အခါ စိုက်ချိန်ကို ပိုင်ပိုင်နိုင်နိုင် သတ်မှတ် နိုင်ပြီးတော့ သီးနှံရဲ့ ရေလိုအပ်ချက်အတိုင်းလည်း လိုအပ်ချိန်မှာ အချိန်မီပေးလို့ရတယ်။ ဥပမာ-စပါး အတွက်ဆို ရေလိုအပ်ချက်များပြီးတော့ ရေတင်က နေ မြေပြင်ချိန်၊ ပျိုးချိန်၊ စိုက်ချိန်တွေမှာ လက်တံ အလိုက်၊ မြောင်းအလိုက် လျာထားစိုက်ပျိုးမှုအပေါ် မူတည်ပြီး WUGs၊ WUA တို့နဲ့ညှိနှိုင်းပြီး ရေလှည့် စနစ်နဲ့ လိုအပ်သလို ပေးဝေဆောင်ရွက်နိုင်ပါတယ်။ **တောင်သူနဲ့ ကျွန်တော်တို့ ဌာနတို့ ညှိနှိုင်းပြီးဆောင် ရွက်တဲ့အတွက်** တောင်သူတွေအတွက်လည်း ထိရောက်သလို ဌာနအတွက်လည်း ရေအလေ အလွင့်နည်းလို့ အဆင်ပြေတယ်။ စိုက်ပျိုးနိုင်မှု ကလည်း နှစ်စဉ်တိုးတက်လာတယ်၊ အခြားသီးနှံ အတွက်ဆိုရင်လည်း ဒီလိုပဲ ညှိနှိုင်းဆောင်ရွက် ပါတယ်” ဟု ကမ်းနီလျှပ်စစ်မြစ်ရေတင်လုပ်ငန်း တာဝန်ခံက ဆိုသည်။

မကွေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်မြစ် ရေတင် စီမံကိန်းများဖြင့် ၂၀၁၉-၂၀၂၀ မိုး/နွေ သီးနှံ ၂၃၈၆၂ ဧကကို စိုက်ပျိုးရေပေးဝေခဲ့သည်။ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် နွေသီးနှံ ၁၆၅၀၅ ဧကကို စိုက်ပျိုး ရေပေးဝေရန် လျာထားခဲ့ရာ ယနေ့အထိ နွေစပါး ၄၇၀၅ ဧက၊ အခြားသီးနှံ ၁၀၅၅၉ ဧက စုစုပေါင်း ၁၅၂၆၄ ဧကကို စိုက်ပျိုးရေ ပေးဝေလျက် ရှိသည်။

ဒေသခံပြည်သူများအနေဖြင့် မြစ်ရေတင်စီမံ ကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် သီးနှံ တစ်ဧကအထွက်နှုန်း(Yield) တိုးတက်လာခြင်း၊ သီးနှံစိုက်စွမ်းအား(Cropping Intensity) မြင့်မား လာခြင်း၊ ဒေသဝမ်းစာဖူလုံမှု (Food Sufficiency) ပိုမိုလာခြင်း စသည့်အကျိုးကျေးဇူးများကို တိုက်ရိုက်ရရှိနိုင်မည်ဖြစ်သည်။

### အကျိုးကျေးဇူးများရရှိမည်

ထို့ပြင် သောက်သုံးရေရရှိရေး၊ ဒေသစိမ်းလန်း စိုပြည်ရေး (Greening) အပေါ်ယံ မြေဆီလွှာဆုံးရှုံးမှု ကို ပြန်လည်ပြုပြင်ပေးနိုင်သည့်အကျိုး (Top Soil)၊ မြေအောက်ရေ ပြန်လည်ဖြည့်ဆည်းပေးနိုင်မှု (Ground Water Recharge)၊ တစ်ကိုယ်ရေသန့်ရှင်းမှု အကျိုး (Personal Hygiene)၊ မြောင်းစစ်ဆေးရေး လမ်းများကို ကျေးရွာချင်းဆက်လမ်းအဖြစ် အသုံး ပြုနိုင်မှုအကျိုး (Line of Communication) စသည့် အကျိုးကျေးဇူးများကိုလည်း သွယ်ဝိုက်ရရှိမည်ဖြစ် သည်။

သို့သော် လျှပ်စစ်ဖြင့် ရေတင်ရသည့်အတွက် လျှပ်စစ်ဓာတ်အားခကုန်ကျစရိတ်ရှိရာ ရေပေးဝေ ရာတွင် သုံးစွဲရသည့် လျှပ်စစ်မီတာယူနစ်တန်ဖိုး များကို မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းသို့ ဌာနမှ ပေးချေရပြီး ရေတင်ခများကို ရေယူစိုက်ပျိုးသည့် တောင်သူများထံမှ နွေစပါးတစ်ဧကလျှင် ကျပ် ၉၀၀၀ နှုန်း၊ မိုးစပါးတစ်ဧကလျှင် ကျပ် ၆၀၀၀ နှုန်း၊ အခြားသီးနှံတစ်ဧကလျှင် ကျပ် ၃၀၀၀ နှုန်း စသော သက်သာသည့် နှုန်းထားများဖြင့်သာ ပြန်လည် ကောက်ခံလျက်ရှိသည်။

မီတာခ ကုန်ကျစရိတ်သက်သာစေရန်အတွက် ရေတင်အမြင့်ပေနည်းသော လျှပ်စစ်ရေတင် လုပ်ငန်းများတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဖြစ်သည့် ဆိုလာလျှပ်စစ်စွမ်းအင် အသုံးပြုနိုင်ရေး စီမံချက်ကို ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

ရေသောက်ဧရိယာအတွင်း သီးနှံပုံစံအမျိုးမျိုး စိုက်ပျိုးခြင်းနှင့် စိုက်ချိန်မတူညီခြင်းကြောင့် ရေ လိုအပ်ချက် ပိုမိုများပြားမှုကို ဖြေရှင်းဆောင်ရွက် နိုင်ရန်အတွက် ပူးပေါင်းပါဝင် ဆည်မြောင်းစနစ် (Participatory Irrigation Management _ PIM) အဖြစ် မြစ်ရေတင်လုပ်ငန်းများတွင် ရေအသုံးချသူ များအဖွဲ့ (Water User Group–WUG) နှင့် ရေအသုံး ချသူများအသင်း (Water User Association–WUA) တို့ကိုဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ မကွေးတိုင်း ဒေသကြီးအတွင်းတွင် ယနေ့အထိ ရေအသုံးချသူ များအဖွဲ့ (WUG) ပေါင်း ၅၃၉ ဖွဲ့နှင့် ရေအသုံးချသူများ အသင်းအဖွဲ့ (WUA) နှစ်ဖွဲ့ကို ဖွဲ့စည်းပြီးဖြစ်ကြောင်း သိရသည်။

### တောင်သူကိုယ်တိုင် ပါဝင်လုပ်ဆောင်

“မြစ်ရေတင် အသုံးပြုတဲ့ တောင်သူတွေက Water User Group(WUG) ဆိုပြီး ဖွဲ့ထားတာရှိပါ တယ်။ သူတို့ကို ပြည်ပနိုင်ငံတွေကို ပို့ဆောင်ပြီး သူများနိုင်ငံတွေမှာ ဘယ်လို စိုက်ပျိုးပြီး အကျိုးဖြစ် ထွန်းတယ်ဆိုတာကို လေ့လာစေတာမျိုးလည်း ရှိပါတယ်။ သူတို့ ကိုယ်တိုင်လည်း ဒီလို လေ့လာခဲ့ တာကို ပြန်လည်အသုံးချတာကို တွေ့ရပါတယ်။ ပြီးတော့ ပြင်သစ်ဖွံ့ဖြိုးရေးအေဂျင်စီနဲ့ ပူးပေါင်းပြီး သင်တန်းတွေ ပေးထားပါတယ်။ တောင်သူကိုယ်တိုင် ပါဝင်လုပ်ဆောင်စေတဲ့အတွက် တောင်သူတွေဟာ မြစ်ရေတင်နဲ့ သူတို့ရဲ့လယ်ယာတွေ တိုးတက်လာ သလို ဒီမြစ်ရေတင်နဲ့ ပတ်သက်တဲ့စက်ပစ္စည်း ထိန်းသိမ်းမှု၊ ငွေစာရင်း ထိန်းသိမ်းမှုကအစ သင် တန်းတွေ ပေးထားပြီးဖြစ်တဲ့အတွက် ရေရှည်မှာ ဒီထက်ပိုမိုအောင်မြင် အကျိုးရှိမယ်လို့ ထင်ပါတယ်” ဟု လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ဆန်း ဌေးက ဆိုသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီး ဌာနအနေဖြင့် ကမ်းနီလျှပ်စစ်မြစ်ရေတင်စီမံကိန်း ဧရိယာအတွင်းရှိ WUG အဖွဲ့ဝင် တောင်သူများကို မြစ်ရေတင်နှင့် ပတ်သက်သည့် စက်ပစ္စည်းပြုပြင် ထိန်းသိမ်းမှု၊ ငွေစာရင်းထိန်းသိမ်းမှု၊ ရေအသုံးချမှု စသည့်နည်းပညာများကိုပြင်သစ်ဖွံ့ဖြိုးရေးအေဂျင်စီ ၏ အကူအညီဖြင့် သင်တန်းပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

“မြစ်ရေတင်စီမံကိန်းကို ကျွန်တော်တို့ ရေရှည် ထိန်းသိမ်းဆောင်ရွက်နိုင်ဖို့ သင်တန်းတွေ ပေးပါ တယ်။ ဒါ့အပြင် ရေကို စနစ်တကျသုံးစွဲတတ်အောင် စီမံခန့်ခွဲတဲ့ သင်တန်းတွေလည်းပေးပါတယ်။ ဥပမာ ဆိုရရင် မြစ်ရေတင်နဲ့စိုက်ပျိုးတဲ့ တောင်သူတွေမှာ စိုက်ပျိုးရေယူတဲ့အခါ Water Source နဲ့ နီးတဲ့ တောင်သူက နောက်မှယူတဲ့စနစ်ပါ။ Water Source နဲ့ ဝေးတဲ့နေရာ၊ အဖျားက တောင်သူကို အရင်ဦးစား ပေးရတယ်။ ပြီးမှတစ်ဆင့်ချင်းနဲ့ နီးတဲ့ တောင်သူကို ပေးတယ်။ အဲဒီလိုစနစ်တွေနဲ့ ရေကို စနစ်တကျ အလှည့်ကျ အလေအလွင့်မရှိအောင် မျှဝေသုံးစွဲ အလေ့အကျင့်တွေ ရရှိလာပါတယ်” ဟု တောင်သူ ဦးလှအောင်က ဆိုသည်။

*စာမျက်နှာ ၂၃ သို့*

# ဒူးရင်းသီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့ ဖွဲ့စည်းနိုင်ရန် စတင်ကြိုးပမ်းနေ

**ရန်ကုန် ဇွန် ၁၂**

မြန်မာနိုင်ငံအတွင်းရှိ ဒေသအသီးသီးတို့မှ ဒူးရင်းပင် စိုက်ပျိုးသူတောင်သူများစုပေါင်း၍ ဒူးရင်းသီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့ ဖွဲ့စည်းနိုင်ရန် စတင်ကြိုးပမ်းနေကြောင်း သိရသည်။

"အစုအဖွဲ့ စုဖွဲ့နိုင်အောင် ပဏာမအနေနဲ့ကြိုးစားဆဲပဲ ရှိပါသေးတယ်။ တောင်သူတွေကတော့ စုစည်းလိုက်တာပေါ့နော်။ ဖေ့စ်ဘွတ်ပေါ်မှာ တွေ့ဆုံတဲ့တောင်သူတွေရော ခရီးထွက်ရင်း ဆုံတွေ့ခဲ့တဲ့ တောင်သူတွေ၊ ရန်ကုန်တိုင်းဒေသကြီးက မိတ်ဆွေတွေနဲ့ ပဲခူးတိုင်းဒေသကြီးက မိတ်ဆွေတွေရောပေါ့။ သစ်သီးဝလံပန်းမန်အသင်းကြီးကတာဝန်ရှိပုဂ္ဂိုလ်တွေနဲ့လည်း အကြမ်းဖျင်းတိုင်ပင်ထားပါတယ်။ တခြားသီးနှံအသင်းတွေ အများကြီးရှိတယ်။ ဒူးရင်းက ဘာဖြစ်လို့ မစုစည်း ဖြစ်သေးတာလဲ စဉ်းစားမိတယ်။ ကျွန်တော်လည်း ဒူးရင်းခြံစိုက်ပျိုးထားတယ်ဆိုတော့ စုစည်းလို့ အောင်မြင်ခဲ့ရင် အနာဂတ်အစီအစဉ်တွေကတော့ အများကြီးပေါ့။ အစုအဖွဲ့ကနေ အသင်းနဲ့ ပူးပေါင်းပြီး ဘယ်လိုတောင်းဆိုလို့ရမလဲ။ ပရောဂျက်တွေ လုပ်မလား။ ဈေးကွက် တွေရှာမလား"ဟု ဒူးရင်းသီး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအစုအဖွဲ့ဖြစ်မြောက်ရေး ဦးဆောင်ကြိုးပမ်းနေသူ ဦးဖေသိုက်အောင်က ပြောသည်။

ဒူးရင်းသီးသည် ဈေးကွက်ကောင်း တန်ဖိုးမြင့်သည့် သီးနှံအမျိုးအစားတစ်ခုဖြစ်သည့်အပြင် ဒူးရင်းသီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့ကို ဖွဲ့စည်းနိုင်ပါက နိုင်ငံတော်၏ အားပေးကူညီထောက်ပံ့မှုများ ရရှိလာနိုင်ခြင်း၊ တောင်သူများစည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းလုပ်ဆောင်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိရန်ရည်မှန်းထားကြောင်း သိရသည်။

"ကျွန်တော်တို့ တောင်သူအချင်းချင်း တစ်ယောက်နဲ့တစ်ယောက် အသိပညာတွေ နည်းပညာတွေ ဖလှယ်မယ်။ တိုင်ပင်မယ်။ ဆွေးနွေးကြမယ်ဆိုရင် ပိုအောင်မြင်နိုင်တာပေါ့။ ဒူးရင်းက ပြည်ပကိုတင်ပို့နိုင်မယ်ဆိုရင် ဝင်ငွေကောင်းတဲ့ သီးနှံပါ။ လောလောဆယ် အရောင်းအဝယ်တွေကတော့ အဆင်ပြေနေတယ်ပြောရမှာပေါ့။ ပြည်တွင်းဈေးကွက်က အဆင်ပြေနေတယ်။ ကျွန်တော် ခရီးထွက်သွားလာခဲ့သမျှ ခြံတွေကထွက်တဲ့ ဒူးရင်းသီးတွေကို ရန်ကုန်ပို့တယ်။ ဒေသတွင်းမှာလည်း ရောင်းချနေကြတယ်။ လက်ရှိအခြေအနေအရတော့ ဈေးနည်းရင်လည်း နည်းမှာပေါ့နော်။ အရောင်းအဝယ်ကတော့ အဆင်ပြေကြပါတယ်"ဟု ဦးဖေသိုက်အောင်က ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံတွင် ဒူးရင်းပင်ကို တနင်္သာရီတိုင်းဒေသကြီး ရေး၊ မြိတ်၊ ထားဝယ်ဒေသများနှင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့တွင်



စိုက်ပျိုး ဖြစ်ထွန်းနေပြီး ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင်လည်း စိုက်ပျိုးရန်သင့်ကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

# ဒေသခံများအား အပိုဝင်ငွေရရှိစေသည့် ဝန်းသိုမြို့နယ် ခပ်ချိုရွာမှ ဝါးနှီးခမောက်ရက်လုပ်ငန်း

**ဝန်းသို ဇွန် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကင်းမြင်သာအုပ်စု ခပ်ချိုကျေးရွာတွင် ခေါင်းဆောင်း အကာအကွယ် ဒေသခံတောင်သူများ နေပူမိုးရွာ အဖြစ် အသုံးပြုသော ဝါးနှီး



ဒေသခံတောင်သူများ ဝါးနှီးခမောက်များ ရက်လုပ်နေစဉ်။

ခမောက်များ ရက်လုပ်သည့် လုပ်ငန်းကို တစ်နှစ်ပတ်လုံး တွင်တွင်ကျယ်ကျယ် လုပ်ကိုင်နေကြပြီး ယင်းလုပ်ငန်း လုပ်ကိုင်သူများမှာလည်း အပိုဝင်ငွေရရှိလျက်ရှိကြောင်း သိရသည်။

ဝါးနှီးခမောက် ရက်ရာတွင် ဝါးကို ခွဲခြမ်းစိတ်ဖြာ၍ ပြန်လည်ရက်လုပ် ပုံဖော်ခြင်းဖြစ်သည်။ ထိုသို့ ပြုလုပ်ခြင်းဖြင့် ခမောက်မှာ ပုံစံကျပြီး ပို၍အသုံးခံသောကြောင့် လူကြိုက်များကြောင်း သိရသည်။ ခမောက်ရက်လုပ်ရာတွင် ဦးစွာခမောက်များကို ပုံစံကျအောင်အကြမ်းပြင်ပြီးနောက် စိပ်ပြီးသပ်ပြီးဖြစ်သော နှီးဖြင့် ဖွဲလှည့်ခြင်း၊ ခွေတံတင်ခြင်း၊ ပတ်ပင်ထည့်ခြင်း၊ အနားသပ်ခြင်း စသည်တို့ကို အဆင့်ဆင့် လုပ်ဆောင်ရသည်။ ခမောက်အပေါ်တွင် ပန်းအလှများ ပန်းချီရေးဆွဲထားသည့် ခမောက်အပြန့် အလှဆောင်းတစ်လုံးလျှင် ငွေကျပ် ၉၀၀၊ ခမောက်အကြမ်း တစ်လုံးလျှင် ငွေကျပ် ၅၀၀ ခန့် ဈေးနှုန်းများဖြင့် ရောင်းချကြသည်။ ခမောက်ရက်လုပ်ရန်အတွက် နှီး၊ အပ်ချည်ကြိုး၊ ပလတ်စတစ် စသဖြင့် အခြား ကုန်ကျစရိတ်အနည်းငယ်လည်းရှိကြောင်း သိရသည်။

ခပ်ချိုကျေးရွာမှ ရက်လုပ်သော ခမောက်များမှာ မိုးလုံ၊ ရေလုံအောင် ပလတ်စတစ်များခံကာ နှစ်ထပ်ချုပ်ထားပြီး ကြာရှည်လည်း အသုံးခံခြင်းကြောင့် အလုံးရေ အများအပြား ထုပ်ပိုးကာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ ခမောက်ရောင်းဝယ်ရေးဆိုင်များသို့ ပို့ဆောင်ရောင်းချရကြောင်း၊ ခပ်ချိုကျေးရွာ ဒေသခံများ အနေဖြင့် တစ်နှစ်ပတ်လုံးတွင် မိုးစပါးစိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်တွင်သာ ခမောက်ရက်သည့် လုပ်ငန်းကို ခဏရပ်နားကြပြီး ကျန်အားလပ်သော အချိန်များတွင် အချိန်ကိုအကျိုးရှိစွာ သုံး၍ မိသားစု တစ်ပိုင်တစ်နိုင် လုပ်ကိုင်လျက်ရှိသောလုပ်ငန်း တစ်ခုဖြစ်ကြောင်း သိရသည်။

**မြင့်ထွန်းမင်း**
**(ကောလင်း)**

*စာမျက်နှာ ၂၂ မှ*

စိုက်ပျိုးရေပေးဝေရာတွင် စနစ်ကျပြီး အလေအလွင့်နည်းပါးစွာ အသုံးပြုနိုင်ရေး၊ စက်မှုနှင့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ၏ ဆောင်ရွက်နိုင်စွမ်းများ ပြည့်မီရေးတို့အတွက် ထိန်းသိမ်းခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသလို သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းညှိနှိုင်း၍ စိုက်ပျိုးမည့်သီးနှံအလိုက် မြေစုဖွဲ့ခြင်း၊ သီးနှံပုံစံ (Cropping Pattern) များ သတ်မှတ်ခြင်း၊ ရေတင်အဆင့်အလိုက် အပြည့်အဝစိုက်ပျိုးစေခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသက မိုးကနည်း၊ ရာသီဥတုက မမှန်တော့ မြစ်ရေတင်နဲ့က တောင်သူတွေ ပိုပြီး အဆင်ပြေတယ်။ မိုးကို မျှော်စရာမလိုတော့ဘူး။ သီးနှံအထွက်နှုန်းကို မှန်းလို့ရတယ်။ ဒါကြောင့် ကျွန်တော်တို့လို မြစ်ရေတင်စီမံကိန်းနဲ့ အဆင်ပြေနေတဲ့ တောင်သူတွေရှိတော့ စီမံကိန်းလုပ်လို့ရတဲ့ နေရာက တောင်သူတွေကလည်း လိုချင်လာကြတယ်။ စီမံကိန်းနေရာက တောင်သူကလည်း ပိုပြီး စိုက်လို့ရအောင် တိုးချဲ့စေချင်ကြတယ်" ဟု လျှပ်စစ်မြစ်ရေတင်စီမံကိန်းဧရိယာမှ တောင်သူတစ်ဦးက ဆိုသည်။

ထိုကဲ့သို့ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများကြောင့် တောင်သူများ အကျိုးဖြစ်ထွန်းလာသည့်အတွက် သရက်ခရိုင် အောင်လံမြို့နယ် ကံမလေးကျေးရွာအနီးတွင် စိုက်ပျိုးမြေဧက ၃၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည့် ကံမလေး မြစ်ရေတင်စီမံကိန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

ဒေသနေပြည်သူများအတွက် မြစ်ရေတင်လုပ်ငန်းများအပါအဝင် မြေသဘာဝပေးသော ဒေသများနှင့် ရေရှားပါးသောဒေသများတွင် သောက်သုံးရေ စက်ရေတွင်းများ တူးဖော်ပေးခြင်း လုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကြောင့် ဒေသနေတောင်သူများသည် ဒေသဝမ်းစာဖူလုံလာမှု၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမှုအပြင် သောက်သုံးရေအတွက် အထောက်အကူဖြစ်စေခြင်း၊ ဒေသစိမ်းလန်းစိုပြည်လာခြင်း စသည့်အကျိုးကျေးဇူးများနှင့်အတူ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ခြင်းများကိုပါ ရရှိလာတော့မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



ပခုက္ကူခရိုင်ရှိ ဝါယာသာစည်ရေတင်မှ အောင်မြင်ဖြစ်ထွန်းနေသော စပါးစိုက်ခင်းများ။

**ကေတာ**

# မြန်မာ့သစ်တောများ သက်ရှည်ရှင်သန်ဖို့ ပြည်သူအားလုံး ပါဝင်စို့

**မောင်သိဒ္ဓိ**

**“ကြီးမြန်သစ်ပင်စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ”၊ “သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး”၊ “သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ” စသည့် စာသားဆောင်ပုဒ်များကို သတင်းစာများမှာ အမြဲလိုလို ဖတ်ရှုနေရပေမယ့် ဖတ်ပြီး မေ့သွားတာက ခပ်များများ။ ကျွန်တော်တို့လူသားတွေဟာ တစ်ခါတစ်ခါ တချို့ကိစ္စတွေကို ကိုယ်နှင့်မဆိုင်ဟုထင်ကာ မေ့မေ့ပျောက်ပျောက်နေလိုက်ကြသည်က များသည်။**

ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန် စသည့် ရည်ရွယ်ချက်တွေနဲ့ ထုတ်ဝေလျက်ရှိသည့် နိုင်ငံပိုင်သတင်းစာတွေမှာ ဖော်ပြပါရှိသော ထုတ်ပြန်ချက်တွေ၊ ကြေညာချက်တွေ၊ ဆောင်းပါးတွေ၊ ဆောင်ပုဒ်တွေဟာ လူသားတစ်ဦးအနေဖြင့် လုပ်ဆောင်ရမည့် ကျင့်ဝတ်တွေ၊ နိုင်ငံသားတစ်ဦး လိုက်နာရမည့် စည်းကမ်းတွေဖြစ်၍ သစ်တောသစ်ပင်နှင့်ပတ်သက်သည့် ဆောင်ပုဒ်များဟာ သစ်ပင်စိုက်ပျိုးခြင်းဖြင့် သစ်တောကို ချစ်ခင်တန်ဖိုးထားတတ်စေရန် ရည်ရွယ်ခြင်းသာ ဖြစ်ပေသည်။

### ဟန်ရေးပြစိုက်ပျိုးခြင်း

ယခုဆိုလျှင် မြန်မာတစ်နိုင်ငံလုံးမှာ အတော်အသင့် မိုးရွာသွန်းနေပြီဖြစ်ပြီး မိုးရေနဲ့အတူ အေးမြမှုကိုပါ ရရှိခံစားနေကြရပြီဖြစ်သည်။ ဒီလိုအေးမြမှုကို ပူပြင်းတဲ့ နွေကာလထိတိုင် ရရှိနေဖို့က သတင်းစာမှာ ဖော်ပြနေတဲ့ ဆောင်ပုဒ်များအတိုင်း တစ်ဦးချင်းက လိုက်နာလုပ်ဆောင်ကြဖို့ပဲ ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဇူလိုင်လကို သစ်ပင်စိုက်ပျိုးရေးလအဖြစ် သတ်မှတ်ထားပြီး နှစ်စဉ် နှစ်တိုင်းလည်း နိုင်ငံတစ်ဝန်း စိုက်ပျိုးခဲ့ကြသည်။ သစ်ပင်စိုက်ပျိုးရာတွင် ရှင်အောင်စိုက်ဖို့လိုပြီး ကြီးအောင်ပြုစုဖို့လည်း လိုပါသည်။ ရှင်သန်အောင်စိုက်ပျိုးလိုက်သည့် သစ်ပင်အတွက် မြဲမြံအောင်ထိန်းသိမ်းဖို့ တာဝန်ကလည်း လိုအပ်ပါသည်။ စိုက်ပျိုးပြီးတဲ့သစ်ပင်ကို ရေလောင်း ပေါင်းသင် ပြုစုပျိုးထောင်ခြင်း မပြုလုပ်ဘဲ ပစ်ထားပါက ဟန်ရေးပြစိုက်ပျိုးခြင်းသာမည်ပြီး အချိန်နဲ့ ငွေကြေးကို အချည်းအနှီးဖြစ်စေရုံပဲရှိမည်ဖြစ်သည်။

သစ်ပင်စိုက်ပျိုးတော့မည်ဆိုလျှင် စိုက်မည့် နေရာဒေသ၊ ရာသီဥတုနှင့် မြေအမျိုးအစားအပေါ် မူတည်၍ ကိုက်ညီမည့် သစ်ပင်အမျိုးအစားကို ရွေးချယ်စိုက်ပျိုးရမည်ဖြစ်သည်။ ထို့နောက် မြေပြုပြင်ခြင်း၊ ပြုစုထိန်းသိမ်းခြင်းတို့ကို အဆင့်လိုက် ပြုလုပ်ကာ သစ်ပင် တစ်ပင်မှသည် သစ်တောစိုက်ခင်းတစ်ခုအထိ ရှင်သန်ကြီးထွားအောင် ရပ်ကွက် ကျေးရွာအလိုက်၊ အဖွဲ့အစည်းအလိုက်၊ ရုံးဌာနများအလိုက် စိုက်ပျိုးကြရပါမည်။ ပရဟိတအသင်းအဖွဲ့များ၊ သစ်ပင်ချစ်သူများ၊ သဘာဝပတ်ဝန်းကျင် ချစ်ခင်သူများ စသည်ဖြင့် အဖွဲ့လိုက်ရော၊ ပုဂ္ဂလိက တစ်ဦးချင်းအနေဖြင့်ပါ သစ်ပင်စိုက်ပျိုးကြရမည်ဖြစ်သည်။

### သစ်ပင်စိုက်ပွဲများ နှစ်စဉ်ပြုလုပ်

သစ်ပင်တစ်ပင် စတင်ရှင်သန်သည်မှ အသုံးချနိုင်သည့် အရွယ်ရောက်အောင် နှစ်ပေါင်း ၆၀ မှ ၁၅၀ ခန့်အထိ ကြာမြင့်နိုင်သည်။ သစ်တောဦးစီးဌာန၏ “သစ်တောနဲ့ သစ်ပင်၊ ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကို နှစ်စဉ်စိုက်၊ ရွှေတိုက်ကိုစိုး” ဆောင်ပုဒ်သည် နှစ်စဉ်ပြုလုပ်သည့် ဇူလိုင်လ သစ်ပင်စိုက်ပျိုးပွဲတွင်သာမက စိုက်ပျိုးပြီးသည့် သစ်ပင်များ ရှင်သန်ကြီးထွားအောင် အမြဲဆောင်ရွက်တတ်စေရန်ပါ နှိုးဆော်တိုက်တွန်းလျက်ရှိသည်။ အစိုးရအဆက်ဆက်အနေဖြင့်လည်း သစ်ပင်စိုက်ပွဲများကို နှစ်စဉ်ပြုလုပ်ပြီး လူထုအားဖြင့် အပင်ရေ သန်းနှင့်ချီကာ သစ်ပင်များကို နိုင်ငံတစ်ဝန်းလုံး စိုက်ပျိုးခဲ့ကြသည်။ စိုက်ပျိုးပြီးသမျှ သစ်ပင်များ ရှင်သန်ခဲ့မည်ဆိုလျှင် မြို့များ ရွာများ တစ်နိုင်ငံလုံး စိမ်းလန်းစိုပြည်နေမည်ဖြစ်သလို လမ်းအသွယ်သွယ်တို့မှာလည်း အေးရိပ်ဝေဆာ သာယာနေမည်မှာ အမှန်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် သစ်တောဂေဟစနစ် ထိန်းသိမ်းနိုင်ရေးအတွက် ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်းကို သဘာဝကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများအဖြစ် ဖွဲ့စည်းနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ ကာကွယ်ရန်လိုအပ်သော သစ်တောများကို ကြိုးဝိုင်းသစ်တောဟူ၍ သတ်မှတ်ခြင်းဖြစ်ပြီး ကြိုးဝိုင်းသစ်တောဟူသည် သစ်တောထိန်းသိမ်းရေးနှင့် အုပ်ချုပ်ရေးအတွက် လွယ်ကူစေရန် ကြိုးဝိုင်းနယ်နိမိတ်များတွင် အထစ်ကြီးများ ထစ်ထားခြင်း၊ အစိုးရတံဆိပ် ရိုက်နှိပ်ထားခြင်း၊ ကြော်ငြာပြားကပ်ထားခြင်း၊ နယ်နိမိတ်တိုင်များ စိုက်ထားခြင်းတို့ဖြင့် အထင်အရှားပြုလုပ်ထားမှုကို ခေါ်ဆိုခြင်းဖြစ်သည်။ အဆိုပါ ကြိုးဝိုင်းသစ်တောများအတွင်းမှ အပင်များကို သက်ဆိုင်ရာအမိန့်တစ်စုံတစ်ရာမရရှိဘဲ ထုတ်ယူသုံးစွဲခြင်းမပြုရန် ဥပဒေဖြင့် တားမြစ်ထားသည်။

### နိုင်ငံကိုအကျိုးပြုသည့် သစ်တောများ

နိုင်ငံတိုင်းပြည်တို့၏ ဧရိယာအများအပြားကို စိမ်းလန်းမှိုင်းညို့သော သစ်တောများဖြင့် ဖုံးလွှမ်းလျက်ရှိရာ နိုင်ငံတိုင်းပြည်၏ ဘဏ္ဍာငွေ အတော်များများကို သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရောင်းချခြင်းဖြင့် ဖြည့်တင်းကြရသည်ကို မည်သူမျှမငြင်းနိုင်ကြချေ။ သစ်တောများသည် နိုင်ငံတိုင်းပြည်အတွက် ဘဏ္ဍာငွေအပြင် ရာသီဥတုကို မျှတစေခြင်း၊ မြေဆီလွှာ မပျက်မယွင်းရအောင် ကာကွယ်ပေးခြင်း၊ စိမ့်စမ်းအင်းအိုင်တို့၌ အနည်အနှစ်ပို့ချမှု နည်းပါးစေခြင်း၊ တိုင်းပြည်၏ သယံဇာတဖြစ်သော တောရိုင်း သားငှက် တိရစ္ဆာန်တို့ ခိုအောင်းရာနေရာဖြစ်ခြင်း၊ လူသားတို့၏ စိတ်ကြည်နူးဖွယ် အပန်းဖြေရာနေရာဖြစ်ခြင်းစသည့် နည်းလမ်းအဖုံဖုံဖြင့် ကျေးဇူးပြုသေးသည်။

> **"သစ်တောဖုံးလွှမ်းမှု ပြန်လည်ကောင်းမွန်လာစေရန် မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်းကို ၂၀၁၇-၂၀၁၈ မှ ၂၀၂၆-၂၀၂၇ အထိ ၁၀ နှစ်စီမံကိန်း ရေးဆွဲ၍ အကောင်အထည်ဖော်နေပြီဖြစ်သည်။ သစ်တောများ လျင်မြန်စွာပြုန်းတီးနေမှုကို ကုစားနိုင်ရေးအတွက် ၂၀၁၄ ခုနှစ်တွင် ပြည်ပသို့ သစ်အလုံးလိုက်တင်ပို့မှုကို ရပ်ဆိုင်းခြင်း၊ ၂၀၁၆ မှစ၍ ပဲခူးရိုးမတွင် သစ်ထုတ်လုပ်မှု ၁၀ နှစ် ရပ်ဆိုင်းခြင်းများ လုပ်ဆောင်ခဲ့သော်လည်း တရားမဝင် သစ်ထုတ်လုပ်မှုများ၊ တရားမဝင် သယံဇာတတူးဖော်မှုများကြောင့် မြန်မာ့သစ်တောများ ပြုန်းတီးနေဆဲဖြစ်သည်"**

ထို့အပြင် သစ်တောထွက်ပစ္စည်းများကို မြို့ကြီးပြကြီးများရှိ တိုက်တာနေအိမ်၊ အဆောက်အအုံများမှအစ ကျေးရွာဒေသအသီးသီးရှိ နေအိမ်များတိုင်အောင် တွေ့မြင်ရမည်ဖြစ်ပေသည်။ လူတို့ စားသောက်သုံးဆောင်သော အစာအာဟာရနှင့် ဆေးဝါးများတွင်လည်း သစ်သီး၊ သစ်ဥသစ်ဖု၊ သစ်ရွက်သစ်မြစ်များသည် အရေးပါသော အပိုင်းကဏ္ဍမှ ပါဝင်ကြသည်။ သစ်စေး၊ သစ်ဆီ၊ သစ်ရည်တို့သည်လည်း အရောင်တင်ဆီ၊ ကော် စသည့် လူ့အသုံးအဆောင်ပစ္စည်းများ လုပ်ကိုင်သည့် လုပ်ငန်းများတွင် အသုံးပြုသော သစ်တောထွက်ပစ္စည်းများ ဖြစ်ပေသည်။ ထို့အပြင် ယဉ်ကျေးမှုသည်လည်း တစ်စိတ်တစ်ဒေသအားဖြင့် သစ်တောနှင့် ဆက်စပ်နေသေးသည်။ မြန်မာ့ယဉ်ကျေးမှုတစ်ရပ်ဖြစ်သည့် ပန်းပုပညာသည် ကျွန်းသစ်အစရှိသော သစ်ကောင်းများဖြင့်သာ ပြုလုပ်ရပြီး ယွန်းထည်များသည်လည်း သစ်တောများမှ ထွက်ရှိသော ဝါးဖြင့်ပြုလုပ်၍ သစ်စေးသုတ်ထားသည့် ယဉ်ကျေးမှုပစ္စည်းများ ဖြစ်ကြပေသည်။

### လူသားများကြောင့် သစ်တောပြုန်းတီးခြင်း

ဤကဲ့သို့ ဘဏ္ဍာငွေမှအစ လူ့အသုံးအဆောင်ပစ္စည်းများအထိ အကျယ်တဝင့် အသုံးပြုလျက်ရှိသည့် သစ်တောထွက်ပစ္စည်းများကို စည်းကမ်းမဲ့ ရသလောက် ထုတ်ယူသုံးစွဲခြင်း၏ အကျိုးဆက်အဖြစ် ကမ္ဘာကြီးတွင် ပူပြင်းခြောက်သွေ့ခြင်း၊ ရာသီဥတု ဆိုးရွားလာခြင်း၊ တောမီးလောင်ခြင်း၊ ရေကြီးရေလျှံခြင်း၊ ရောဂါအသစ်အဆန်းများ ပေါ်ပေါက်လာခြင်း စသည့် ဘေးဒဏ်အမျိုးမျိုးကို လူသားများအနေဖြင့် တွေ့ကြုံရင်ဆိုင်နေရပြီဖြစ်သည်။ သစ်တောပြုန်းတီးခြင်း၏ အဆိုးရွားဆုံး တရားခံမှာ လူသားများပင်ဖြစ်သည်။ သစ်တောများကို စည်းမဲ့ကမ်းမဲ့ ခုတ်လှဲခြင်းဖြင့် သစ်တောများကို ပြုန်းတီးစေသည်သာမက တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ အခြားနည်းအမျိုးမျိုးဖြင့်လည်းကောင်း သစ်တောများကို ဖျက်ဆီးနေကြခြင်းဖြစ်သည်။ ထို့အပြင် တောမီးလောင်ခြင်း၊ ပိုးကျခြင်း၊ သစ်ပင်ရောဂါကျရောက်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းထူထပ်ခြင်းတို့ကြောင့်လည်း သစ်တောများ ပျက်စီးကြရပြီး တောမီးလောင်ခြင်းသည်လည်း သစ်တောများကို အကြီးအကျယ်ပျက်စီးစေသော အကြောင်းရင်းဖြစ်သည်။

မြန်မာနိုင်ငံ၌ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ ထုံးနှင့် မီးသွေးဖုတ်ခြင်း၊ အိမ်သုံးထင်းခုတ်ခြင်း၊ တိရစ္ဆာန်ထိန်းကျောင်းမှု များပြားခြင်းတို့ကြောင့်လည်း သစ်တောများ ပြုန်းတီးခဲ့ရသည်။ ထုံးဖုတ်ခြင်း၊ မီးသွေးဖုတ်ခြင်း စသည့် လုပ်ငန်းများသည် ထင်းအမြောက်အမြားကို အသုံးပြုရသလို အိမ်သုံးထင်းအတွက်လည်း သစ်ပင်များကို အမြောက်အမြား စည်းကမ်းမဲ့ ခုတ်ထွင်ခဲ့ကြသည်။ နှစ်ကာလများစွာ အချိန်ယူပေါက်ရောက်ခဲ့ရသော သစ်ပင်များသည် တစ်ရက် နှစ်ရက်အတွင်း ပျက်စီးရခြင်းဖြစ်သည်။ လူသားတို့၏ မဆင်မခြင်လုပ်ဆောင်မှုများ၏ အကျိုးဆက်သည် သစ်တောပြုန်းတီးခြင်းကို ဖြစ်ပေါ်စေခဲ့သည်။

မြန်မာနိုင်ငံ၏ ထင်း၊ မီး သုံးစွဲမှုသည် စုစုပေါင်းစွမ်းအင်သုံးစွဲမှု၏ ၇၆ ဒသမ ၄၁ ရာခိုင်နှုန်းရှိနေသည့်အတွက် ၂၀၁၇-၂၀၁၈ ခုနှစ်မှစတင်ကာ ၁၀ နှစ်စီမံကိန်းအဖြစ် ကျေးရွာထင်းစိုက်ခင်း ၁၀၄၅၆၃ ဧကကို တည်ထောင်ခဲ့ပြီး လက်ရှိတွင် ၂၁၄၃၆ ဧက တည်ထောင်ပြီးဖြစ်သည်။ “ကျေးရွာများအထိ လျှပ်စစ်ဓာတ်အားရောက်ရှိရေးမှာ အချိန်ကာလတစ်ခုအထိ လိုအပ်နေသေးသဖြင့် ထင်း၊ မီးသွေးကို စွမ်းအင်အဖြစ် သုံးစွဲနေကြရဦးမည်ဖြစ်ကြောင်း၊ ထင်း၊ မီးသွေးများကို သဘာဝတောမှသာ ထုတ်ယူသုံးစွဲခြင်းထက် ကျေးရွာအလိုက် ကိုယ်ပိုင်ထင်းစိုက်ခင်းများ တည်ထောင်ရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် တိုင်းဒေသကြီး၊ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီများက ကြိုးကြပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း” နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဇွန် ၅ ရက်က ပြုလုပ်သည့် ၂၀၂၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အခမ်းအနားတွင် တိုက်တွန်းပြောကြားခဲ့သည်။ လိုက်နာရမည့် တိုက်တွန်းအမှာစကားပင် ဖြစ်ပေသည်။

### သစ်တောပြုန်းတီးခြင်းနှင့် ရာသီဥတု

မြန်မာနိုင်ငံသည် ကမ္ဘာ့ရာသီဥတု ဆိုးရွားစွာ ပြောင်းလဲမှုကို ရင်ဆိုင်နေရသည့် နိုင်ငံထဲတွင် ပါဝင်လျက်ရှိရာ မိုးရာသီတွင် ရေကြီးမှု၊ နွေရာသီတွင် အပူချိန်မြင့်မားခြင်းကြောင့် သောက်သုံးရေ ရှားပါးမှု၊ ဆောင်းရာသီကာလတိုတောင်းမှုဒဏ်များကို နှစ်အနည်းငယ်အတွင်း ပြင်းပြင်းထန်ထန် ခံစားလာနေရပြီဖြစ်သည်။ ထို့ကြောင့် သစ်တောဖုံးလွှမ်းမှု ပြန်လည်ကောင်းမွန်လာစေရန် မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်းကို ၂၀၁၇-၂၀၁၈ မှ ၂၀၂၆-၂၀၂၇ အထိ ၁၀ နှစ်စီမံကိန်း ရေးဆွဲ၍ အကောင်အထည်ဖော်နေပြီဖြစ်သည်။ သစ်တောများ လျင်မြန်စွာ ပြုန်းတီးနေမှုကို ကုစားနိုင်ရေးအတွက် ၂၀၁၄ ခုနှစ်တွင် ပြည်ပသို့ သစ်အလုံးလိုက်တင်ပို့မှုကို ရပ်ဆိုင်းခြင်း၊

*စာမျက်နှာ ၂၅ သို့*

# ကျောက်ဆည်မြို့နယ် ရဲရွာရေလှောင်တမံအတွင်းသို့ ငါးသားပေါက် ကောင်ရေကိုးသိန်း မျိုးစိုက်ထည့်

**ကျောက်ဆည် ဇွန် ၁၂**

ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်တွင် ငါးသယံဇာတ ဖွံ့ဖြိုးစေရေး၊ ငါးရိက္ခာဖူလုံစေရေးနှင့် ဒေသတွင်းငါးစားသုံးမှု တိုးတက်မြင့်မားလာစေရေး ရည်ရွယ်လျက် ရဲရွာရေအားလျှပ်စစ်စီမံကိန်း ရေလှောင်တမံအတွင်းသို့ ငါးသားပေါက် ကောင်ရေ ကိုးသိန်းကို မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ဇွန် ၁၁ ရက်က မျိုးစိုက်ထည့်ခဲ့သည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်း ရေလှောင်တမံအတွင်း ငါးမျိုးကောင်းမျိုးသန့် ပြန့်ပွားစေရေးအတွက် ငါးမြစ်ချင်း ကောင်ရေ ၆၅၀၀၀၀၊ ငါးခုံးမကြီးကောင်ရေ ၂၀၀၀၀၀ နှင့် ရွှေဝါငါးကြင်း ကောင်ရေ ၅၀၀၀၀ တို့ကို မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်ညီတိုးနှင့် ဝန်ထမ်းများ၊ ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဇော်နိုင်ဦး၊ အဖွဲ့ဝင်(၂) ဦးအောင်သူ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ခိုင်ခိုင်ဝင်းနှင့် ဝန်ထမ်းများ၊ စခန်းတာဝန်ခံများ စုပေါင်း၍ တမံအတွင်း မျိုးစိုက်ထည့်ပေးခဲ့ခြင်းဖြစ်ကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။ **တင်တင်ထွေး**




# မနုဖြူ၌ ငါးရစ်ငါးသန်ကာလ ငါးမဖမ်းဆီးရေး အသိပညာပေးနှိုးဆော်

**မနုဖြူ ဇွန် ၁၂**

မနုဖြူမြို့နယ်အတွင်း ဧရာဝတီမြစ်ရိုးတစ်လျှောက်၌ ငါးရစ်ငါးသန်ကာလ ငါးမဖမ်းဆီးရေး အသိပညာပေးနှိုးဆော်ခြင်းများကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ဇွန် ၁၂ ရက်တွင် လိုက်လံဆောင်ရွက်ခဲ့သည်။

ငါး/ပုစွန် သယံဇာတများ မပြုန်းတီးစေဘဲ အထွက်တိုးလာစေရန်နှင့် မျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့ တိုးပွားလာစေရန် ရည်ရွယ်လျက် မျိုးပွားရာသီချိန်၊ ငါးရစ်တက်ချိန် တားမြစ်ကာလဖြစ်သည့် မေ၊ ဇွန်၊ ဇူလိုင် သုံးလတွင် ငါးရစ်ငါးသန်များကို ဖမ်းဆီးခြင်း မပြုကြရန် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ကြူကြူသင်းနှင့် ဝန်ထမ်းများက ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ရေလုပ်သားခေါင်းဆောင်များနှင့် ပူးပေါင်း၍ လိုက်လံ အသိပညာပေးခဲ့ခြင်းဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**

# ရေနံချောင်းမြို့နယ်၌ မိုးရာသီကာလအတွင်း သစ်ပင်ပေါင်း ၂၆၀၀၀ ကျော် စိုက်ပျိုးသွားမည်

**ရေနံချောင်း ဇွန် ၁၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် နှစ်စဉ် ဇွန်လနှင့် ဇူလိုင်လများအတွင်း မိုးရာသီသစ်ပင်စိုက်ပွဲများ ကျင်းပပြီး သစ်ပင်များစိုက်ပျိုးလျက်ရှိရာ ယခုနှစ် မိုးရာသီကာလတွင်လည်း အညာဒေသ မိုးနည်းရပ်ဝန်းနှင့် ကိုက်ညီ၍ ရာသီဥတုဒဏ်ခံနိုင်သော ယူကလစ်၊ ကုက္ကို၊ တမာနှင့် မြစိမ်းကဲ့သို့ အရိပ်ရ နှစ်ရှည်ပင်များကို ပျိုးထောင်ထားရှိကာ မြို့နယ်အတွင်း ပျိုးပင်ပေါင်း ၂၆၀၀၀ အခမဲ့ ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။



ရေနံချောင်းမြို့နယ် သစ်တောပျိုးဥယျာဉ်၌ ပျိုးထောင်ထားသော ပျိုးပင်များ

အဆိုပါ ပျိုးပင်ပေါင်း ၂၆၀၀၀ ကျော်ကို မိုးရာသီ သစ်ပင်စိုက်ပွဲတော်များ ကျင်းပကာ စိုက်ပျိုးမြေဧက ၂၀ ကျော်တွင် အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ပြည်သူများနှင့်အတူ စိုက်ပျိုးသွားမည်ဖြစ်ပြီး ယင်းပျိုးပင်များတွင် ဒေသခံ ကျေးလက်နေပြည်သူများ အသုံးပြုရန် ထင်းစိုက်ခင်းအဖြစ် ပျိုးပင်ပေါင်း ၂၄၀၀၀ နှင့် အထူးစိမ်းလန်းစိုပြည်ရေးအတွက် ပျိုးပင်ပေါင်း ၂၀၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

သစ်ပင်များကို ဖြန့်ဝေစိုက်ပျိုးသည့်အခါ ရှင်သန်ကြီးထွားစေရန်နှင့် အပင် သေပျောက်မှုလျော့ကျစေရန်အတွက် ဖြန့်ဝေစိုက်ပျိုးရန် ပျိုးထောင်ထားသည့် ပျိုးပင်၏အမြင့် နှစ်ပေနှင့်အထက်ရှိမှသာ ဖြန့်ဝေပေးရန် စီစဉ်ဆောင်ရွက်ထားကြောင်းလည်း ရေနံချောင်းမြို့နယ် သစ်တောပျိုးဥယျာဉ်မှ တာဝန်ခံတောအုပ် ဦးလှမြင့်ထံမှ သိရသည်။ **ငြိမ်းငြိမ်းအိ**

# ပြည်သူများ စနစ်တကျ အမှိုက်စွန့်ပစ်ရေးအတွက် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ရန်ကုန် ဇွန် ၁၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှပြည်သူများ အမှိုက်ကို စနစ်တကျ စွန့်ပစ်ရေးအတွက် အသိပညာပေးသည့် လက်ကမ်းစာစောင်များကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၏ စီစဉ်မှုဖြင့် ခရိုင်/မြို့နယ်အတွင်းရှိ တာဝန်ခံများ ဦးဆောင်သော သန့်ရှင်းရေးဝန်ထမ်းများက ဇွန် ၁၁ ရက်က ပြည်သူများထံ လိုက်လံဖြန့်ဝေပေးခဲ့သည်။

အရှေ့ပိုင်းခရိုင်တွင် မြောက်ဥက္ကလာပမြို့နယ်ရှိ ရတနာသိင်္ဂီဈေး၌လည်းကောင်း၊ အနောက်ပိုင်းခရိုင်တွင် ကျောက်တံတားမြို့နယ်ရှိ (၃၈) လမ်း ပျံကျဈေး၌လည်းကောင်း၊ တောင်ပိုင်းခရိုင်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာဈေး၌လည်းကောင်း၊ မြောက်ပိုင်းခရိုင်တွင် အင်းစိန်မြို့နယ် အင်းစိန်ဈေး၌လည်းကောင်း ဈေးရောင်းဝယ်သူများ၊ လမ်းသွားလမ်းလာ ပြည်သူများအား ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။

မြောက်ဥက္ကလာပမြို့နယ် သန့်ရှင်းရေးတာဝန်ခံ ဦးကျော်မင်းထွန်းက "ဒီနေ့မှာတော့ ကျွန်တော်တို့ လမ်းသွားလမ်းလာသူတွေရယ်၊ ဈေးဝယ်သူတွေရယ်၊ လမ်းပေါ်မှာသွားနေတဲ့ မော်တော်ယာဉ်ပေါ်ကလူတွေရယ်ကို စွန့်ပစ်အမှိုက်နဲ့ပတ်သက်ပြီး အသိပညာပေး လက်ကမ်းစာစောင်တွေ ဖြန့်ဝေပေးခဲ့ပါတယ်"ဟု ပြောသည်။

အနောက်ပိုင်းခရိုင် မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှူး ဦးမောင်မောင်လွင်ကလည်း "ပြည်သူတွေ အမှိုက်ကို စနစ်တကျ စွန့်ပစ်လာအောင် သန့်ရှင်းရေးဝန်ထမ်းတွေက လက်ကမ်းစာစောင်တွေ လိုက်လံဖြန့်ဝေပေးခြင်းဖြစ်ပါတယ်။ ဒီလက်ကမ်းစာစောင်တွေ ပြည်သူတွေလက်ထဲ ရောက်သွားတဲ့အခါ ပြည်သူတွေက စနစ်တကျ အမှိုက်စွန့်ပစ်လာမယ်။ အဲဒီလိုစွန့်ပစ်လာရင် စည်းကမ်းမဲ့အမှိုက်တွေ လျော့နည်းသွားမယ်။ အမှိုက်တွေကို စနစ်တကျ မစွန့်ပစ်ရင် လမ်းမတွေမှာ ပြန့်ကျဲနေပြီး ဒီထက်ဆိုးလာရင် ချောင်းတွေမြောင်းတွေထဲမှာပါ အမှိုက်တွေများလာပြီး ရေကြီးရေလျှံမှုတွေ ဖြစ်လာမယ်။ ဒီလိုတွေမဖြစ်အောင် ပြည်သူတွေကလည်း စည်းကမ်းတကျ အမှိုက်စွန့်ပစ်ကြဖို့ ခုလိုဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ပြည်သူတွေက အမှိုက်တွေကို စနစ်တကျ စွန့်ပစ်လာမယ်ဆိုရင် မြို့တော်သန့်ရှင်းသာယာရေးကို ပိုမိုဆောင်ရွက်နိုင်မှာဖြစ်လို့ မြို့တော်ကြီးလည်း ပိုပြီး သန့်ရှင်းသာယာလာမှာပါ"ဟု ပြောကြားသည်။ **သတင်းနှင့် ဓာတ်ပုံ – အာကာလင်း**



*စာမျက်နှာ ၂၄ မှ*

၂၀၁၆ မှစ၍ ပဲခူးရိုးမတွင် သစ်ထုတ်လုပ်မှု ၁၀ နှစ် ရပ်ဆိုင်းခြင်းများ လုပ်ဆောင်ခဲ့သော်လည်း တရားမဝင် သစ်ထုတ်လုပ်မှုများ၊ တရားမဝင် သယံဇာတ တူးဖော်မှုများကြောင့် မြန်မာ့သစ်တောများ ပြုန်းတီးနေဆဲဖြစ်သည်။

ယနေ့အချိန်တွင် မြန်မာနိုင်ငံ၌ သစ်တောများ ထာဝစဉ် တည်တံ့ရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်တောသစ်ပင်များကို ထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန်သည် လူသားတိုင်း၏ ကြီးလေးသောတာဝန်ဟု ခံယူချက်ဖြင့် ကလေးလူကြီး၊ ကျားမ မရွေး နိုင်ငံသူ နိုင်ငံသားအားလုံး သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်းခြင်း လုပ်ငန်းများကို ပိုမိုတက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြဖို့ လိုအပ်ပေသည်။ ကလေးငယ်များ၊ လူငယ်များအား သစ်ပင်များအကြောင်း လေ့လာသင်ယူစေခြင်းဖြင့် သစ်ပင်သစ်တောများ၏ အကျိုးကျေးဇူးများကို ငယ်စဉ်ကတည်းကပင် သိရှိပြီး သစ်ပင်ချစ်စိတ်ဖြင့် ဘဝတစ်လျှောက်လုံး သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းလာနိုင်မည်ဖြစ်သည်။

သစ်တောများ ထာဝစဉ်တည်တံ့စေရေး စီမံအုပ်ချုပ်ရာတွင် အဆင့်မြင့်နည်းပညာများ၊ ခေတ်မီနည်းပညာများ လိုအပ်သလို ပြည်သူများနှင့် ဒေသခံတိုင်းရင်းသားများ၏ မိရိုးဖလာ ဗဟုသုတ၊ အသိပညာနှင့် အတွေ့အကြုံများကိုလည်း ပူးပေါင်းအသုံးချဖို့ လိုအပ်ပါသည်။

**သစ်ပင်ကို နှစ်စဉ်စိုက်**

မြန်မာနိုင်ငံတွင် မုတ်သုံလေစတင်ဝင်ရောက်သည့် ယခု ဇွန်လမှ စတင်ကာ မုတ်သုံလေ ထွက်ခွာခြင်းမပြုမီ ကာလအတွင်း နှစ်ရှည်သစ်ပင် စိုက်ပျိုးရန် အကောင်းဆုံးအချိန်ဖြစ်သည့်အတွက် လူတစ်ဦးလျှင် တစ်နှစ်ကို သစ်ပင်တစ်ပင်စိုက်ပျိုးသည့် အလေ့ကျင့်ကောင်းဖြင့် စတင်ရမည်ဖြစ်သည်။ မိမိပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြည်နေပါက မိမိစိတ်ကို အေးချမ်းစေသလို အများကိုလည်း လန်းဆန်းအေးချမ်းစေမည် ဖြစ်သည်။ သစ်ပင်စိုက်ပျိုးခြင်းသည် ငွေကြေးကုန်ကျမှု သက်သာသည့်အပြင် အကျိုးကျေးဇူးများစွာကို ရရှိစေသည်။ သစ်တောဦးစီးဌာနအနေဖြင့်လည်း ဒေသအလိုက်ဖြစ်ထွန်းသည့် ပျိုးပင်များကို စိုက်ပျိုးနိုင်ရန် အခမဲ့ပေးဝေလျက်ရှိပြီး သစ်ပင်တစ်ပင် ရှင်သန်ဖြစ်ထွန်းလာပြီဆိုလျှင် သက်ရှိလောကအားလုံးကိုလည်း အကျိုးဖြစ်ထွန်းစေမည်မှာ မလွဲကေန်ဖြစ်သည်။

ဤသို့ဆိုလျှင် မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးသည် သစ်တောသစ်ပင်ကို ချစ်ခင်မြတ်နိုးသည့်စိတ်ဖြင့် မြန်မာ့သစ်တော ထိန်းသိမ်းရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းတွင် အသိစိတ်ဓာတ်ရှိရှိဖြင့် ပါဝင်ဆောင်ရွက်ကြဖို့လိုပြီး သစ်တောပြုန်းတီးစေမည့် လုပ်ရပ်များကိုလည်း တစ်ဦးချင်းစီက ရှောင်ကြဉ်ကြရမည်ဖြစ်သည်။ သက်ဆိုင်ရာအစိုးရနှင့် တာဝန်ရှိ အဖွဲ့အစည်းအသီးသီးကလည်း စိုက်ပျိုးပြီး သစ်ပင်များ ရှင်သန်မှုအတွက် လေ့လာဆန်းစစ်ခြင်း၊ ကြီးထွားပြီးသည့် သစ်ပင်များကို ထိခိုက်မှုမှ ကာကွယ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေသည့် လုပ်ရပ်များကို ထိရောက်စွာအရေးယူခြင်းတို့ ပြုလုပ်ရန် လိုအပ်ပါသည်။ မြန်မာ့သစ်တောများ သက်ရှည် ရှင်သန်ဖို့အတွက် ပြည်သူ၊ အစိုးရ၊ အဖွဲ့အစည်းများ ဟန်ချက်ညီညီဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ ပူးပေါင်းပါဝင်လုပ်ဆောင်နိုင်ကြရေး တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

# တာလေမြို့၏ကျက်သရေဆောင် လန့်တောင်းဘုရားသမိုင်း(အကျဉ်း)

**အောင်ကျော်မိုး(တာလေ)**

**မြန်မာနိုင်ငံအရှေ့ဖျား နယ်စပ်ဒေသ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့ မိုင်းလင်း(အရှေ့)ကျေးရွာအုပ်စုအတွင်း လန့်တောင်းကျေးရွာရှိ သမိုင်းဝင်အထင်ကရအဖြစ် တည်ရှိသော လန့်တောင်းဘုရားသမိုင်း(အကျဉ်း)ကို ပြုစုတင်ပြအပ်ပါသည်။**



တာလေမြို့၏ကျက်သရေဆောင် လန့်တောင်းဘုရားပရိဝုဏ် အဆောက်အအုံ။

လွန်ခဲ့သော အေဒီ ၁၉ ရာစုဝန်းကျင်က မြန်မာနိုင်ငံ၏ အရှေ့ပိုင်းဒေသ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၏ မြောက်ဘက်ပိုင်း တရုတ်နိုင်ငံနယ်စပ် (မိုင်းကာ) ယခု မိုင်းပေါက်ဒေသမှ ရေကြည်ရာ မြက်နုရာရှာရင်း ပြောင်းရွှေ့ဆင်းသက်လာသော ရှမ်းတိုင်းရင်းသား ဗုဒ္ဓဘာသာဝင်လူတစ်စု ရှိခဲ့သည်။

ထိုအချိန်တွင် ပြောင်းရွှေ့လာခါစဖြစ်သော ထိုရှမ်းတိုင်းရင်းသားများသည် မိုးတင်းနေထိုင် လုပ်ကိုင်စားသောက်ရန် နေရာမရှိကြသေးသဖြင့် အခြေချနေထိုင်ရန် နေရာသစ်ရှာကြရာ၌ ပန်ပေါက်ရွာကို အရင်းပြုကာ ရွာသစ်တည်၍ မိုးတင်းနေထိုင်လာခဲ့ကြသည်။ ရွာသစ်တည်ပြီးနောက် ၉-၁၀ ရက် ရောက်လာသောအခါ ရှေးခေတ်အလိုက် လုပ်ကိုင်စားသောက်ရန်၊ အသက်မွေးဝမ်းကျောင်းပြုဖို့ရန် တောင်ယာ၊ လယ်ယာ၊ ခြံ စသည်တို့ကို လူတစ်စုက မြေနေရာအရှာထွက်ခဲ့ကြသည်။

ထိုသို့ မိုးတင်းလုပ်ကိုင် စားသောက်ရန်အတွက် တောအုပ်၊ သစ်အုပ်၊ တောင်ရိုး၊ တောနက် စသည်ဖြင့် တစ်တောင်ဝင်တစ်တောင်ထွက်ဖြင့် မြေနေရာကို အရှာထွက်လာခဲ့ကြစဉ် သစ်ပင်ကြီးများ ဝိုင်းရံခြံငုံလျက် တောင်တွေကြား၌ သစ်အုပ်ကြီးကြီးများပေါက်လျက် တောင်ကုန်းတစ်နေရာကို တွေ့ခဲ့ကြပြီး ထိုနေရာ၌ပင် ရွှေဝါရောင်သမ်းလျက် အပင်ခပ်ကြီးကြီး ပေါက်ပန်းပင် သုံးပင်ကို လှမ်းမြင်လိုက်ကြရ၏။ ထိုနေရာတွင် ပေါက်ပန်းပင်ကို ကျောမှီကာ ခပ်စောင်းစောင်း ထိုင်နေတော်မူဟန် ရှေးဟောင်းဘုရား ရုပ်ပွားတော်တစ်ဆူကိုလည်း တွေ့မြင်ခဲ့ကြရလေသည်။

ထိုအခါ မြေယာအရှာထွက်လာခဲ့ကြသော ရှမ်းတိုင်းရင်းသားတစ်စုမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့်အလျောက် ရုပ်ပွားတော်ကို ဖူးမြော်လိုက်ရပြီးသည့်နောက် စိတ်နှလုံးတွင် ကြည်နူးမဆုံး၍ နဂိုကိန်းအောင်းနေသော သဒ္ဓါတရားအဟုန်က တိုးပွားလာကာ လက်အုပ်ချီရှိခိုးကြပြီးနောက် ရုပ်ပွားတော် တည့်တည့်မတ်မတ်ဖြစ်ရန် ဝိုင်းဝန်း၍ မထူခဲ့ကြသည်။

သို့သော် အားလုံးက နည်းလမ်းမျိုးစုံသုံး၍ ရုပ်ပွားတော်အား တည့်မတ်လာအောင် အစွမ်းကုန်ကြိုးစား မထူကြသော်လည်း မည်သို့မျှ မထူနိုင်ကြသောကြောင့် နောက်ဆုံးတွင် ရွာသို့ပြန်ကာ သူတို့မြင်တွေ့ခဲ့ရသည့် အဖြစ်အပျက်အစုံကို ရွာသားများအား ပြန်လည်ပြောပြခဲ့ကြလေသည်။

ထို့နောက် ပန်ပေါက် ရွာသူရွာသားများ အိမ်ခြေ ၁၀ အိမ်ခန့်က ပေါက်ပန်းပင်ပွဲတော် ကျင်းပကြရန် တိုင်ပင်ကြကာ ထိုပေါက်ပန်းပင်အောက်တွင် ဗုဒ္ဓပူဇော်ပွဲတော် ကျင်းပကြရန် အားလုံး ပြိုင်တူသဘောတူ ဆုံးဖြတ်ခဲ့ကြသည်။

ထို့နောက် ပန်ပေါက်ရွာသူရွာသားများအားလုံးလည်း ပေါက်ပန်းပင် အနီးအနားတစ်ဝိုက် တောအုပ်ထဲမှ ပေါက်ပန်းပင်၏ ဘေးပတ်လည်ဝန်းကျင်သို့ ညအိပ်လာကြပြီး ဗုဒ္ဓပူဇနိယပွဲဖြစ်မြောက်အောင် ပွဲတော်ကျင်းပနိုင်ရန် ဝိုင်းဝန်းပြင်ဆင်ခဲ့ကြသည်။

ရှမ်းတိုင်းရင်းသားများ အစဉ်အလာအရ အချို့က ကောက်ညှင်းဆန်ကို မနက်စောစောပေါင်းပြီး ဆွမ်းတော်တင်နိုင်ရန်နှင့် ပွဲတော်အတွင်း ဧည့်ခံကျွေးမွေးနိုင်ရန် ဆန်ကို ရေစိမ်ကြသည်။ မနက်စောစောတွင် အချက်အပြုတ်အဖွဲ့သားများက အမှောင်ထဲတွင် နှင်းဖွဲဖွဲလွှမ်းခြုံလျက်ရှိသော ရေချောင်းဘက်သို့ ရေခပ်ဆင်းသွားကြသည်။ ထိုအခိုက်မှာ ချောင်းက ရေတက်နေပြီး ရေခပ်ဆင်းသူများမှာ ချောင်းတစ်ဖက်ကမ်းတွင် ကိုရင်လေးတစ်ပါးကို ရုတ်တရက် လှမ်းမြင်ကြရလေသည်။ ထိုကိုရင်လေးက ချောင်းရေတက်နေဆဲမှာပင် ချောင်းတစ်ဖက်ကမ်းသို့ ဖြတ်ကူးလာမည်လုပ်ရာ ရေကျသည်အထိ ခေတ္တစောင့်ဆိုင်းပါရန် ရေခပ်သူတို့က ဝိုင်းဝန်း၍ တားမြစ်ကြသည်။ ထိုကိုရင်လေးက ဘာမှမဖြစ်ဘူးဟု ပြန်လည်မိန့်တော်မူသဖြင့် ရေခပ်ဆင်းသူများမှာ ရေကိုသာ ဆက်လက်ခပ်ကြလေသည်။ ထို့နောက် ရေခပ်အပြီး ကိုရင်လေးအား ပြန်လည်သတိရချိန်တွင် ထိုကိုရင်လေးသည် ထိုနေရာမှာပင် ထူးဆန်းစွာ ပျောက်ကွယ်သွားသည်ကို သိရှိလိုက်ရသည်။

ရေခပ်ဆင်းကြသော ပန်ပေါက်ရွာသားများ ရေခပ်ပြီးနောက် ဘုရားပွဲကျင်းပမည့်နေရာသို့ ပြန်ရောက်လာသည့်အခါ ပေါက်ပန်းပင်ကိုမှီ၍ စောင်းလျက်ရှိနေသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မှာ မည်သူမျှ ထူမရခြင်းမရှိဘဲ မားမတ်စွာထောင်လျက် ထိုင်နေတော်မူသည်ကို အံ့သြစွာ တွေ့မြင်ကြရတော့သည်။

ထိုအချိန်မှစတင်ကာ တစ်ခေတ်ပြီး တစ်ခေတ် ဆက်ကာ ရုပ်ပွားတော်အား ပူဇော်ကိုးကွယ်ခဲ့ကြရာ စော်ဘွားစင်ဟာအစ်ကိုဖြစ်သော မိုင်းလင်းဘွားဖြစ်သူဘွားအိင်းနိတဝန်းတို့ခေတ် ရောက်လာသောအခါ ရပ်နီးရပ်ဝေးမှ အလှူရှင်များနှင့်အတူ အုတ်စိမ်းလှူဒါန်းကာ ကျောင်းဆောင် ဆောက်လုပ်လှူဒါန်းခဲ့ကြရာမှ စ၍ ယခု တာလေမြို့ မိုင်းလင်း(အရှေ့) ကျေးရွာအုပ်စုအတွင်း လန့်တောင်းကျေးရွာတွင် အများပြည်သူတို့ သိရှိထားသည့် သမိုင်းဝင် အထင်ကရဘုရားတစ်ဆူအဖြစ် ထင်ရှားသော မိုင်းလင်း "လန့်တောင်းဘုရား"ဟု ဖြစ်ပေါ်လာခဲ့လေသည်။

ဆက်လက်၍ဘုရားကျောင်းဆောင် တိုးချဲ့ဆောက်လုပ်ရန် ရပ်နီးရပ်ဝေးမှ အလှူရှင်များနှင့်အတူ လုံးဆန်အိဝ်းနှင့် ကျိုင်းတုံမှ ဆရာခမ်းတန်းတို့က ကျောင်းဆောင်အမိုး ဆောက်လုပ်လှူဒါန်းခဲ့ပြီး သာသနာနှစ် ၂၅၁၄ ခု၊ ကောဇာသက္ကရာဇ် ၁၃၃၃ ခုနှစ် နတ်တော်လပြည့်၊ ခရစ်နှစ် ၁၉၇၁ ခုနှစ်တွင် အလှူရှင် ယာရှဲန်(င်)က လက်ရှိ ကျောင်းဆောင် စတင်ဆောက်လုပ်ရန် အလှူငွေ ကျပ် ၃၀၀၀ စတင် မတည်ခဲ့သည်။ သာသနာနှစ် ၂၅၂၀၊ ကောဇာသက္ကရာဇ် ၁၃၃၈ ခုနှစ် နတ်တော်လပြည့်၊ ခရစ်နှစ် ၁၉၇၆ တွင် အောင်မြင်စွာ ရေစက်သွန်းချ လှူဒါန်းနိုင်ခဲ့ကြသည်။ ခရစ်နှစ် ၁၉၈၄ ပြာသိုလတွင် ရုပ်ပွားတော်၏ မုနိတော်ကို ခိုးယူခြင်းခံခဲ့ရသော်လည်း နောက်ပိုင်းတွင် အဆိုပါ မုနိတော်ကို ပြန်လည်ရရှိပြီးဖြစ်သည်။

တာလေမြို့၏သမိုင်းဝင် အထင်ကရဘုရားကြီးအဖြစ် ထင်ရှားလျက်ရှိသော "လန့်တောင်းဘုရား"နည်းတူ လူသိများသော နှစ် ၁၀၀ ကျော် သက်တမ်းရှိသည့် "အင်ကြင်းကျောက်"ကိုလည်း သမိုင်းအမွေအနှစ်အဖြစ် ပြသထားလျက်ရှိရာ တာလေမြို့ကို ဖြတ်သန်းသွားလာကြသော အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများအနေဖြင့် "လန့်တောင်းဘုရား"သို့ ဘုရားဖူးလာရောက်နိုင်ပါရန် တာလေမြို့မှ လိုက်လှဲပျူငှာစွာ ဖိတ်ခေါ်လိုက်ရပေသည်။ ။



နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိ အင်ကြင်းကျောက်။

**❊ တာလေမြို့၏သမိုင်းဝင် အထင်ကရ ဘုရားကြီးအဖြစ် ထင်ရှားလျက်ရှိသော "လန့်တောင်းဘုရား"နည်းတူ လူသိများသော နှစ် ၁၀၀ ကျော် သက်တမ်းရှိသည့် "အင်ကြင်းကျောက်"ကိုလည်း သမိုင်းအမွေအနှစ်အဖြစ် ပြသထားလျက်ရှိရာ တာလေမြို့ကို ဖြတ်သန်းသွားလာကြသော အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများအနေဖြင့် "လန့်တောင်းဘုရား"သို့ ဘုရားဖူးလာရောက်နိုင်ပါရန် တာလေမြို့မှ လိုက်လှဲပျူငှာစွာ ဖိတ်ခေါ်**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၁ ရက် နံနက် ၆ နာရီတွင် ဗန်းမော်မြို့ အောင်သာရပ်ကွက်နေ မနန်လု၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ ဂ ဒသမ ၁ဂ၃ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေး ၃၄၃၅ ပြားတို့ကိုလည်းကောင်း၊ ထိုနေ့ မွန်းလွဲပိုင်းတွင် ဘားအံမြို့နယ် အိန္ဒဲကျေးရွာအုပ်စု ဘုရားလုံကျေးရွာနေ မမူးညာကြည်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ စောလှကီးထူကို တွေ့ရှိရပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁ဂဂ ၊ စောလှကီးထူထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂ဂဂ ကို သိမ်းဆည်းရမိသည်။

ထို့အတူ ဇွန် ၁၁ ရက် နံနက်ပိုင်း ၁၁ နာရီတွင် မိတ္ထီလာမြို့နယ် မိတ္ထီလာ-တောင်ကြီး သွားကားလမ်း မိုင်တိုင်အမှတ် ဂ/၆ နှင့် ဂ/၇ ကြားရှိ စားသောက်ဆိုင်အနီးတွင် မသင်္ကာဖွယ် တွေ့ရှိသူ သန်းဌေးအောင် (ခ)ဌေးအောင်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၄ဂ ကိုလည်းကောင်း၊ ယင်းနေ့ နံနက် ၁၁ နာရီတွင် နောင်ချိုမြို့နယ် မူဆယ်-မန္တလေးသွားကားလမ်း မိုင်တိုင်အမှတ် ၇၈/၆ အနီးတွင် စိုင်းမြင့်ဦး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅ဂဂဂဂ ကိုလည်းကောင်း။



မနန်လုအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့် အတူ တွေ့ရစဉ်။

ထို့နောက် ဇွန် ၁ဂ ရက် ညပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အင်းစိန်မြို့နယ် ကမ်းနား(အနောက်)ရပ်ကွက် ဓနသိဒ္ဓိလမ်းရှိ လူနေထိုင်ခြင်းမရှိသည့် နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၆၄ဂ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## ရပ်ရွာအေးချမ်းသာယာရေးအတွက် နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်

**နေပြည်တော် ဇွန် ၁၂**

အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် ကြေညာထားသော NUG အမည်ခံ ပြည်ပြေးအစိုးရနှင့် CRPH အမည်ခံ ပြည်ပြေးလွှတ်တော်ကော်မတီတို့၏ ထောက်ပံ့မှုနှင့် ဆူပူအကြမ်းဖက်သူများက မြို့နယ်အချို့၌ အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ ပြည့်ဝစွာရရှိစေရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်


## AEK ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် (၁ဂ၁)လမ်းထောင့်၊ အမှတ် (၅၉/ဘီ)တွင် ရုံးခန်းဖွင့်လှစ်ထားသော Multi Advance Trading Company Limited (Registration Number–113907010) ကုမ္ပဏီဒါရိုက်တာအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အမှတ် (၁/၂-၂-၂ဂ၂၁)အရ ကုမ္ပဏီကိုယ်စားပြုခြင်းခံရသူ ဦးစိုင်းရှန် ၁၃/တကန(နိုင်)ဂ၆၆ဂ၄၇ (ဒါရိုက်တာ)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

AEK
Advance Electronic Kingdom



AEK (Advance Electronic Kingdom) ကုန်အမှတ်တံဆိပ်အမည်အမှတ်သားဖြင့် အိမ်သုံးလျှပ်စစ်ပစ္စည်းအမျိုးမျိုးတို့ကို Multi Advance Trading Company Limited မှ အထက်ဖော်ပြပါကုန်အမှတ်တံဆိပ် Logo ကို အသုံးပြု၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချလျက်ရှိပြီး ယင်းကုန်အမှတ်တံဆိပ်ကို လွန်ခဲ့သော (၁၂)နှစ်ကတည်းက ရန်ကုန်မြို့စာချုပ် စာတမ်းများမှတ်ပုံတင်ရုံးတွင် (၂၇-၄-၂ဂဂ၉)ဖြင့် မှတ်ပုံတင်သွင်းခဲ့ပြီး (၃၁-၁ဂ-၂ဂဂ၉)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၂)တွင် အများသိစေရန် ထည့်သွင်းကြေညာခဲ့ပြီးဖြစ်ပါသည်။

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး (၂)ရုံးရှိ တရားမကြီးမှုအမှတ် (၁၆၈/၂ဂဂ၉)အမှု၏ (၂၃-၄-၂ဂ၁ဂ)ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီတွင်လည်း ဦးစိုင်းရှန်သည် AEK ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်ဦးတည်းမူပိုင် ဖြစ်ကြောင်း အနိုင်ဒီကရီချမှတ်ပေးထားပြီးလည်းဖြစ်ပါသည်။ အဆိုပါအကြောင်းခြင်းရာကို (၅-၈-၂ဂ၁ဂ)ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင်လည်း အများသိစေရန် ထပ်မံကြေညာခဲ့ပါသည်။

ယခုအခါ အချို့သောလူပုဂ္ဂိုလ်များမှ ဈေးကွက်အတွင်းတွင် AEK အမည်အမှတ်အသားပါ ကုန်အမှတ်တံဆိပ်ကို ဆင်တူယိုးမှားပြုလုပ်၍လည်းကောင်း၊ ထပ်တူပြုလုပ်၍လည်းကောင်း၊ တုပ၍လည်းကောင်း၊ AEK စကားလုံး၏နောက်တွင် အခြားစာသား များဖြည့်စွက်၍လည်းကောင်း တုပထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပြီး Multi Advance Trading Company Limited မှ တစ်ဦးတည်းမူပိုင်ရရှိထားသော AEK အမှတ်တံဆိပ်ဖြင့် ကိုယ်တိုင်ပင် ထုတ်လုပ်ဖြန့်ဖြူးထားခြင်းမရှိသည့် အချို့သောလျှပ်စစ်ပစ္စည်းများ အပေါ်တွင်ပါ AEK အမှတ်အသားကို ရိုက်နှိပ်အသုံးပြု၍ ရန်ကုန်၊ မန္တလေးလျှပ်စစ်ဈေးကွက်များအတွင်း အယောင်ဆောင်လိမ်လည် တုပ၍ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်းကို မြင်တွေ့သိရှိရပြီး သက်သေအထောက်များလည်း ခိုင်လုံစွာရရှိထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးစိုင်းရှန် ၁၃/တကန(နိုင်)ဂ၆၆ဂ၄၇ သည် Multi Advance Trading Company Limited ကို ကိုယ်စား ပြု၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသောAEK အမှတ်တံဆိပ် လျှပ်စစ်ပစ္စည်းများတွင် အသုံးပြုနေသော (AEK) ကုန်အမှတ်တံဆိပ်အမည် အမှတ်အသား၏ တစ်ဦးတည်းမူပိုင်ဖြစ်ပါကြောင်းနှင့် Multi Advance Trading Company Limited မှ လွှဲ၍ အခြားမည်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကမှ AEK ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသအစိတ်အပိုင်းကို ဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ ဆင်တူယိုးမှား ပြုလုပ်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှား ပြုလုပ်၍သော်လည်းကောင်း၊ တုပ၍သော်လည်းကောင်း၊ ဖြည့်စွက်၍သော်လည်းကောင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေခြင်းများကို လုံးဝ ရပ်တန့်၍ထပ်မံမပြုလုပ်ကြ ပါရန်၊ ရန်ကုန်၊ မန္တလေးလျှပ်စစ်ပစ္စည်းဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေကြောင်း တွေ့ရှိနေရသည့် အတုအပများကို အမြန်ဆုံးပြန်လည်သိမ်းဆည်းကြပါရန်နှင့် ထပ်မံတွေ့ရှိရပါက ရရှိထားပြီးဖြစ်သော တုပအသုံးပြုကြောင်း အထောက်အထားများကို သက်ဆိုင် ရာသို့ ပေးပို့၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါ သည်။

**Multi Advance Trading Company Limited ၏ ကိုယ်စားပြုသူဒါရိုက်တာ**
**ဦးစိုင်းရှန် ၁၃/တကန(နိုင်)ဂ၆၆ဂ၄၇ ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသီတာမော်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၂၉/၁၂)**
**THAN THAN WIN & ASSOCIATES (LAW FIRM)**
**အမှတ် (၉၉/၁ဂ၁)၊ မလွကုန်းလမ်းနှင့်ကျောက်မြောင်းလမ်းထောင့်**
**ကျားကွက်သစ်(စံပြ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း- ဂ၉- ၅၁၄၃၁၂၄၊ ဂ၉- ၅ဂ၄၈၂၂၁**


## နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့


### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈ဂ)၊ လူနေရပ်ကွက်အမှတ် (၈ဂ)၊ အောင်သပြေလမ်း၊ မြေကွက်အမှတ် (၅၁၁)ဟုခေါ်တွင်သော ဒေါ်ကြည်ဝင်းဂရန်အမည်ပေါက် (၄ဂ'×၆ဂ') ပေအနက်မှ ခြေရင်းဘက်ခြမ်း (၂ဂ'×၆ဂ')ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဆက်စပ်စာချုပ်အရ ပိုင်ဆိုင်သူ ဦးဇော်ဝင်းမြင့် [၁၂/သကတ (နိုင်) ဂ၅၁၉ဂ၆] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဟန်ဝင်းအောင် [၁၂/ဒဂတ (နိုင်) ဂ၃၄ဂ၉၈] က ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စရပ်အား ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဒေါ်ဇင်မာထွန်း (LL.B, D.B.L) | ဦးထွန်းလင်းကျော် (LL.B, D.B.L) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| စဉ်-၁ဂဂ၇၃ | စဉ်-၁၃ဂ၁၅ |

အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။
ဖုန်း-ဂ၉ ၄၄၈ဂဂ၈၇၁၆



### မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာန
### လမ်းလုပ်ငန်း (Lot-13)ခု အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအတွက် ပြင်ဆင်ဖြည့်စွက်ခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ ၂ဂ၂ဂ-၂ဂ၂၁ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ချောလမ်းခင်းခြင်း၊ အခြေခံလွှာနှင့် နိုင်လွန်ကတ္တရာလမ်းပြုပြင်ခင်းခြင်းနှင့် Cement Stabilized အခြေခံလွှာနှင့် နိုင်လွန်ကတ္တရာလမ်းပြုပြင်ခင်းခြင်းလုပ်ငန်း(Lot-13) ကို တင်သွင်းရန် ၂၈-၅-၂ဂ၂၁ရက်၊ ၂၉-၅-၂ဂ၂၁ရက်၊ ၃ဂ-၅-၂ဂ၂၁ရက် တို့တွင် ကြေညာခဲ့ပါသည်။ တင်ဒါကော်မတီ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြင်ဆင်ဖြည့်စွက်ပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - | ၂၈-၅-၂ဂ၂၁ ရက် |
| (ခ) | တင်ဒါလျှောက်လွှာရောင်းချခြင်း ပိတ်သိမ်းမည့်ရက်နှင့်အချိန် | - | ၂၁-၆-၂ဂ၂၁ရက် မွန်းလွဲ ၁ နာရီ |
| (ဂ) | တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက်နှင့်အချိန် | - | ၂၈-၆-၂ဂ၂၁ရက် နံနက် ၉:၃ဂနာရီ မှ မွန်းလွဲ ၂ နာရီ |

၂။ တင်ဒါကော်မတီမှ လျှောက်လွှာဝယ်ယူထားသည့် ကုမ္ပဏီများအား ၂၁-၆-၂ဂ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် တင်ဒါကိစ္စများရှင်းလင်းခြင်း အစီအစဉ်အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တက်ရောက်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

လမ်းတံတားဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ



### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1D/4119, Toyota Ipsum, S/K ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင်စိုး ၁၄/ကပန(နိုင်)၁၁၆၆၈၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### မွေးသက္ကရာဇ်အမှန်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၂၁)၊ မိုးကြိုးစံပြနေ ဦးသန်းထွဋ် -ဒေါ်လေးလေးခွန်းတို့၏သမီး မလေးနန္ဒာထွဋ်(ခ) မယေ့ ဆင်း၏ မွေးသက္ကရာဇ် အမှန်မှာ ၁၃-၁ဂ-၁၉၉၃ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း ဒသမတန်း (A)မှ မပုလဲဝင်း၏ဖခင်အမည်မှန်မှာ ဦးသိန်းဦး ၅/ခဥန (နိုင်)ဂ၄၂ဂ၃၃ ဖြစ်ကြောင်း။

**ဦးသိန်းဦး**

### အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ အကွက်အမှတ်(မောသီရိတိုးချဲ့-၁)၊ ဦးပိုင်အမှတ်(၁၆၇၆)၊ မြေဧရိယာ ဝဒသမ ဂ၆၉ ဧက၊ မြေဂရန်လိုင်စင်အမှုတွဲ အမှတ် ၃၈၈-၅/၂ဂဂ၁-၂ဂဂ၂(အေ)မြေကွက်အား ရောင်းချခြင်း၊ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း စသည့် ကိစ္စအဝဝကို ဆောင်ရွက်နိုင်ရန် ကျွန်တော် ဦးစိုင်းကျော်စိန် (ဘ)ဦးကြာဟိန် ၁၃/လရန(နိုင်)ဂ၆၈၇၆ဒ မှ ဒေါ်မီမီဝင်း (ဘ) ဦးကျော်ဆွေ(ခ)ရှီကျင်လုံ ၁၃/လရန(နိုင်) ၁၃၆၁၅ဂ သို့ လွှဲအပ်ပေးထားခဲ့သည့် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၈၇ VI / ၂ဂဂ၁ နှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်လုပ်ကိုင်ရန် မလိုအပ်တော့သည့်အတွက်အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းပါကြောင်း ဒေါ်မီမီဝင်းနှင့် သက်ဆိုင်သူ အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုင်းကျော်စိန် ၁၃/လရန(နိုင်)ဂ၆၈၇၆ဒ**
**ရပ်ကွက်(၃)၊ နယ်မြေ(၄)၊ လားရှိုးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်ပျောက် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1I/3555, Toyota Landcruiser S/W(4X2) R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်တင်စိုး ၁၂/လမတ (နိုင်) ဂဂဂ၄ဂ၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃ဂ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ် တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်ပျောက် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1J/6729, Toyota Wish 2NE 10, S/W(4X2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ခိုင်လွင် ၁၂/လသယ(နိုင်) ဂ၆၂၇၅၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်မြို့**

### အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ အကွက်အမှတ်(မောသီရိတိုးချဲ့-၁)၊ ဦးပိုင်အမှတ်(၁၆၇၈)၊ မြေဧရိယာ ဝဒသမ ဂ၆၉ ဧက၊ မြေဂရန်လိုင်စင်အမှုတွဲအမှတ် ၁၄၂-၅/၂ဂဂ၁-၂ဂဂ၂(အေ)မြေကွက်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း စသည့်ကိစ္စအဝဝကို ဆောင်ရွက်နိုင်ရန် ကျွန်တော် ဦးစိုင်းကျော်စိန် (ဘ)ဦးကြာဟိန် ၁၃/လရန(နိုင်)ဂ၆၈၇၆ဒ မှ ဒေါ်ခင်ဖြိုးဝေ (ဘ) ဦးကျော်ဆွေ(ခ)ရှီကျင်လုံ ၁၃/လရန(နိုင်) ၁၃၅၉၉၅ သို့ လွှဲအပ်ပေးထားခဲ့သည့် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၄၉ VI / ၂ဂဂ၁ နှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်လုပ်ကိုင်ရန် မလိုအပ်တော့သည့် အတွက်အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်း ပါကြောင်း ဒေါ်ခင်ဖြိုးဝေနှင့် သက်ဆိုင်သူ အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုင်းကျော်စိန် ၁၃/လရန(နိုင်)ဂ၆၈၇၆ဒ**
**ရပ်ကွက်(၃)၊ နယ်မြေ(၄)၊ လားရှိုးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1G/7715, Toyota Hilux LN 172 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အားကျူ(ခ) ရှောက်ကျန် ၁၃/လရန(နိုင်)၁၂၂၄၈၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တွဲဖက်ပြည်နယ်ရုံး(လားရှိုးမြို့)**


### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း


ယာဉ်အမှတ် 3F/ 2791 , Toyota Probox NCP 50 , Station Wagon(4X2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ပြုံး ၁၂/ဒပန(နိုင်)ဝဂ၆၅၃၅ က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**


**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ရေပန်းအကြီး



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၁ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ဘဝနတ်နန်းစံမြန်းတော်မူခြင်း

**နိုင်ငံတော်သြဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊**
**အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဂဏဝါစကပဏ္ဍိတ၊ ဂဏမဟာဝိနာယက၊**
**သကျသီဟသာသနဟိတဂုဏဝိသိဋ္ဌ**

## ဒေါက်တာဘဒ္ဒန္တကဝိသာရ

**(သာသနဓဇသိရီပဝရဓမ္မာစရိယ၊ သိရီပဝရဂုဏ်ထူး)**

## သိက္ခာတော်(၇၅)ဝါ၊ သက်တော်(၉၅)နှစ်

ပျဉ်းမနားမြို့၊ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ဦးစီးမဟာနာယကနိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကဝိသာရသက်တော်ရှည်ဆရာတော်ကြီးသည် (၁၃၈၃ ခုနှစ် နယုန်လဆန်း-၁ရက်) ၁၀-၆-၂၀၂၂ (ကြာသပတေးနေ့) နံနက်စနာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၃ ခုနှစ် နယုန်လဆန်း-၅ရက်) ၁၄-၆-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ၁နာရီတွင် အန္တိမအဂ္ဂိစျာပနသာခုကိဋ္ဌနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ တပည့်ရဟန်းသံဃာတော်များ နေ့ဆွမ်းဘုန်းပေးအမီ ကြွရောက်တော်မူကြရန် ဖိတ်ကြားအပ်ပါသည်။

**စျာပနပွဲဖြစ်မြောက်ရေးကော်မတီ**
**မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရှုဝှါ(သုံးခွမြို့)

## အသက်(၈၈)နှစ်

ဒေါက်တာမင်းဦး(Deputy CEO, Sea Lion Co.,Ltd)၏မိခင်သည် ၁၁-၆-၂၀၂၂ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာသုဂတိဘုံဘဝ ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**Sea Lion မိသားစု**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ခင်ငွေး B.Sc(Zoology)

### ရုံးအုပ်(ငြိမ်း)၊ ခရီးသွားလာရေးဆိုင်ရာ သင်တန်းကျောင်း
### ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ နှင်းဆီကုန်းလမ်း၊ အမှတ် ၆၁နေ (ဦးတင်အောင်-ဒေါ်ကျော့ကျော့ယဉ်)တို့၏သမီး၊ (ဦးချစ် ဖေ-ဒေါ်သန်းမြင့်)တို့၏သမီးချွေးမ၊ (ဦးတင်ထွန်း 3/E, W.G.M.S Shipping Co.,Ltd.)၏ချစ်လှစွာသောဇနီး၊ (ဒေါ်ခင်သန်းမာ)-ဦးဝင်းတင်၊(ဦးမျိုးသန့်-ဒေါ်ဖြူဖြူသိန်း)တို့၏ ညီမ၊ မပိုးမဥ္ဇူထွန်း(Pan Pacific Hotel Finance Dept;)၊ မဖြိုးသီရိထွန်း(NCX Myanmar Co.,Ltd) တို့၏ ချစ်လှစွာသောမိခင်သည် ၁၁-၆-၂၀၂၂ရက် (သောကြာနေ့) မွန်းလွဲ ၂:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၂၂ရက် (တနင်္ဂနွေနေ့) မွန်းတည့်၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

( အလုံမြို့နယ်၊ နှင်းဆီကုန်းလမ်း၊ အမှတ် ၆၁ နေအိမ်မှကားများ နံနက် ၁၀ နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၁၇-၆-၂၀၂၂ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### အများသိစေရန် ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၁)၊ အကွက်အမှတ် (နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင် (၂၃၅၆/၁၁)၊ ဧရိယာ ၀ဒသမ ၀၆၇ဧက၊ မြေငှားဂရန် အမှုတွဲအမှတ် ၀၂၇-၅/၂၀၁၃-၂၀၁၄(အေ) ဒုအရာခံဗိုလ်ကျော်တင့် အမည်ပေါက်ပိုင်ဆိုင်သောမြေကွက်ကို ဒေါ်စန်းစန်းဝင်းသို့ အထူးကိုယ်စားလှယ်လွှဲအပ်ကာစာချုပ်အမှတ် (၂၇၇I/၂၀၁၇) ဖြင့် ဒေါ်ဖြူနှင်းခိုင် ၁၃/မဆတ(နိုင်) ၀၅၆၈၈၀ မှ ဝယ်ယူပိုင်ဆိုင်ပြီး အမည်ပြောင်းလျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ရက်ပေါင်း (၂၀)အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။ **ခရိုင်ထွေ/အုပ်၊ လားရှိုးမြို့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

## ဦးမျိုးသူ

### အသက်(၆၀)

ရန်ကုန်မြို့၊ မော်ဘီမြို့နယ်နေ ဦးတင့်ဝေအေး (ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း)-ဒေါ်ခင်စန်းမြင့်တို့၏ ချစ်လှစွာသောသား၊ ဒေါ်ခင်စန်းဝေ၏ ခင်ပွန်း၊ ဒေါက်တာသက်နောင်-မရွှေရည်မျိုးသူ၊ မလဲ့ရည်မွန်ဝေတို့၏ ဖခင် ဦးမျိုးသူ(မန်နေဂျင်းဒါရိုက်တာ၊ မျိုးမြတ်သူကုမ္ပဏီလီမိတက်)သည် ၈-၆-၂၀၂၂ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မျိုးမြတ်သူ ကုမ္ပဏီလီမိတက် ဝန်ထမ်းများ**

---

### ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက် (၈)၊ နယ်မြေ (၁၅)၊ အကွက်အမှတ် (၁၁-က/လွယ်ကန်မိန်းရပ်)၊ ဦးပိုင် (၁၇/ခ)၊ ဧရိယာ ၀ဒသမ ၀၈၂ဧကရှိ အမှုတွဲအမှတ် ၂၇၈-၅/၂၀၀၇-၂၀၀၈(အေ)ဖြင့် ဒေါ်ရွှေညွှန့် ၉/မရတ(နိုင်)၀၇၀၅၀၅မှ အမည်ပေါက်ပိုင်ထားပြီး အိမ်ခြံမြေ အရောင်းအဝယ်စာချုပ်အမှတ် (၂၃၇I/၂၀၂၀)အရ ဦးစိုင်းစံအေး ၁၃/လရန(နိုင်)၀၉၀၅၃၅အား အပြီးအပိုင်ရောင်းချပြီးဖြစ်၍ ဦးစိုင်းစံအေး အမည်ဖြင့် အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ရက် ပေါင်း (၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

---

### အမည်မှန်

ဦးမောင်ကျော်ညွှန့် ၁၁/ ပဏတ(နိုင်)၀၅၀၅၅၈ ၏သား အထက (ပေါက်တာ) သတ္တမတန်းမှ မောင်ဗိုလ်အောင်သိန်း၏အမည်မှန်မှာ မောင်ဇော်နိုင်ထွန်း ဖြစ်ပါကြောင်း။

**မောင်ဇော်နိုင်ထွန်း**

---

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/7914 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

### ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက် (၁၂)၊နယ်မြေ (၁၆)၊ အကွက်အမှတ် (မန်ဆူတိုးချဲ့ အဆင့်-၆)၊ ဦးပိုင်အမှတ် (၈၉၅)၊ ဧရိယာ ၀ဒသမ ၀၉၆ဧကရှိ အမှုတွဲအမှတ် ၆၅-V/ ၁၉၉၈-၁၉၉၉(စီ)ဖြင့် ဒေါ်နန်းခင်လှ အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၁၄၉VI/၂၀၂၀ ဖြင့်ဦးအိုက်လင်းသို့ အထူးကိုယ်စားလှယ်လွှဲအပ်ထားပြီး (၂၂-၄-၂၀၂၁)ရက်တွင် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၅၈I/၂၀၂၁ ဖြင့် ဦးစိုင်းအောင်ဘ ၁၃/လရန(နိုင်)၁၉၆၇၃၃ မှ ဝယ်ယူထားရှိပြီး မြေငှားဂရန်အမည်ပြောင်း/ထပ်မံအသစ်လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုပါက ရက်ပေါင်း (၂၀)အတွင်း ခရိုင်ထွေ/အုပ်ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

---

## ဦးအောင်ခင်

### လ/ထ ညွှန်မှူး(ငြိမ်း)၊ ပြည်တွင်းအခွန်

### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ တိုက် ၂၈၃၊ အခန်း ၁၃နေ (ဦးမောင်မောင်ညို-ဒေါ်နှင်းအေး)တို့၏သား၊ (ဒေါ်တင်ကြည်)၏ခင်ပွန်း၊ (ဦးနေထွန်းညို-ဒေါ်သန်းနွဲ့)၊ (ဦးအောင်သန်း-ဒေါ်ခင်ဝင်း)၊ (ဦးတင်မြင့်)-ဒေါ်ညိုလေး၊ ဦးဝင်းထိန်-ဒေါ်တင်တင်ချစ်တို့၏အစ်ကို၊ ဦးခင်ထွန်း-ဒေါ်မိမိခင်၊ (ဦးမောင်မောင်ခင်)-ဒေါ်ခင်မာလာ၊ (ဦးကျော်သန်းဝင်း)-ဒေါ်ဝေဝေခင်၊ ဦးကျော်ကျော်ခင်-ဒေါ်နီနီအောင်၊ ဒေါ်ဖြူဖြူခင်၊ (ဦးဇော်ဇော်ခင်)တို့၏ချစ်လှစွာသောဖခင်၊ ဦးမြတ်သူရိန်ထွန်း-ဒေါ်စုစုမာဝင်း၊ ဦးထိန်လင်း အောင်-ဒေါ်ခင်ရတနာထွန်း၊ ဦးပြည်စိုးထွန်း-ဒေါ်ရှုပါလဲ့ဝင်း၊ ဦးကျော်စွာလင်း-ဒေါ်ယဉ်မွန်ဦး၊ ဦးဟိန်းထက်စိုး၊ ဦးပိုင်သက်ကျော်တို့၏အဘိုး၊ မြစ်သုံးယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၂-၆-၂၀၂၂ ရက်(စနေနေ့)နံနက် ၅:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၂၂ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁:၄၅နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၁၈-၆-၂၀၂၂ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသက်လွင် (Philip)

### အင်ဂျင်နီယာမှူးကြီး(ငြိမ်း)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

### အသက် (၈၄)နှစ်

ရန်ကုန်မြို့၊ ပြည်လမ်း၊ ခြံအမှတ် (၄၇၃)နေ (ဦးစံလှ၊ ဒေါ်မြမြ)တို့၏သားကြီး၊ (မြို့တော်အင်ဂျင်နီယာချုပ် သီရိပျံချီ ဦးအုန်းညွှန့်-ဒေါ်မိမိကလေး)တို့၏သားသမက်၊ ဒေါ်မိမိညွှန့်(ခ)Mabel ၏ခင်ပွန်း၊ ဒေါ်သဇင်လွင်-ဦးသီဟန် (Chief Engineer)၊ ဒေါ်စုစုစံ-ဦးစောလွင်ငယ်တို့၏ဖခင်၊ မဝင့်ရွှေရည်ခြူး၊ မစောဝင့်နန္ဒာ၊ မောင်အောင်မျိုးဟန်တို့၏ချစ်လှစွာသောအဘိုး၊ ဒေါ်ဝင်းနု-ဦးစန်းမောင်(အမှတ်-၂၊ သတ္တုတွင်း ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ဒေါ်ညိုညိုလွင်-ဒေါက်တာ ဦးတင်အောင် (Physics Professor)တို့၏ အစ်ကိုကြီးသည် ၁၂-၆-၂၀၂၂ရက် နံနက် ၄:၄၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမိတ်ဆွေအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဗိုလ်မှူးမျိုးသူ(ငြိမ်း)

## အသက်(၆၀)

ရန်ကုန်မြို့၊ မော်ဘီမြို့နယ်၊ သန္တေပင်ကျေးရွာ၊ ပြည်လမ်း၊ အမှတ်(၁၄၄)နေ ဦးတင့်ဝေအေး(ဦးဆောင်ညွှန်ကြားရေးမှူး -ငြိမ်း)-ဒေါ်ခင်စန်းမြင့်တို့၏ သား၊ ရောဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ်နေ (ဦးထွန်းရင်-ဒေါ်မယ်ရီ)တို့၏သားသမက်၊ ဒေါ်ခင်စန်းဝေ၏ ခင်ပွန်း၊ ဒေါက်တာသက်နောင်-မရွှေရည်မျိုးသူ၊ မလဲ့ရည်မွန်ဝေတို့၏ ဖခင်၊ ဒေါက်တာတင်အောင်သိန်း-ဒေါ်ဟေမာတင့်ဝေ၊ ဦးဇော်ထွဋ်မင်း-(ဒေါ်ဝေမာတင့်ဝေ)၊ ဦးမိုးသူ-ဒေါ်သီတာဆွေ၊ ဦးမြတ်သူ-ဒေါ်သီတာခင်၊ ဒေါ်ခေမာတင့်ဝေတို့၏မောင်၊ အစ်ကို၊ ညီသည် ၈-၆-၂၀၂၂ရက် နံနက် ၇:၄၅နာရီတွင် ဂရန်းဟံသာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေး သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၄-၆-၂၀၂၂ရက် နံနက် ၈နာရီတွင် လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ ကံ့ကော်(၂)လမ်း၊ အမှတ် ၁၈(က) နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1E/4264 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်မြို့**

---

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8B/7605 ၏ ဖောင်း ကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်း ကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ရှုဝှါ(သုံးခွမြို့)

### အသက် (၈၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်နေ ပါမောက္ခဒေါက်တာခင်ခင်ဝင်း [ပါမောက္ခ/ဌာနမှူး၊ ဆီးနှင့် ကျောက်ကပ်ဆေးပညာဌာန၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်] ၏ချစ်လှစွာသောမိခင်ကြီး ဒေါ်ရှုဝှါသည် ၁၁-၆-၂၀၂၂ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဆီးနှင့် ကျောက်ကပ်**
**ဆေးပညာရှင်အဖွဲ့**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ရှုဝှါ(သုံးခွမြို့)

### အသက် (၈၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်နေ ပါမောက္ခဒေါက်တာခင်ခင်ဝင်း [ပါမောက္ခ/ဌာနမှူး၊ ဆီးနှင့် ကျောက်ကပ်ဆေးပညာဌာန၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်] ၏ချစ်လှစွာသောမိခင်ကြီး ဒေါ်ရှုဝှါသည် ၁၁-၆-၂၀၂၂ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆီးနှင့် ကျောက်ကပ်ဆေးပညာဌာန**
**ဆေးတက္ကသိုလ် (၁) ရန်ကုန်**

---

## ဒေါ်နီ

### အသက် (၈၁)နှစ်

(ဦးသောင်းငွေ-ဒေါ်မသစ်)တို့၏သမီး၊ (ဦးစံရွှေ-ဒေါ်မြစန်း)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ (၁၃)ရပ်ကွက်၊ သန်လျင်တံတားအိမ်ရာဝင်း၊ အမှတ် (၁၇၉)နေ ဦးသက်ဝင်း(မြန်မာ့မီးရထား-ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဒေါ်အေးအေးသက်၊ ဒေါ်ဥမ္မာသက် (ရွှေကမ္ဘာကုမ္ပဏီလီမိတက်)၊ ဦးထွန်းထွန်းဝင်း [Resident Techanical Officer (RTO). ECAS Somsultant Pte Ltd.]-ဒေါ်မော်မော်ထွေး၊ ဦးစံမင်းတို့၏ချစ်လှစွာသောမိခင်၊ မောင်မော်ကွန်းခန့်၏ ချစ်လှစွာသောဘွားဘွားသည် ၁၂-၆-၂၀၂၂ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၂၂ရက် မွန်းလွဲ ၂နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁၂:၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၈-၆-၂၀၂၂ရက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါက်တာ ဒေါ်မြင့်မြင့်ရွှေ

### (တွဲ/ပါမောက္ခ၊ ငြိမ်း၊ သတ္တဗေဒဌာန)
### စစ်ကိုင်းရွာသစ်ကြီး ပြည်ထောင်စုတိုင်းရင်းသား
### လူမျိုးစုများဖွံ့ဖြိုးရေးတက္ကသိုလ်
### ရန်ကုန်ပညာရေးတက္ကသိုလ်၊ လှိုင်ကော်တက္ကသိုလ်နှင့်
### မန္တလေးတက္ကသိုလ်

### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ကျောင်းကုန်း ၁လမ်း၊ တိုက် ၂၉ (မြေညီထပ်)နေ (ဦးဖေမြင့်-ဒေါ်ကြီးစိန်)တို့၏သမီး၊ (ဦးရဲထွဋ်-ဒေါ်မမ)၊ (ဦးညွှန့်ခေါင်)-ဒေါ်တင်တင်နီ၊ (ဦးမြင့်ဇော်)၊ (ဦးမြင့်မော်)၊ (ဦးမြင့်ပိုင်)၊ (ဦးမြင့်ခိုင်)၊ (ဦးဝင်းပိုင်)-ဒေါ်မြင့်မြင့်ဆွေတို့၏ညီမ၊ ဒေါ်မြင့်မြင့်ကြွေ၏အစ်မ၊ တူ/တူမ ငါးယောက်တို့၏ အဒေါ်၊ မြေး ၁၀ယောက်တို့၏ အဘွားသည် ၁၁-၆-၂၀၂၂ရက် (သောကြာနေ့) ည ၉:၀၇နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၂၂ရက် မွန်းလွဲ ၁နာရီတွင် သုခကမ္ဘာ ဆေးရုံမှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁၇-၆-၂၀၂၂ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရှုဝှါ(သုံးခွမြို့)

## အသက် (၈၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ်(၃၉)၊ မင်းရဲကျော်စွာလမ်းနေ(ဦးကျင်ခဲ-ဒေါ်ဟို့)တို့၏သမီး၊ (ဦးမောင်လှ)၏ဇနီး၊ ဒေါ်လှလှအေး-ဦးစိုးမြင့်၊ ဒေါ်မြမြအေး-ဦးစိန်ဝင်း၊ ဒေါ်လှလှဝင်း-ဦးခင်မောင်ဝင်း၊ ဦးတင်ထူး-ဒေါ်အေးအေးမြင့်၊ ဒေါက်တာခင်ခင်ဝင်း၊ ဒေါက်တာ မင်းဦး၊ ဦးလှမိုးနိုင်-ဒေါ်တင်တင်ဝင်းတို့၏ချစ်လှစွာသောမိခင်ကြီး၊ မြေးရှစ်ယောက်၊ မြစ် သုံးယောက်တို့၏ချစ်လှစွာသော ဘွားဘွားကြီးသည် ၁၁-၆-၂၀၂၂ရက် (သောကြာနေ့) မွန်းလွဲ ၁:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ ၆/၂၀၂၁ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်

**နေပြည်တော် ဇွန် ၁၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၆/၂၀၂၁ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေး ဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

သတင်းစာရှင်းလင်းပွဲ မစတင်မီ တက်ရောက်လာကြသူများအား COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးအတွက်

စာမျက်နှာ ၈ ကော်လံ ၁ ◆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၆/၂၀၂၁ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။

## ယူရို ၂၀၂၀ ပြိုင်ပွဲ အုပ်စုပွဲစဉ်(၁) အဖြစ် အင်္ဂလန်နှင့် ခရိုအေးရှားအသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားမည်

ယူရို ၂၀၂၀ ပြိုင်ပွဲ အုပ်စုပွဲစဉ် (၁) အဖြစ် နာမည်ကြီး အင်္ဂလန်အသင်းနှင့် ခရိုအေးရှားအသင်းတို့ပွဲစဉ်ကို ဇွန် ၁၃ ရက် (တနင်္ဂနွေနေ့) ယနေ့ည ၇ နာရီခွဲတွင် ဝင်ဘလေအားကစားကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အင်္ဂလန်နှင့် ခရိုအေးရှားအသင်းတို့သည် ယူရို ၂၀၂၀ ပြိုင်ပွဲအုပ်စု (D)တွင် ချက်၊ စကော့တလန်အသင်းတို့နှင့်အတူ ကျရောက်နေသည်။

အင်္ဂလန်အသင်းက ယူရိုပြိုင်ပွဲအတွက် ရွေးချယ်ထားသောကစားသမားစာရင်းတွင် ပစ်ဖို့ဒ်၊ ဝေါ်ကာ၊ မက်ဂွိုင်းယား၊ ဂျွန်စတုန်း၊ လုပ်ခ်ရှော၊ ချီဝဲလ်၊ ဟန်ဒါဆန်၊ မောင့်၊ ဟယ်ရီကိန်း၊ ဂရီရယ်လစ်ချ်၊ ရက်ဖို့ဒ်၊ ဖိုဒင်၊ ဆန်ချိုတို့ကို ရွေးချယ်ထားသောကြောင့် ပြိုင်ပွဲမစတင်မီတွင် ယူရိုဖလားဆွတ်ခူးရန်

စာမျက်နှာ ၉ ကော်လံ ၁ ❍




ချစ်ကြည်ရေး ခြေစမ်းပွဲတွင် အင်္ဂလန်အသင်းမှ တိုက်စစ်မှူး ရက်ဖို့ဒ် ရိုမေးနီးယားဘက်သို့ ပယ်နယ်တီမှတစ်ဆင့် ဂိုးသွင်းယူနေစဉ်။

## ယနေ့ သတင်းအညွှန်း

**ရန်ကုန်မြို့တွင် ပိတ်သားစနှင့် ကုန်ကြမ်းပစ္စည်းထုတ်စက်ရုံတည်ဆောက်ရန် ကုမ္ပဏီကြီးတစ်ခုက ကမ်းလှမ်းထား**
စာမျက်နှာ - ၇

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ CDM ပြုလုပ်ပြီး အကြမ်းဖက်အဖွဲ့အစည်းဖြစ်သည့် NUG အား ဆက်သွယ်ကူညီနေသော ဒေါက်တာ ထားထားလင်းအား ဖမ်းဆီးအရေးယူဆောင်ရွက်နေသည့် သတင်းထုတ်ပြန်ချက်**
စာမျက်နှာ - ၁၁

**မြို့နယ်အချို့၌ လက်လုပ်သေနတ်များ လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံ**
စာမျက်နှာ - ၁၆

**Tourism ဖွံ့ဖြိုးမှုအတွက် အရေးပါသော DMO**
စာမျက်နှာ - ၂၀

## ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုနောက်ဆုံးပွဲများ ဇွန် ၁၃၊ ၁၅ ရက် ကျင်းပမည်

**ရန်ကုန် ဇွန် ၁၂**

၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုလက်ကျန်ပွဲများကို ဇွန် ၁၃၊ ၁၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အုပ်စုပထမနေရာအပါအဝင် အဆင့်ရပ်တည်မှုအတွက် အဆုံးအဖြတ်ပွဲများ ပါဝင်နေသည်။ လက်ကျန်ပွဲများအဖြစ် ဇွန် ၁၃ ရက်တွင် အုပ်စု (H) ပွဲစဉ်ဖြစ်သည့် တောင်ကိုရီးယားနှင့် လက်ဘနွန်ပွဲ ကျင်းပမည်ဖြစ်ပြီး ဇွန် ၁၅ ရက်တွင်မူ အုပ်စု (A) တွင် ဖိလစ်ပိုင်နှင့် မော်လ်ဒိုက်၊ တရုတ်နှင့် ဆီးရီးယား၊ အုပ်စု (B) တွင် သြစတြေးလျနှင့် ဂျော်ဒန်၊ တရုတ်(တိုင်ပေ)နှင့် ကူဝိတ်၊ အုပ်စု (C) တွင် အီရန်နှင့် အီရတ်၊ ဘာရိန်းနှင့်ဟောင်ကောင်၊ အုပ်စု (D) တွင် ဆော်ဒီအာရေဗျနှင့် ဥဇဘက်ကစ္စတန်၊ ပါလက်စတိုင်းနှင့် ယီမင်၊ အုပ်စု (E) တွင် အိန္ဒိယနှင့် အာဖဂန်နစ္စတန်၊ ဘင်္ဂလားဒေ့ရှ်နှင့် အိုမန်၊ အုပ်စု (F) တွင် ဂျပန်နှင့် ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်နှင့် မြန်မာ၊ အုပ်စု (G) တွင် ယူအေအီးနှင့် ဗီယက်နမ်၊ ထိုင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၅ ✪